# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာ စောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၆၁)


# ထာဝရငြိမ်းချမ်းရေးစေတီတော် သတ္တဋ္ဌာန မူလဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနား

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ကြည်ညို




**နေပြည်တော် ဇွန် ၁၉**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် သတ္တဋ္ဌာန မူလဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို၍ သတ္တဋ္ဌာန မူလဋ္ဌာပနာ ဗုဒ္ဓရုပ်ပွားတော်များအား မူလဋ္ဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်ကြသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူ့ရှင်များ တက်ရောက်ကြည်ညိုကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆


## ကိုးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

သတင်းစဉ်





KBZ BANK

STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

# တိုင်းပြည်စီးပွားရေး၏ တိုးပွားလာသော အပေါင်းလက္ခဏာများ

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိ/မရှိကို စိစစ်သုံးသပ်ရာ၌ ပြည်ပကုန်သွယ်မှုတိုးတက်မှု ရှိ/မရှိ သည်လည်း စိစစ်သုံးသပ်ရမည့် အချက်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်၏ ၂၀၁၇ ခုနှစ် ဧပြီလမှ မေလအထိ ပြည်ပပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၉၇၀ ဒသမ ၃၅၃ သန်း ရှိပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလမှ မေလအထိ ကာလအတွက် နိုင်ငံတော်၏ ပြည်ပပို့ကုန်တန်ဖိုးကို ကြည့်ပါက အမေရိကန်ဒေါ်လာ ၂၃၇၇ ဒသမ ၈၂၆ သန်းရှိပါသည်။ သို့ဖြစ်ပါ၍ ပြည်ပပို့ကုန်တန်ဖိုးကို ဧပြီလမှ မေလအထိ ကာလအတွက် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့ကို နှိုင်းယှဉ်ကြည့်ပါက အမေရိကန်ဒေါ်လာ ၄၀၇ ဒသမ ၄၇၃ သန်း တိုးတက်လာပါသည်။

နိုင်ငံတော်၏ ပြည်ပသွင်းကုန်တန်ဖိုးကို စိစစ်ကြည့်ပါကလည်း ၂၀၁၇ ခုနှစ် ဧပြီလမှ မေလအထိကာလအတွက် ပြည်ပသွင်းကုန်တန်ဖိုးစုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၂၉၇၅ ဒသမ ၈၃၃ သန်းရှိပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလမှ မေလအထိကာလအတွက် နိုင်ငံတော်၏သွင်းကုန်တန်ဖိုးကို ကြည့်ပါက အမေရိကန်ဒေါ်လာ ၃၃၈၂ ဒသမ ၇၁၈ သန်း ရှိပါသည်။ သို့ဖြစ်ပါ၍ ပြည်ပသွင်းကုန်တန်ဖိုးကို ဧပြီလမှ မေလအထိကာလအတွက် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့ကို နှိုင်းယှဉ်ကြည့်ပါက အမေရိကန်ဒေါ်လာ ၄၀၆ ဒသမ ၈၇၅ သန်း တိုးတက်လာပါသည်။ နိုင်ငံတော်၏ ပြည်ပပို့ကုန်တန်ဖိုးနှင့် ပြည်ပသွင်းကုန်တန်ဖိုးနှစ်ရပ်စလုံး တိုးတက်လာခြင်းသည် တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အပေါင်းလက္ခဏာ တစ်ရပ်ဖြစ်ပါသည်။

မည်သို့သောကဏ္ဍတို့အတွက် ပြည်ပပို့ကုန်တန်ဖိုး တိုးတက်လာရသည်ကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက စက်မှုကုန်ချောပစ္စည်းတို့ တိုးချဲ့တင်ပို့နိုင်ခြင်းသည် အဓိကအချက်တစ်ရပ် ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ စက်မှုကုန်ချောပစ္စည်း တင်ပို့ခြင်းကဏ္ဍတစ်ခုတည်းကပင် အမေရိကန်ဒေါ်လာ ၃၇၄ ဒသမ ၂၀၁ သန်း တိုးတက်တင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်ပပို့ကုန်တန်ဖိုး တိုးတက်လာမှု၏ ၉၁ ဒသမ ၈၃ ရာခိုင်နှုန်းသည် စက်မှုကုန်ချောပစ္စည်းများတင်ပို့မှုမှ ရရှိခဲ့ခြင်းဖြစ်ပါသည်။ သို့သော် လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့နိုင်မှု၌ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၀၈၉ သန်း ပိုလျော့ကျသွားသည်ကို တွေ့ရှိရပါသည်။ တိုးတက်လာသော ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၇ ဒသမ ၄၇၃ သန်းအပေါ် အခြေခံလျက် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု လျော့ကျလာခြင်းကို ရာခိုင်နှုန်းအားဖြင့်တွက်ချက်ကြည့်ပါက -၁၈ ဒသမ ၆၇ ရာခိုင်နှုန်းခန့် ရှိပါသည်။ သို့သော် ကဏ္ဍအများစု၌ တိုးချဲ့တင်ပို့နိုင်သကဲ့သို့ ကဏ္ဍအားလုံး ပေါင်းခြုံစဉ်းစားပါကလည်း အမေရိကန်ဒေါ်လာ ၄၀၇ ဒသမ ၄၇၃ သန်း တိုးတက်လာခြင်းသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အပေါင်းလက္ခဏာတစ်ရပ် ဖြစ်ပါသည်။

တိုးတက်လာသော ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၆ ဒသမ ၈၇၅ သန်း၌ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၂၁၉ ဒသမ ၉၆၈ သန်းရှိ၍ တိုးတက်လာသော ပြည်ပသွင်းကုန်တန်ဖိုးစုစုပေါင်း၏ ၅၄ ဒသမ ၀၆ ရာခိုင်နှုန်း ရှိပါသည်။ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှု တိုးတက်လာခြင်းသည် တိုင်းပြည်စီးပွားရေးအတွက် အပေါင်းလက္ခဏာတစ်ရပ် ဖြစ်ပါသည်။ အလားတူပင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ တိုးတက်တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၁၇၉ ဒသမ ၀၃၂ သန်းရှိ၍ တိုးတက်လာသော ပြည်ပသွင်းကုန်တန်ဖိုး စုစုပေါင်း၏ ၄၄ ရာခိုင်နှုန်းခန့် ရှိပါသည်။ ဤအချက်သည်လည်း တိုင်းပြည်စီးပွားရေးအတွက် အပေါင်းလက္ခဏာတစ်ရပ် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် တိုင်းပြည်စီးပွားရေးအတွက် တိုးပွားလာသော အပေါင်းလက္ခဏာတို့ကို ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## အမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးပြီး နိုင်ငံတော်တိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရေး ရည်မှန်းဆောင်ရွက်နေ

**ဘားအံ ဇွန် ၁၉**

ကျေးလက်ဒေသနေ အမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးပြီး နိုင်ငံတော်တိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်နိုင်ရေး ရည်မှန်း ဆောင်ရွက်နေကြောင်း ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၈-၂၀၁၉ ခုနှစ် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ပြည်နယ်အဆင့် ဆရာဖြစ်သင်တန်း ဖွင့်ပွဲတွင် ဇွန် ၁၈ ရက်က ပြောကြားသည်။

ကျေးလက်ဒေသနေအမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊ လူနေမှုဘဝ ပုံစံကောင်းများ ရရှိစေရန် ရည်ရွယ်၍ ကျေးလက်ဒေသနေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ဆောင်ရွက် ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိုစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ စတင်၍ ကရင်ပြည်နယ် ဘားအံမြို့နယ် ရေကျော်ကြီးကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကုန်းကျေးရွာနှင့် မြဝတီမြို့နယ် ဝေ့ရှမ်းကျေးရွာတို့တွင် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခု ၂၀၁၈-၂၀၁၉ တွင် ဘားအံမြို့နယ် ရသေ့ပုံကျေးရွာနှင့် ဝင်းကျန်ကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ် ဝင်းစိန်ကျေးရွာ၊ ကော့ကရိတ်မြို့နယ် ရေကျော်ကြီး ကျေးရွာနှင့် ရန်ကုတ်ကျေးရွာ၊ မြဝတီ မြို့နယ် အပြင်မဲကနယ်ကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွား မည်ဖြစ်ရာ ယခင်နှစ်ထက် ကျေးရွာ သုံးရွာကို တိုးချဲ့အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်းလည်း သိရ သည်။

ထို့နောက် ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် သင်တန်း လမ်းညွှန်စာအုပ်ကို ပေးအပ်ရာ သင်တန်း သူတစ်ဦးက လက်ခံယူခဲ့သည်။

အဆိုပါသင်တန်းသို့ စီမံချက်တွင် ပါဝင်သည့် ခရိုင်နှင့်မြို့နယ်များမှ အမျိုး သမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင် များ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနက ကြီးမှူး၍ သာဂလကျေးရွာရှိ သန့်ဇင်လှ ဘုန်းတော်ကြီးကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇွန် ၁၆ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရည်မွန်က အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဒေါ်သင်းသင်းဇင်က ဆွေးနွေးပွဲ ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရည်မွန်၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်း အင်း ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးညိုဝင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဒေါ်သူသူဇင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးသန်းကို၊ မြို့နယ်လဝက ဦးစီးမှူး ဦးကျော်စိုးအောင်၊ မြို့နယ်သမဝါယမဦးစီးမှူး ဦးမျိုးထွန်း၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းနှင့် မြို့နယ်လယ်ယာ မြေ ဖွံ့ဖြိုးရေးဘဏ်မှ ဦးစီးမှူး ဦးအောင် အောင်ချိုတို့က ဦးဆောင်ကာ ကျေးလက် ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက် နေ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ကျေးလက် လမ်း တံတားများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ရေရရှိရေးလုပ်ငန်းများ၊ မွေးမြူရေး ဆိုင်ရာကိစ္စရပ်များ၊ ချေးငွေ ထုတ်ချေး ပေးနေမှု အခြေအနေများ၊ လယ်ယာမြေ ပုံစံ(၇)နှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာ ရေးနှင့် ပုံစံ(၆၆) ပြုလုပ်ပေးမှုဆိုင်ရာ ကိစ္စရပ်များအပြင် ကျေးရွာအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး ကျေးရွာများမှ ပြည်သူ များကလည်း သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ရေကြီးကာလမတိုင်မီ ဆည်တော်ကြီးရေလှောင်တမံ ရေပိုလွှဲတစ်ခုမှ ရေများ စတင်လျှော့ချ

**မန္တလေး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ဆည်တော်ကြီးရေလှောင်တမံမှ ရေများကို မိုးရာသီ ရေကြီးကာလမတိုင်မီ ရေပိုလွှဲတံခါးခုနစ်ပေါက်ရှိသည့်အနက် ယခုအချိန်တွင် ရေပိုလွှဲတံခါးနံပါတ် ၄ ကို နှစ်ပေဖွင့်၍ ကန်တွင်းရေဝင်ရောက်မှုကို ကြိုတင်ချိန်ညှိ လျှော့ချပေးထားကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်း ဦးက ပြောသည်။

အဆိုပါ ဆည်တော်ကြီးရေလှောင်တမံ၏ ရေပိုလွှဲမှာ ရေ တံခါးတပ်ဆင်ထားသော ရေပိုလွှဲအမျိုးအစားဖြစ်သည့်အတွက် ကန်ရေပြည့်မှတ်မရောက်မီ ကန်တွင်းသို့ဝင်ရောက်လာသော ရေကို ကြိုတင်ချိန်ညှိလျှော့ချနိုင်သော ရေပိုလွှဲတပ်ဆင်ထား သည့်တမံဖြစ်ကြောင်း၊ ထိုတမံထဲသို့ ရေစီးဆင်းဝင်ရောက်ရာ ဒေသများဖြစ်သော မိုးကုတ်နှင့် နောင်ချိုမြို့နယ်တို့တွင် မိုးရွာသွန်းမှုများပြားပါက ဆည်တော်ကြီးရေလှောင်တမံ အောက်ပိုင်းရှိ တံငါချောင်းဘေး ဝဲ/ယာ ကျေးရွာများ၊ စိုက်ခင်း များ၊ ရေကြီးနစ်မြုပ်မှုမဖြစ်စေရန် ရေပိုလွှဲရေတံခါးများကို အဖွင့် အပိတ်ပြုလုပ်၍ ချိန်ညှိလျှော့ချပေးလေ့ရှိကြောင်း သိရ သည်။

"နှစ်စဉ်ဆောင်ရွက်ကြတဲ့အတိုင်း တံငါတံတားရဲ့ စိုးရိမ် ရေမှတ်အောက်ချိန်ညှိလျှော့ချပြီးမှသာ ရေပိုလွှဲရေတံခါးတွေကို အဖွင့်အပိတ်ဆောင်ရွက်ပါတယ်၊ အဲဒီလို ဆောင်ရွက်ခြင်းနဲ့ ပတ်သက်ပြီး ကောလာဟလတွေကို မယုံကြည်ဘဲ ဌာနက သက်ဆိုင်ရာဒေသ အာဏာပိုင်တွေထံကို နေ့စဉ်ပေးပို့တဲ့ သတင်းအချက်အလက်တွေကိုသာ သိရှိလိုက်နာဆောင်ရွက် ကြရန် အသိပေးအပ်ပါတယ်" ဟု ၎င်းက သုံးသပ်ပြောပြ သည်။

ထိုသို့ မိုးရာသီ၊ ရေကြီးကာလမတိုင်မီ ရေပိုလွှဲရေတံခါး များကို စတင်ဖွင့်လှစ်မည်ဆိုပါက သက်ဆိုင်ရာဒေသအာဏာ ပိုင်များသို့ ကြိုတင်အကြောင်းကြားပြီးမှသာ ချိန်ညှိလျှော့ချလေ့ ရှိကြောင်း၊ ထို့အတူ မိုးကုတ်၊ မတ္တရာကားလမ်းပေါ်ရှိ တံငါ တံတား၏ စိုးရိမ်ရေမှတ်မှာ ၂၁ ဒသမ ၆ ပေဖြစ်ပြီး ယနေ့ထိ တံငါတံတား၏ ရေမှတ်မှာ ၈ ဒသမ ၃ ပေသာဖြစ်သေးကြောင်း သိရသည်။

အဆိုပါ ဆည်တော်ကြီးရေလှောင်တမံ၏ ယနေ့အချိန်ထိ ရေမှတ်မှာ ၄၁၁ ဒသမ ၁ ပေ၊ အနက်ပေ ၁၁၃ ဒသမ ၁ ပေ၊ ရေပမာဏမှာ ၃၀၃၃၀၅ ကေပေ၊ စက်ရုံနှစ်ရုံအသုံးပြုမှုမှာ ၄၄၉၉ ကေပေ၊ လျှပ်စစ်ထုတ်ရုံနှစ်ရုံအသုံးပြုမှုမှာ ၂၀ ဒသမ ၁ MWH၊ ရေပိုလွှဲမှထုတ်သည့်ရေမှာ ၁၁၃၇ ကေပေနှင့် ဆည်ထဲသို့ဝင်ရောက်သည့်ရေပမာဏမှာ ၈၅၆၄ ကေပေ တို့ဖြစ်ပြီး ထိုတမံနှင့် ရေလွှဲဆည်တို့တွင် မိုးရေချိန်မရှိသေး ကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြေပြိုမှုကြောင့် ပိတ်ဆို့နေသည့် လမ်းများ ဖယ်ရှားရှင်းလင်း

**နမ့်ဆန် ဇွန် ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် မြေနံရံများနှင့် လမ်းများပြိုကျပိတ်ဆို့လျက်ရှိရာ ပြည်သူများသွားလာမှု အဆင်ပြေစေရန် ဒေသဦးစီးအဖွဲ့များက စက်ယန္တရားများဖြင့် ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

မြေပြိုမှုကြောင့် ထိခိုက်ပျက်စီးလျက်ရှိသော အိမ်ထောင်စုများအားကူညီထောက်ပံ့ရေးအစီအစဉ်နှင့် ပိတ်ဆို့နေသော နမ့်ဆန် -လီလု လမ်းပိုင်းနှင့် နမ့်ဆန်မှ ကျေးရွာအုပ်စုအသီးသီးသို့ ဆက်သွယ်ထားသော လမ်းများတွင် ပိတ်ဆို့နေသည့် နေရာများကို ရှင်းလင်းရေးဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် မြေပြိုသည့် နေရာအားလုံး ဖယ်ရှားဆောင်ရွက်ခဲ့ပြီးဖြစ်၍ ပြည်သူများ ပုံမှန်အတိုင်း သွားလာနေကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

*ထင်သာမြင်သာပြုပြင်စရာ*

## ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် ဇီးချိုင်ကျေးရွာအဝင်တံတား ချဉ်းကပ်လမ်း ပျက်စီးနေ၍ ပြုပြင်ပေးစေလို



ရေဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာ အဝင်တံတားမှာ ဇွန် ၁၃ ရက်မှ ၁၅ ရက်အတွင်း လေပြင်းများတိုက်ခတ်၍ ပင်လယ်ရေ မြင့်တက်စဉ် လှိုင်းရိုက်ခတ်မှုကြောင့် ရွာအနီးတံတားချဉ်းကပ်လမ်း ကျွံကျပျက်စီးခဲ့ကြောင်း သိရသည်။

ဇီးချိုင်ကျေးရွာ ရွာအဝင်တံတားသည် ဇီးချိုင်ကျေးရွာနှင့် အခြားကျေးရွာများသို့ ဆက်သွယ်သွားလာရန်အတွက် မရှိမဖြစ်လိုအပ်သော အရေးကြီးသည့်တံတား တစ်ခုလည်းဖြစ်သည်။

ယင်းတံတားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေ သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ဇီးချိုင်ကျေးရွာအဝင်တံတားသည် ပင်လယ်ရေ တိုက်ရိုက်ဝင်ရောက်သော ရိုးချောင်းကိုဖြတ်၍တည်ဆောက်ထားခြင်းဖြစ်ပြီး ၂၀၁၇ ဒီဇင်ဘာလအတွင်းက ရွာ၏တစ်ဖက်ရှိတံတားချဉ်းကပ်လမ်း ကျွံကျပျက်စီးမှုဖြစ်ပေါ်ခဲ့၍ သက်ဆိုင်ရာမှ ပြန်လည် ပြုပြင်ပေးခဲ့သော်လည်း အဆိုပါ တံတားတစ်ခုတည်းကိုသာ အားထား၍ နေ့စဉ် သွားလာနေကြရခြင်းဖြစ်ရာ တံတားချဉ်းကပ်လမ်း ကျွံကျပျက်စီးနေမှုကို အမြန်ဆုံး ပြုပြင်ပေးနိုင်ရေး ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များက မူလဌာပနာတိုက်တော်အတွင်း ထည့်သွင်းပူဇော်မည့် ရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုစဉ်။ သတင်းစဉ်

◆ *ရှေ့စုံမှ*

အခမ်းအနားမစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း တို့ကို ဆက်ကပ်လှူဒါန်းသည်။

**ကိုးပါးသီလခံယူ**

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

**ရွတ်ဖတ်သရဇ္ဈာယ်**

ထို့နောက် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော သမန္တာမုစ၍ မေတ္တသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို စေတီတော်ပရိဝုဏ်တွင် ပက်ဖျန်းကြဲဖြန့်ကြသည်။

ယင်းနောက် ထာဝရငြိမ်းချမ်းရေး စေတီတော် မူလဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်မည့် အပရာဇိတပလ္လင်၌



နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာ ရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံ မူလဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်မည့် ရုပ်ပွားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဆရာတော်ထံ မူလဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်မည့် ရုပ်ပွားတော်၊ ဓာတ်တော်ရွှေကြုတ်၊ ရွှေကြာပန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဆရာတော်ထံ မူလဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်မည့် ရုပ်ပွားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

မာရ်နတ်ကို အောင်တော်မူဟန် ရုပ်ပွားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာ ရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ မူလဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်မည့် အောင်ခြင်းရှစ်ပါး အောင်တော်မူဟန် ရုပ်ပွားတော်၊ ဓာတ်တော်ရွှေကြုတ်၊ ရွှေကြာပန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပေါက်မြိုင်ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒနှင့် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကတို့ထံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မူလဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်မည့် အနိမိသပဋိမာ ရုပ်ပွားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို မဟာလယ်တီစံကျောင်းတိုက် ဆရာတော်ထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဌာပနာထည့်သွင်း ပူဇော်မည့် ရုပ်ပွားတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းလောင်းအမျှပေးဝေ**

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**လက်ယာရစ်လှည့်လည်ပူဇော်**

ထို့နောက် သတ္တဌာန မူလဌာပနာတော် သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘုရားဒါယကာ၊ ဒါယိကာမများက

*စာမျက်နှာ ၄ သို့*



ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တို့ သတ္တဋ္ဌာန မူလဋ္ဌာပနာ ရုပ်ပွားတော်များနှင့် ဗုဒ္ဓဖြစ်တော်စဉ် ရုပ်ပွားတော်များကို မူလဋ္ဌာပနာတိုက်တော်အတွင်းသို့ ထည့်သွင်းပူဇော်စဉ်။ သတင်းစဉ်



ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ တို့ သတ္တဋ္ဌာန မူလဋ္ဌာပနာ ရုပ်ပွားတော်များနှင့် ဗုဒ္ဓဖြစ်တော်စဉ် ရုပ်ပွားတော်များကို မူလဋ္ဌာပနာတိုက်တော်အတွင်းသို့ ထည့်သွင်းပူဇော်စဉ်။ သတင်းစဉ်



*စာမျက်နှာ ၃ မှ*

သတ္တဋ္ဌာန မူလဋ္ဌာပနာ ရုပ်ပွားတော်များနှင့် ဗုဒ္ဓ ဖြစ်တော်စဉ် ရုပ်ပွားတော်များကို ပင့်ဆောင်ကာ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ပြီး သတ်မှတ်နေရာသို့ ပင့်ဆောင်ပေးကြသည်။

**ထည့်သွင်းပူဇော်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အမှူးပြုသော ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် သတ္တဋ္ဌာန မူလဋ္ဌာပနာ ရုပ်ပွားတော်များနှင့် ဗုဒ္ဓ ဖြစ်တော်စဉ် ရုပ်ပွားတော်များကို မူလဋ္ဌာပနာတိုက်သို့ လက်ဆင့်ကမ်း ပင့်ဆောင်ပေးကြသည်။ မင်္ဂလာအချိန်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အလှူရှင်များက သတ္တဋ္ဌာန မူလဋ္ဌာပနာ ရုပ်ပွားတော်များနှင့် ဗုဒ္ဓဖြစ်တော်စဉ် ရုပ်ပွားတော်များကို မူလဋ္ဌာပနာတိုက်တော် အတွင်းသို့ ထည့်သွင်းပူဇော်ကြသည်။

**အခမ်းအနား ရုပ်သိမ်း**

ဆက်လက်၍ မူလဋ္ဌာပနာတိုက်တော်အတွင်း ကျောက်မျက်ရတနာများ ထည့်သွင်းကြဲဖြန့်ပူဇော်ကြပြီး မူလဋ္ဌာပနာ တိုက်တော်ကိုပိတ်၍ ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်များ ဦးဆောင်၍ ဇယန္တော ဗောဓိယာ မူလေ အစချီသော ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

## လက်ယာရစ် လှည့်လည်ပူဇော်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များက သတ္တဋ္ဌာန မူလဋ္ဌာပနာ ရုပ်ပွားတော်များနှင့် ဗုဒ္ဓဖြစ်တော်စဉ် ရုပ်ပွားတော်များကို ပင့်ဆောင်ကာ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။

သတင်းစဉ်



✻ ကျောဖုံးမှ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မွေးနေ့ကိတ်ကို လှီးဖြတ်ပေးသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်မှဝန်ထမ်းများနှင့် မြေယာရှုခင်းအဖွဲ့မှ ဝန်ထမ်းများအား မွေးနေ့အထိမ်းအမှတ် စတုဒိသာအဖြစ် ကိတ်မုန့်၊ အအေးနှင့် ထမင်းဘူးများ ဝေငှပေးသည်။

ထို့နောက် မွေးနေ့အထိမ်းအမှတ်အဖြစ် I-12 အဆောင်ရှေ့တွင် ငြိမ်းချမ်းရေး ချိုးဖြူငှက်များ လွှတ်ပေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**

**ဓာတ်ပုံ - Hein Htet(EPA)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွေးနေ့အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေး ချိုးဖြူငှက်များ လွှတ်ပေးစဉ်။**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၁၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟိုင်းကြီးကျွန်းမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ မချမ်းဘောမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ မတူပီမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ဇန်းမော်မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၁ ဒသမ ၃၈၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၁၈ လက်မ၊ လှိုင်ကော်မြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ကျိုက်ဒုံမြို့တွင် ၁ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနား နိုင်ငံတစ်ဝန်း၌ စည်ကားစွာကျင်းပ

ရန်ကုန် ဇွန် ၁၉

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ယနေ့တွင် ရန်ကုန်မြို့၌ ပြည်သူများနှင့် အဖွဲ့အစည်းများက နေရာအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ယနေ့ နံနက် ၆ နာရီခွဲတွင် ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်ရုံး)ရှေ့၌ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် စတုဒိသာ ကျွေးမွေးခြင်းအလှူများကို ပြုလုပ်ခဲ့သည်။

**စတုဒိသာများကျွေးမွေး**

ထိုသို့ပြုလုပ်ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် အလှူရှင်များက သံဃာတော်အပါး ၂၀၀ နှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူကြပြီး အလှူရှင်များက ဧည့်ပရိသတ်များအား စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

ယင်းနောက် နံနက် ၉ နာရီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဌာနချုပ်ရုံး)၌ မွေးနေ့အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့ကိတ်ကိုလှီးဖြတ်ကာ တက်ရောက်လာကြသူများက စုပေါင်း၍ ဆုမွန်ကောင်းတောင်းခဲ့ကြသည်။

အလားတူ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော်ခန်းမအနီးရှိ မဟာဗန္ဓုလပန်းခြံအတွင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စတုဒိသာကျွေးမွေးခြင်းနှင့် ကဗျာရွတ်ဆိုခြင်းများကို ပြည်သူများက စုပေါင်းပြုလုပ်ခဲ့ကြသည်။

ထိုသို့ပြုလုပ်ရာတွင် တက်ရောက်လာကြသူများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အတွက် ရေးစပ်ထားကြသည့် ကဗျာများကိုတစ်ဦးချင်း ရွတ်ဆိုကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ကိတ်ကိုလှီးဖြတ်ကာ ဆုမွန်ကောင်းတောင်းခြင်းများ ပြုလုပ်ကြသည့်အပြင် စတုဒိသာ ကျွေးမွေးခြင်း အလှူများကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ညပိုင်းတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် ပြည်သူများ စုပေါင်းကာ ဆီမီး ၇၃၀၀ ကပ်လှူပူဇော်ပြီး မွေးနေ့ဆုမွန်ကောင်းတောင်းမှုများ ပြုလုပ်ကြသည်။

အလားတူ ရန်ကုန်မြို့၏ ရပ်ကွက်များတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စတုဒိသာ ကျွေးမွေးခြင်းများကို ပြည်သူများ စုပေါင်းပြုလုပ်ကြသည်။

ယနေ့ နံနက်ပိုင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ရုံးဝင်းအတွင်း၌ ပြုလုပ်ရာ ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်ပင်၊ မန်ကျည်းရှားပင်နှင့် မဟော်ဂနီပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ (အ.မ.က) ကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု မဲ့ဘောင်ကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ ပေါင်မြို့နယ် ကျခတ်ငူကျေးရွာ ဘောလုံးကွင်းအတွင်း၌ လည်းကောင်း၊ ဘုတလင်မြို့နယ် မြောက်ကျီကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌လည်းကောင်း၊ သထုံမြို့နယ် မြတ်စံကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၂) အနီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့၌ လည်းကောင်း၊ ဝန်းသိုမြို့ ကျားဖြူဂေါက်ကွင်း၌ လည်းကောင်း၊ မော်လိုက်မြို့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းအနီး၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း မိုင်တိုင်အမှတ် (၄)မိုင် (၃)ဖာလုံ၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မအူပင်-သိုက်ကုန်းလမ်း၊ မိုင်တိုင် (၂/၂ မှ ၂/၃) တမံလေးကျေးရွာအနီး၌ လည်းကောင်း၊ တောင်ကြီးမြို့ ကညနယာဉ် စစ်ကွင်းယာဘက်ရှိ တောင်ကြီးတက္ကသိုလ်တိုးချဲ့နယ်မြေ၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် စုန်းချောင်းအုပ်စု ကွေ့ချောင်းကျေးရွာ မြေဖွေးတောင်ဘုရားဝင်းအတွင်း၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ဗန်းမောက်မြို့နယ် ဗန်းမောက်-အင်းတော် ကားလမ်းဘေး ဆင်ကန်ခွဲ သစ်တောကြိုးဝိုင်းအမှတ် ၄၆ ၌ လည်းကောင်း၊ ထီးချိုင့်မြို့နယ် အလယ်တောအုပ်စု ဘိုတဲကုန်းရွာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)ဝင်းအတွင်း၌ လည်းကောင်း၊ မြင်းမူမြို့အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် မိုးဗြဲကြိုးပြင် ကာကွယ်တော (ခေါင်းမိုင်းကျေးရွာအနီး)၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အလယ်သျှိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း၊ သရက်ခရိုင်၊ မင်းလှမြို့နယ် ကုန်းကြီးကျေးရွာအုပ်စု ဗောဓိတစ်ထောင်ဘုရားကုန်းမြေနေရာ၌ လည်းကောင်း၊ ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကျိုက်ထီးရိုး သဘာဝကြိုးဝိုင်းသစ်တော၌ လည်းကောင်း၊ မတ္တရာမြို့နယ် ဆိပ်သာကျေးရွာအုပ်စု ကျဲကျကျေးရွာ၌ လည်းကောင်း၊ သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ အမက(အပြင်) ကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အမှတ်(၄) ချည်မျှင်နှင့် အထည်စက်ရုံဝင်းရှေ့ကွင်းပြင်၌ လည်းကောင်း ကျင်းပကာ သစ်ပင်များ တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။

ထို့ပြင် နတ်မောက်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ရေးမြို့နယ် စုံနံ့သာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့ မိုင်းဆတ်-မိုင်းခုတ်ကားလမ်းမဘေး ဂေါက်ကွင်းအနီး၊ ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မိုင်းလီကျေးရွာအုပ်စု ကျောက်တစ်လုံးကျေးရွာ ဂုဏ်တော်ပွားဘုရားဝင်းအတွင်း၊ သန်လျင်မြို့ မြို့ပတ်လမ်း မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေစိုက်ပျိုးရေးသစ်စေ့ သိုလှောင်ရုံဝင်းအတွင်းတွင်လည်း သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခဲ့ကြသည်။



**နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနား ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဌာနချုပ်ရုံး)၌ ကျင်းပစဉ်။**

**စုပေါင်းသွေးလှူဒါန်း**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မိတ္ထီလာခရိုင် သွေးအကူအညီပေးရေးအဖွဲ့က ကြီးမှူးဆောင်ရွက်သည့် နိုင်ငံတော်၏ အတိုင်အပင်ခံပုဂ္ဂိုလ်၏ (၇၃)နှစ်ပြည့် မွေးနေ့မင်္ဂလာ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ခရိုင်ပြည်သူ့ဆေးရုံကြီး သွေးလှူဌာနတွင် ကျင်းပခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ပုံတူပန်းချီပြိုင်ပွဲကို အခြေခံပညာ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ အတန်းကန့်သတ်ချက်မရှိ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်နှင့် ပန်းခြံဖွင့်ပွဲအခမ်းအနား ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးတို့က ပန်းခြံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်အား ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-ရဲထွင်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံဘုရားကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံဘုရားကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်မြို့တွင် ဇွန် ၁၆ ရက် ည ၉ နာရီမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျိုက်သလ္လံဘုရားကြီး အနောက်ဘက်မုခ်ဦး ဘေးမြေသားများ ပြိုကျမှုအခြေအနေများနှင့် တပ်မတော်သားများနှင့် မီးသတ်၊ ကြက်ခြေနီ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ပြိုကျပျက်စီးမှုများကို ရှင်းလင်းနေမှုများအား လိုက်လံကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ဇောတိကာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများနှင့် လတ်တလောအသုံးပြုနိုင်ရန်အတွက် ဘိလပ်မြေအိတ် ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်တစ်ဦးက လက်ခံရယူပြီး အလှူရှင်များ၏ လှူဒါန်းငွေကျပ်သိန်း ၈၀ အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ခံရယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် ချမ်းအေးရိပ်သာကျောင်းတိုက်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ခေတ္တနေထိုင်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ရေးမြို့ ပြည်သူ့အားကစားရုံတွင် ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာများနှင့် ရေဘေးသင့်မိသားစုဝင်များ၏ ကျောင်းသား၊ ကျောင်းသူ ၄၀၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ပညာသင်ထောက်ပံ့ငွေကျပ်သိန်း ၄၀ အား ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများပေးအပ်ကာ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ရောက်ရှိကြပြီး မိုးအဆက်မပြတ်ရွာသွန်းစဉ် ရေဝင်နစ်မြုပ်မှုဖြစ်ပွားခဲ့သည့် နေရာများအားကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲ ၃၆၀၊ ကျောက်မျက် ၃၃၆ တွဲ၊ ကျောက်စိမ်း ၆၇၉၅ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်



**နေပြည်တော် ဇွန် ၁၉**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ၅၅ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်မည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ပြပွဲဝင်ခွင့် ကိစ္စရပ်များ ဆောင်ရွက်ပေးလျက်ရှိသည့် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင် အဆောက်အအုံသို့ ယနေ့ နံနက် ၁၁ နာရီတွင် ကြည့်ရှုစစ်ဆေးရာ**(ဝဲပုံ)** ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းနှင့် ပြပွဲဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ အသီးသီးနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးသည် ရတနာပြပွဲသို့ တက်ရောက်မည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ပြပွဲဝင်ခွင့်ကိစ္စရပ်များ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ညှိနှိုင်းဆောင်ရွက်ကြရန်မှာကြားပြီး ပြပွဲဝင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိသည့် ရတနာကုန်သည်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ပြပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

၅၅ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပမည်ဖြစ်ပြီး ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၃၆၀၊ ကျောက်မျက်အတွဲပေါင်း ၃၃၆ တွဲ၊ ကျောက်စိမ်းအတွဲပေါင်း ၆၇၉၅ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး ပြည်ပနိုင်ငံ လေးခုမှ ရတနာကုန်သည် ၃၁၁၀၊ ပြည်တွင်း ရတနာကုန်သည် ၉၂၃ ဦး ပြပွဲသို့ တက်ရောက်ရန် မှတ်ပုံတင်ခြင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနတို့ ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုး

**နေပြည်တော် ဇွန် ၁၉**

အလုပ်သမားအရေးကိစ္စများ၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် အလုပ်သမားအခွင့်အရေးများအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration) တို့အကြား အတူပူးပေါင်း လုပ်ဆောင်ရေး နားလည်မှုစာချွန်လွှာ သက်တမ်းတိုးချုပ်ဆိုလက်မှတ်ရေးထိုးခြင်းကို ယနေ့ နံနက်က နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

နားလည်မှုစာချွန်လွှာသက်တမ်းတိုးလက်မှတ်ရေးထိုးခြင်းသည် ယခုနှစ် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ သက်တမ်းရှိပြီး အဆိုပါ နားလည်မှုစာချွန်လွှာအရ ရွှေ့ပြောင်းသွားလာသူဦးရေ များပြားသည့်ဒေသများ၊ ရွှေ့ပြောင်းသွားလာသူများ၏ မိခင်နိုင်ငံ၊ လမ်းခရီး၌ ရပ်နားရသည့်နိုင်ငံ၊ ၎င်းတို့သွားရောက် လုပ်ကိုင်ကြမည့်နိုင်ငံတို့တွင် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများအပေါ် လေ့လာ၍ အလုပ်သမားရွှေ့ပြောင်းသွားလာမှုများပြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်သည့်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူများ၏ စွမ်းရည်မြှင့်တင်ပေးခြင်း၊ အလုပ်သမားပေးပို့သည့် နိုင်ငံနှင့် လက်ခံသည့်နိုင်ငံတို့အကြား ညှိနှိုင်းကာ ရွှေ့ပြောင်းသွားလာခြင်းအတွက် နည်းပညာအကူအညီပေးခြင်း၊ ရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်သည့် အသိပညာပေးမှု တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် မိသားစုဝင်များအား ရွှေ့ပြောင်းသွားလာမှုနှင့် စပ်လျဉ်းသည့် အသိပညာများ ဖြန့်ဝေပေးခြင်း၊ လုပ်သားထုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတို့သည် အလုပ်သမားများ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ထားခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရှိရသည်။ ပထမအကြိမ် နားလည်မှုစာချွန်လွှာ (၂၀၁၅-၂၀၁၈) သက်တမ်းကို ၂၀၁၅ ခုနှစ်က လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခု ဒုတိယအကြိမ်မြောက် သက်တမ်းတိုး လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် IOM အဖွဲ့သို့ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့သည့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ ညီလာခံ၌ ၁၄၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး IOM နှင့် ပူးပေါင်း၍ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဆိုင်ရာလုပ်ငန်းများ တိုးတက်အောင်မြင်စေရန် စီမံချက်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-သော်တာဝင်း**



**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM) တို့အကြား နားလည်မှုစာချွန်လွှာ သက်တမ်းတိုးလက်မှတ်ရေးထိုးစဉ်။**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ရှင်းလင်းဖြေကြားခြင်း၊ အဆို တစ်ခုတင်သွင်းခြင်းနှင့် အစီရင်ခံစာ တစ်ခု ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ၂၀၁၈ ခုနှစ် မေ ၁၆ ရက်က ဘူလ်ဂေးရီးယားနိုင်ငံ လွှတ်တော် ဥက္ကဋ္ဌ H.E.Mrs. Tsveta Karayancheva ထံမှပေးပို့သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်သည်။

## 76 Mile Mini Rest Camp တွင် တစ်ရက်လျှင် ခရီးသွားဦးရေ ပျမ်းမျှ ၁၂၀၀ ခန့် ဝင်ရောက်အပန်းဖြေအနားယူပြီး တစ်လလျှင် ပျမ်းမျှလူဦးရေ ၃၀၀၀၀ ကျော်ခန့်ကို ဝန်ဆောင်မှုပေးလျက်ရှိ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၏ **ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၇၆ မိုင်တွင် ဆောက်လုပ်ထားသော 76 Mile Mini Rest Camp နှင့်ပတ်သက်၍ သိလိုခြင်းနှင့် ယခုလေးလမ်းသွား အမြန်လမ်းမကြီးကို ခြောက်လမ်းသွား(သို့) ရှစ်လမ်းသွား အမြန်လမ်းမကြီးအဖြစ် တိုးချဲ့မည်ဆိုပါက ထိုအဆောက်အအုံနှင့် ကင်းလွတ်မှုရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် က 76 Mile Mini Rest Camp ဆောင်ရွက်ခဲ့ခြင်းဖြင့် လူဦးရေ ၃၀၀ ကို တိုက်ရိုက်အလုပ်အကိုင် အခွင့်အလမ်းပေးထားနိုင်ပြီး ၈၀ ရာခိုင်နှုန်းဖြစ်သော လူဦးရေ ၂၅၀ သည် ဒေသခံအလုပ်သမားများဖြစ်ပါကြောင်း၊ မကြာမီ 76 Mile Mini Rest Camp တွင် ရပ်ကျေးဈေးဆိုင် ၂၀ ခန့် တည်ဆောက်ရန် အစီအစဉ်ရှိပါကြောင်း၊ တည်ဆောက်ပြီးပါက တိုက်ရိုက်အလုပ်အကိုင် ဖန်တီးပေးမှုအပြင် သွယ်ဝိုက်အလုပ်အကိုင် ဖန်တီးမှုများကိုလည်း ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါကြောင်း၊ 76 Mile Mini Rest Camp တွင် တစ်ရက်လျှင် ခရီးသွားဦးရေ ပျမ်းမျှ ၁၂၀၀ ခန့် ဝင်ရောက်အပန်းဖြေအနားယူပြီး တစ်လလျှင် ပျမ်းမျှ လူဦးရေ ၃၀၀၀၀ ကျော်ခန့်ကို ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း။

76 Mile Mini Rest Camp အား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တိုက်ရိုက်ကြီးကြပ်ဆောင်ရွက်လျက်ရှိသောကြောင့် ရရှိသည့်ဝင်ငွေများသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရငွေစာရင်းသို့ဝင်မည်ဖြစ်ပါကြောင်း၊ မော်တော်ယာဉ်စီးရေနှင့် ခရီးသည်စာရင်းအရ ပျမ်းမျှအမြတ်ငွေ တစ်လလျှင် ကျပ်သိန်း ၁၀၀ ကျော် ရရှိမှုအပေါ် အခြေခံတွက်ချက်ပါက မော်တော်ယာဉ်စီးရေနှင့် ခရီးသည်ဝင်ရောက်နိုင်မှုအရ အရင်းကျေကာလသည် ၁၀ နှစ်ခန့်ရှိမည်ဖြစ်ပါကြောင်း၊ နောင်တိုးတက်လာမည့် မော်တော်ယာဉ်စီးရေနှင့် ခရီးသည်ဝင်ရောက်နိုင်မှုအရ အရင်းကျေကာလသည် လျော့နည်းနိုင်ပါကြောင်း။

76 Mile Mini Rest Camp တည်ဆောက်ရာတွင် အမြန်လမ်းမကြီး လမ်းနယ်သတ်မှတ်ထားသည့် ပေ ၄၀၀ အတွင်း တစ်ဖက် လေးလမ်းသွားအကျယ်ကို မထိခိုက်စေဘဲ အမြန်လမ်းမကြီးနယ်နိမိတ်ဧရိယာအတွင်းတွင် တည်ဆောက်ထားသောကြောင့် အမြန်လမ်းမကြီးများ ဥပဒေပါ အခန်း(၆)၊ ယာဉ်ရပ်နားစခန်းများ အပိုဒ်(၁၀)(က) ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုရှိပါကြောင်း၊ 76 Mile Mini Rest Camp ၏ ပင်မအဆောက်အအုံသည် လမ်းလယ်ကျွန်းအလယ်မှ စုစုပေါင်း ပေ ၁၀၀ အကွာတွင် တည်ဆောက်ခဲ့ပြီး အဆောက်အအုံရှေ့တွင် ၁၂ ပေခွဲ အကျယ်လေးလမ်းသွား၊ စုစုပေါင်း ပေ ၅၀ အကျယ် ကတ္တရာကွန်ကရစ်လမ်းခင်းထားပြီး Buffer Zone အဖြစ် Landscaping အပါအဝင် ၃၅ ပေ အကျယ် ချန်လှပ်ထားရှိကာ အမြန်လမ်းမကြီး တိုးချဲ့ဖောက်လုပ်မည်ဆိုပါက လွတ်ကင်းမှုရှိကြောင်း၊ နောင်တွင် အဆိုပါ Buffer Zone အဖြစ် ထားရှိသည့်နေရာတွင် အခြားအာဆီယံနိုင်ငံများရှိ Rest Camp များ ကဲ့သို့ ကားအဝင်၊ အထွက် မျောဝင်၊ မျောထွက်နိုင်ရန် လမ်းထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။


ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်


ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်

နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ **နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့ကြား လမ်းကြောင်းပိုမိုခက်ခဲသော လမ်းပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ ၆လ) ရန်ပုံငွေတွင် စစ်ကိုင်းတိုင်းဒေသကြီး ရန်ပုံငွေကျပ် ၁၈၉ သန်းနှင့် Box Culvert တည်ဆောက်ခြင်း ၁၃ စင်း ဆောင်ရွက်လျက်ရှိရာ နှစ်စင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်လမ်းခင်းခြင်း ၂မိုင် ၂ ဖာလုံ၊ ကျောက်လမ်းပျက် ပြုပြင်ခြင်း ၂ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်း တစ်စင်း၊ တံတားပြုပြင်ခြင်း တစ်စင်း၊ တောင်ပြိုမြေ ဖယ်ရှားခြင်းနှင့် လမ်းသားပေါ်ရှိ ရေစားမြောင်းများ သဲကျောက်ဖြည့်ခင်းခြင်း ခြောက်နေရာ စသည့်လုပ်ငန်းများဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၇၄၉ ဒသမ ၁၇၅ သန်း လျာထားတင်ပြတောင်းခံထားပြီး ဆောင်ရွက်ရန်ကျန်ရှိသည့် အပိုင်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ **ဂန့်ဂေါမြို့နယ်တွင် ၂၀၁၆ ခုနှစ် မိုးရာသီ၌ သာလင်း-မြင်သား မြစ်သာမြစ်ကူးတံတားသည် မျောပါ ပျက်စီးသွားခဲ့ရာ မြစ်သာမြစ်ကူးတံတားတစ်စင်း အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဂန့်ဂေါမြို့နယ်အတွင်းရှိ သာလင်း- မြင်သား မြစ်သာမြစ်ကူးကြိုးတံတားသည် မြစ်သာမြစ် အရှေ့ဘက်ခြမ်းရှိ ကံသာ-မိုးစို ရွာသစ်-မိုးစိုရွာဟောင်း-ချောင်းကောက်-လယ်ကြီး-ဝင်ဝ ကျေးရွာများနှင့် ဆက်သွယ် သည့် ဂဝံမြေနီလမ်းနှင့် မြစ်သာမြစ်အနောက်ဘက်ခြမ်းရှိ တောင်ခရမ်း-သာလင်းကျေးရွာတို့ကို ဆက်သွယ်သည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စီမံခန့်ခွဲသည့်လမ်းပေါ်တွင် တည်ရှိသည့်တံတားဖြစ်ပါကြောင်း။

## ရေစီးနှင့်အတူ မျောပါပျက်စီးခဲ့သည့် မြစ်သာမြစ်ကူးကြိုးတံတား ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်

အဆိုပါ ကြိုးတံတားသည် ကျေးရွာများမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မိုးရာသီတွင် ရေစီးနှင့်အတူ မျောပါပျက်စီးခဲ့ပါကြောင်း၊ တံတားပြန်လည် တည်ဆောက်ပြီးစီးပါက မြစ်သာမြစ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းရှိ ကျေးရွာများအား အကျိုးပြုမည်ဖြစ်ပါကြောင်း၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ သာလင်း-မြင်သား မြစ်သာမြစ်ကူးကြိုးတံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (B) ဦးစားပေးအဆင့် ၂ လမ်းပေါ်တွင် တည်ရှိသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ရွှေကျင် မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ ဘူးသီးတောင် မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေနှင့် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မိုမိုလွင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ရှင်းလင်းဖြေကြားသည်။

## အရှေ့တောင်အာရှ၏ ငှက်သိုက်လုပ်ငန်းသည် ဒေါ်လာ ၅ ဘီလီယံတန်ဖိုး လုပ်ငန်းတစ်ခုဖြစ်လာ

ထို့နောက် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီက **မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ဆောင်ရွက်ပေးရန် အစိုးရသို့တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ သဘာဝငှက်သိုက်များသည် နိုင်ငံခြားဈေးကွက်ဝင် အဖိုးတန်သစ်တောထွက်ကုန်ပစ္စည်းဖြစ်၍ ယနေ့ခေတ်တွင် လူချမ်းသာများသာမက လူလတ်တန်းစားများပါ ဆေးဝါးများအဖြစ် မှီဝဲသုံးစွဲလာရာမှ အရှေ့တောင်အာရှ၏ ငှက်သိုက်လုပ်ငန်းသည် ဒေါ်လာ ၅ ဘီလီယံ တန်ဖိုးရှိ လုပ်ငန်းတစ်ခု ဖြစ်လာခဲ့ပါကြောင်း၊ ငှက်သိုက်စုဆောင်းချိန်တွင် ကျောက်ဆောင်၊ လိုဏ်ခေါင်းအတွင်း နံရံကို ခက်ခဲစွာတက်ရောက်၍ ဆွတ်ခူးနိုင်ရန် ကျောက်ဆောင်များကို ငြမ်းဆင်၍ သက်စွန့်ဆံဖျား လိုက်လံစုဆောင်းရပါကြောင်း၊ မြန်မာနိုင်ငံတွင် ငှက်သိုက်ရသည့် ကျွန်းများကို သစ်တောဦးစီးဌာနမှ စီမံအုပ်ချုပ်၍ ငှက်သိုက်ထုတ်ယူခွင့်လိုင်စင်ကို ထုတ်ပေးပြီး ငှက်မျိုးစိတ် မပြုန်းတီးစေရန် ဥပဒေများကို လိုအပ်သလို ထုတ်ပြန်၍ စောင့်ရှောက်ပေးလေ့ရှိကြောင်း။

## အဖိုးတန်ငှက်သိုက်များကို ထုတ်ယူသုံးစွဲနေရုံ သာမက ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်သွားရန် အမှန်တကယ်လိုအပ်နေ

လူတို့ဖန်တီးထားသည့် ငှက်သိုက်အိမ်များသည် မြိတ်ခရိုင်နှင့်ကော့သောင်း ခရိုင်တစ်ဝိုက်တွင် အိမ်ပေါင်း ၁၃၀ ခန့်ရှိကြောင်းနှင့် ငှက်သိုက်များသည်လည်း အမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၆ သိန်းမှ ၂၂ သိန်းအထိ ပေါက်ဈေးရှိပါကြောင်း၊ လက်လီအားဖြင့် တစ်ကျပ်သားလျှင် ငွေကျပ် ၃၀၀၀၀ အထိ ရရှိသည်ကို တွေ့ရှိရပါကြောင်း၊ လူတို့ဖန်တီးထားသည့် ငှက်အိမ်များသို့ ဇီဝဇိုးငှက်ငယ်လေးများ ဝင်ရောက်လာသည်နှင့်အမျှ သဘာဝလိုဏ်ဂူများ၊ ကျွန်းအုပ်စုများတွင် ငှက်သိုက်အထွက်နှုန်းများ နှစ်စဉ်လျော့နည်းကာ နေရာကာလကြာရှည်လာပါက သဘာဝငှက်သိုက်ဟောင်းများသည် မျိုးသုဉ်းပျောက်ကွယ်သွားနိုင်မည့် အန္တရာယ်ကိုလည်း ကြိုတင်တွေးကြံပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သူများ၊ စူးစမ်းလေ့လာသူများ၊ ဒေသခံများက စိုးရိမ်ပူပန်လာခဲ့ကြပါကြောင်း၊ အဖိုးတန်ငှက်သိုက်များကို ထုတ်ယူသုံးစွဲနေရုံ သာမက ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် အမှန်တကယ်လိုအပ်နေကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းအစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်း က ဖတ်ကြားတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဇွန် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# စစ်တွေမြို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရုံး၌ EOC ရုံး ဖွင့်လှစ်



**စစ်တွေ ဇွန် ၁၉**

ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရုံး၌ Emergency Operation Center (EOC) ရုံးဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ဖွင့်လှစ်ရာ ရခိုင်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်း၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိန်၊ ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးထွန်းအေးကျော်၊ ADPC မှ တာဝန်ရှိသူများနှင့် IOM မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်မင်းက အမှာစကား ပြောကြားရာတွင် Emergency Operation Center (EOC) ရုံးခန်းအောင်မြင်စွာ ဖွင့်လှစ်ရခြင်းအတွက် ဝမ်းမြောက်မိပါကြောင်း၊ ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ပြီး ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးသို့ သတင်းအချက်အလက်များ အမြန်ပေးပို့ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြို့နယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်လာခြင်းအတွက် ကြိုတင်ပြင်ဆင်မှုများ မြန်ဆန်ထိရောက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် စစ်တွေ၊ ပေါက်တော၊ မြေပုံနှင့် မင်းပြားမြို့နယ်များရှိ မုန်တိုင်းသဏ္ဌာန်တူသရုပ်ပြ လေ့ကျင့်ခန်းများ မြို့နယ် လေးမြို့နယ် တစ်ပြိုင်တည်း ဆောင်ရွက်ခြင်းကို ယခုဖွင့်လှစ်သည့် Emergency Operation Center (EOC) ရုံးနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

## သထုံအကျဉ်းထောင်အား အကြီးစားပြင်ဆင်ပေးရန် အစီအစဉ် မရှိ၊ အချုပ်ထောင်အဖြစ် ဆက်လက်ထားရှိသွားမည်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဒေါက်တာ ဇော်လင်းထွဋ်၏ **အဆင့်သတ်မှတ်ချက်နှင့် နေရာအကျယ်အဝန်း ကိုက်ညီမှု မရှိသော သထုံအကျဉ်းထောင်အား အကြီးစားပြင်ဆင်ပေးနိုင်ပါရန်နှင့် အကယ်၍ ဘဏ္ဍာငွေ လုံလောက်မှုရှိပါက သထုံမြို့နယ် ဈေးမသွယ်ကျေးရွာရှိ အကျဉ်းဦးစီးဌာနပိုင်မြေ ၂၅ ဒသမ ၁၇ ဧကတွင် သထုံအကျဉ်းထောင်အသစ် ရွှေ့ပြောင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူက သထုံအကျဉ်းထောင်အား "ခ" အဆင့်အကျဉ်းထောင်အဖြစ် သတ်မှတ်ထားပြီး လက်ခံရမည့် အကျဉ်းသား၊ အချုပ်သားဦးရေမှာ ၅၀၀ သတ်မှတ်ထားသော်လည်း လက်ရှိတွင် အကျဉ်းသား၊ အချုပ်သားဦးရေ စုစုပေါင်း ၅၃၉ ဦးရှိပါကြောင်း၊ ထိုသို့ သတ်မှတ်ထားသော အကျဉ်းသား၊ အချုပ်သားဦးရေထက် ပိုမိုနေသဖြင့် ပေ (၁၃× ၄၀) အဆောင်ငယ် တစ်လုံးနှင့် အကျဉ်းထောင်အိပ်ဆောင်ရှိ အခန်း ငါးခန်းတွင် ထပ်ခိုးပြုလုပ်၍ လူဦးရေ ကျပ်တည်းမှု မရှိစေရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း။

သထုံအကျဉ်းထောင်ရှိ လက်ရှိအိပ်ဆောင်ကို နှစ်ထပ်ဆောင်အဖြစ် ပြောင်းလဲဆောက်လုပ်မည်ဆိုပါက လက်ရှိတွင်လည်း ထပ်ခိုးပြုလုပ်၍ ထားရှိပြီးဖြစ်သည့်အပြင် အကျဉ်းသားများကို ခေတ္တပြောင်းရွှေ့ထားရှိရန် နေရာမရှိခြင်းတို့ကြောင့် အကြီးစားပြင်ဆင်မှု ပြုလုပ်ရန် မဖြစ်နိုင်ပါကြောင်းနှင့် အိပ်ဆောင်သစ် ဆောက်လုပ်ရန်အတွက် မြေနေရာ မရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များနှင့် ဝေးကွာမှုမရှိခြင်း၊ လုံခြုံရေး ကောင်းမွန်ခြင်း၊ အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရန် မြို့နှင့် ဝေးကွာမှု မရှိခြင်း၊ ရေနှင့် လျှပ်စစ်မီး အဆင်ပြေခြင်း စသည့်အချက်များနှင့် ပြည့်စုံသော သထုံမြို့နယ် ဈေးမသွယ်ကျေးရွာ၊ ကွင်းအမှတ် - ၆၇၂ (က၊ ခ) တွင် ရှိသော အကျဉ်းဦးစီးဌာနပိုင် မြေဧရိယာ ၂၅ ဒသမ ၁၇ ဧက၌ အကျဉ်းထောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါကြောင်း။


အဆိုပါ မြေဧရိယာ ၂၅ ဒသမ ၁၇ ဧကအား အကျဉ်းဦးစီးဌာနပိုင် မြေအမည်ပေါက်ရရှိရေးနှင့် လယ်ယာမြေအခြားနည်း အသုံးပြုခွင့်ရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်သစ် ဆောက်လုပ်ရန် လုပ်ငန်းခြောက်ခုအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၁၉၅၁ ဒသမ ၇၆၁ သန်း တောင်းခံထားရှိပြီးဖြစ်ပါကြောင်း၊ အကျဉ်းသားတစ်ဦး တစ်ရက်စားစရိတ် ငွေကျပ် ၆၀၀ နှုန်းသည် နည်းပါးနေသည့်အတွက် အကျဉ်းထောင်များရှိ အကျဉ်းသား၊ အချုပ်သားတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၉၇၅ ကျပ်နှုန်းဖြင့်လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်စခန်းများရှိ အကျဉ်းသား၊ အကျဉ်းသူ တစ်ဦးလျှင် တစ်ရက်ငွေကျပ် ၁၀၀၀ နှုန်းဖြင့်လည်းကောင်း တစ်ရက်စားစရိတ်နှုန်းများကို တိုးမြှင့်ရရှိရေး ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၇) တွင် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ တိုးမြှင့်ဈေးနှုန်းအတိုင်း ကျွေးမွေးလျက်ရှိပါကြောင်း။

သထုံအကျဉ်းထောင်တွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျန်းမာရေးမှူးတစ်ဦးထားရှိပြီး ဆေးကုသရန် ဆေးဝါးများကို ကန့်သတ်ထားခြင်းမရှိဘဲ လိုအပ်သလောက် သုံးစွဲခွင့်ပြုထားပါကြောင်း၊ သာမန်ရောဂါများကို အကျဉ်းထောင်၌ ကျန်းမာရေးမှူးက ကုသပေးပြီး ပြင်ပဆေးရုံသို့ တင်ပို့ရမည့် လူနာများကို သထုံပြည်သူ့ဆေးရုံသို့ တင်ပို့ ကုသပေးလျက်ရှိပါကြောင်း၊ ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တီဘီရောဂါတိုက်ဖျက်ရေးနှင့် ခုခံအားကျကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့အစည်းများမှလည်း ရွေ့လျားဆေးကုသရေးအဖွဲ့ (Mobile Team) ဖြင့် ကုသဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ သထုံအကျဉ်းထောင်အား အကြီးစားပြင်ဆင်ပေးရန် အစီအစဉ် မရှိပါကြောင်း၊ အကျဉ်းထောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာရှိ မြေဧရိယာ ၂၅ ဒသမ ၁၇ ဧကအား ဌာနပိုင်အမည်ပေါက်ရရှိရေးနှင့် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံထားပြီးဖြစ်ပါကြောင်း၊ လက်ရှိ သထုံအကျဉ်းထောင်အား အချုပ်ထောင်အဖြစ် ဆက်လက်ထားရှိသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးလှကျော်



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးကျော်သန်း

## ထန်တလန်မြို့နယ် ထာအိုကျေးလက်ကျန်းမာရေးဌာန (ခွဲ) ကို ကျေးလက်ကျန်းမာရေးဌာန အဆင့်သို့ တိုးမြှင့်ပေးရန် ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့သို့ တင်ပြထား

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် ထာအိုကျေးလက်ကျန်းမာရေးဌာန (ခွဲ) ကို ကျေးလက်ကျန်းမာရေးဌာန အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက လတ်တလောတွင် ထာအိုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါကြောင်း၊ အဆိုပါဌာနခွဲသည် ထန်တလန်မြို့နယ်နှင့် ၃၆ မိုင်၊ ဟားခါးဆေးရုံကြီးနှင့် ၆၈ မိုင်၊ ဆလဲင်းကျေးလက်ကျန်းမာရေးဌာနနှင့် ၃၄ မိုင် ဝေးကွာပါကြောင်း၊ သွားရေးလာရေးလည်း ခက်ခဲပါကြောင်း၊ သို့သော် ထာအိုသည် နယ်စပ်ကုန်သွယ်ရေး လမ်းမကြီးပေါ်တွင် ရှိနေသည်ကို တွေ့ရပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနပေးမည်ဆိုပါက အချက် ငါးချက်ရှိပြီး အဓိကအချက် နှစ်ချက်နှင့် မညီပါကြောင်း၊ သို့သော် လူမှုရေးအရလည်းကောင်း လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည့်အတွက် အဆင့်တိုးမြှင့်ရန် ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ၎င်းတို့၏ ထောက်ခံမှုရရှိပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် တင်ပြ၍ ၂၀၁၈-၂၀၁၉ တွင် အဆင့်တိုးမြှင့်မှု ရရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ကျောက်ဖြူမြို့နယ် ကျောက်ကြီးပြင်အုပ်စု မော်ဖျားကျေးရွာ၌ ဆားငန်ဒီရေ ဝင်ရောက်၍ ရေနစ်မြုပ်နေခြင်းကို ကာကွယ်ပေးရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေရရှိမှုအပေါ် အခြေခံပြီး ဆောင်ရွက်ပေးသွားမည်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျောက်ကြီးပြင်အုပ်စု မော်ဖျားကျေးရွာ၌ ဆားငန်ဒီရေ ဝင်ရောက်၍ ရေနစ်မြုပ်နေခြင်းကို ကာကွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျောက်ဖြူမြို့နယ် ကျောက်ကြီးပြင်ကျေးရွာအုပ်စု မော်ဖျားကျေးရွာသည် ငန်းကျွန်းမြစ်နှင့် နမထွေးမြစ်ဆုံရာ ပင်လယ်ဝ၌ တည်ရှိသောကျေးရွာဖြစ်ပါကြောင်း၊ မော်ဖျားကျေးရွာအား ဆားငန်ဒီရေဝင်ရောက်၍ ရေနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်ရန် တာအလျား ပေ ၆၅၀၀ ခန့် ဆည်ဖို့ပေးရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဆားငန်ဒီရေကာကွယ်မည့် မော်ဖျားကျေးရွာတာ (ကာရီ) မှာ ကျောက်ဖြူမြို့နယ် ဘောမကမ်းထောင့် လယ်သမားတာနှင့် တစ်ဆက်တည်းဖြစ်ပါကြောင်း၊ မော်ဖျားကျေးရွာကာရီ ပြုပြင်ခြင်းလုပ်ငန်းအား ဘောမကမ်းထောင့် လယ်သမားတာ (ကာရီ) ပုံစံကျပြုပြင်ခြင်းနှင့် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပေးနိုင်ပါရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

ဘောမကမ်းထောင့်လယ်သမားတာ အလျား ပေ ၁၁၅၀၀ နှင့် မော်ဖျားကျေးရွာ ဆားငန်ဒီရေကာကွယ်တော အလျား ပေ ၆၅၀၀ စုစုပေါင်း တာအလျား ပေ ၁၈၀၀၀ ပြုပြင်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစာရင်း၌ ထည့်သွင်းထားရှိပြီးဖြစ်ပါကြောင်း၊ ဘောမကမ်းထောင့် လယ်သမားတာ (ကာရီ) တွင် (၅×၆) ပေ ၃ ပေါက် ကွန်ကရစ်ရေတံခါး တစ်လုံး တည်ဆောက်ခြင်းနှင့် တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းတို့အတွက် စုစုပေါင်း ရန်ပုံငွေကျပ် သန်း ၄၀၀ တင်ပြတောင်းခံထားရှိပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအား ဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေရရှိမှုအပေါ် အခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဦးစိုင်းသန်းနိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ ဦးခင်ဝင်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) မှ ဦးကျော်တုတ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးနှင့် ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

## မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် တင့်လွင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပိုမို ပြည့်စုံမှုရှိစေရန်အတွက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ် (၁)၊ (၂)၊ (၃) ကို အစားထိုးပြင်ဆင်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ (င)၏ အောက်တွင် အပိုဒ်ခွဲ (စ) အဖြစ် ကောင်စီဥက္ကဋ္ဌသည် ရွေးချယ်တင်မြှောက်ထားသည့် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်သည် ဆိုသည့် စကားရပ်ဖြင့် အသစ်ဖြည့်စွက်၍ လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၆၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၂) နှင့် (၃) တို့တွင် ပါရှိသော ကောင်စီဝင် ဆိုသည့် စကားရပ်ကို ကောင်စီဥက္ကဋ္ဌ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ် (၂) တွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်မှအပဖြစ်သည့် သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကုသခွင့် လိုင်စင်သက်တမ်း အနည်းဆုံး ၁၅ နှစ်ရှိသူ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၂ တွင် ဖော်ပြထားသော ပုံမှန်အစည်းအဝေးကို လေးလလျှင် တစ်ကြိမ် ကျင်းပရမည်ဆိုသည့် စကားရပ်ကို ပုံမှန်အစည်းအဝေးကို ခြောက်လလျှင် တစ်ကြိမ် ကျင်းပရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၈၏ အောက်တွင် အပိုဒ် ၁၉အဖြစ် ကောင်စီသည် မိမိ၏ ရန်ပုံငွေမှ ကောင်စီဝင်များအတွက် စရိတ်နှင့် ချီးမြှင့်ငွေများ သတ်မှတ်ခွင့်ပြုနိုင်သည် ဆိုသည့် စကားရပ်ဖြင့် အသစ်ဖြည့်စွက်၍ အသီးသီးအစားထိုး ပြင်ဆင်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များနှင့်အတူ ယခုထပ်မံပြင်ဆင်ချက်များကို လွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

## မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်း

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဖိတ်ကြားထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာများအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် လွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဇွန် ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အသုံးပြုမည့် အီလက်ထရွန်နစ် ငွေကောက်ခံရေးစနစ်နှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် မြပန်ဝါကုမ္ပဏီအဖွဲ့မှ Founder & CEO နှင့် ဦးအောင်ဇော်နှင့် အဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-9) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လမ်းအသုံးပြုသူအများပြည်သူများ ခရီးသွားလာရေး လွယ်ကူချောမွေ့စေရန်၊ လမ်းများ၏ ငွေကောက်ခံရရှိမှု အလေအလွင့်နည်းစေရန်၊ တိုးဂိတ်များ၏ ငွေကောက်ခံရရှိမှုတို့ကို ပွင့်လင်းမြင်သာစွာ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်နှင့် နိုင်ငံတော်၏ လုံခြုံရေး၊ e – Government အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတွင် စတင်အသုံးပြုမည့် အီလက်ထရွန်နစ်ငွေကောက်ခံရေးစနစ် (ETC) Electronic Toll Collection ၏ အသုံးပြုပုံအဆင့်ဆင့်နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ခြင်းအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်းနှင့် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရ ငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် ၇ ရက်သားသမီး အလှူရှင် ဘုရားဒါယကာ ဒါယိကာမများ စုပေါင်း၍ **“ထာဝရငြိမ်းချမ်းရေးစေတီတော်”** ကို တည်ဆောက်ပူဇော်လျက်ရှိပါသည်။

အဆိုပါ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ၁-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ရွှေပါရမီတောရ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ဆန္ဒာဓိကက ရေစက်ချအနုမောဒနာ တရားချီးမြှင့်မည်ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ထာဝရငြိမ်းချမ်းရေးစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ**

## မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေး



**နေပြည်တော် ဇွန် ၁၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဥရောပကော်မရှင်၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အာရှ၊ အာရှအလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Pierre Amilhat နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုသို့တွေ့ဆုံစဉ် အာဆီယံ- အီးယူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများ၊ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် အေဆမ်ထိပ်သီးအစည်းအဝေးကျင်းပရေးကိစ္စနှင့် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် အီးယူမှ မြန်မာနိုင်ငံအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Multi-annual Indicative Programme နှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

နေ့လယ်စာစားပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော် မွမ်းမံပြင်ဆင်ရေး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ငွေလှူ ပြန်လည်ပြုပြင်နိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် ညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဇွန် ၁၉**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ လမ်းညွှန်မှုဖြင့် မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော် ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းရေးအတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် စေတီတော်ဂေါပကအဖွဲ့များသည် ဇွန် ၁၈ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ညှိနှိုင်းဆွေးနွေးခဲ့ကြရာ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများတွင် အကြံဉာဏ်များပေးနိုင်ရန်အတွက် ပညာရှင်များပါဝင်သော ကော်မတီဖွဲ့စည်းရေးကို ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပညာရှင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များသည် ကျိုက်သလ္လံစေတီတော်သို့ ရောက်ရှိပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီးမှုအခြေအနေများကို ကြည့်ရှုလေ့လာသုံးသပ်ကြပြီး ပြန်လည်ပြုပြင်ရေး အကောင်အထည်ဖော်ရန် ညှိနှိုင်းခဲ့ကြရာ ဘုရားရင်ပြင်တော် အရှေ့မြောက်ထောင့်နှင့် အနောက်ဘက်မြေပြိုမှုကို ယာယီထိန်းသိမ်းရန်အတွက် ရင်ပြင်တော်ပေါ်ရှိ အက်ကွဲကြောင်းများအား ရေလုံဘိလပ်မြေဖြင့် ဖာထေးပေးခြင်း၊ သေးငယ်သော အက်ကွဲကြောင်းများအား ဆီလီကွန်ထိုးခြင်းနှင့် ရေဆင်းကောင်းမွန်စေရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြေပြိုမှုဖြစ်သည့် မြေသားများအား မိုးရေဝင်ပြီး ထပ်မံမပြိုကျစေရန် လတ်တလောတွင် မိုးကာစများဖြင့် ဖုံးအုပ်ထားရန် လိုအပ်ပါကြောင်း၊ မြေပြင်လျှောဇောက်တည်ငြိမ်စေရေးအတွက် အဓိကဆောင်ရွက်ရမည်ဖြစ်၍ လောလောဆယ်တွင် ကျောက်စီခြင်းများ ချထားပေးခြင်းဖြင့် ကာကွယ်ရန်ဖြစ်ကြောင်း၊ အဓိကမြေပြိုသည့် အရှေ့မြောက်ထောင့်နှင့် အနောက်ဘက်နေရာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။



ထို့နောက် ကျိုက်သလ္လံစေတီတော် ပြန်လည်ပြုပြင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ လှူဒါန်းသော ငွေကျပ်သိန်းတစ်ထောင်ကို ကော်မတီ၏ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား၌ ရွှေ့ပြောင်းအလုပ်သမား ၁၆ ဦး လွှဲပြောင်းပေးအပ်

**တာချီလိတ် ဇွန် ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ် ၂ ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၆ ဦးကို ဇွန် ၁၉ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံ Border Pass သက်တမ်းလွန်ခြင်း၊ အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့မှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၆ ဦးအပါအဝင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၁၁ ရက်အထိ တရားမဝင်မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၃၀၅ ဦး၊ အမျိုးသမီး ၁၄၃ ဦးနှင့် ကလေး ၁၇ ဦး စုစုပေါင်း ၄၆၅ ဦး ရှိပြီးဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း (ပြန်/ဆက်)**

## ပထမအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သတင်းပြန်ကြားရေးအရာရှိနှင့် သတင်းစာဆရာများမွမ်းမံသင်တန်း ပိတ်ပွဲကျင်းပ

**ကူမင်း ဇွန် ၁၉**

ပထမအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သတင်းစာဆရာများ မွမ်းမံသင်တန်း ပိတ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Yunnan Daily Press Group ၌ ကျင်းပသည်။ အခမ်းအနားတွင် မဲခေါင်မြစ်ဝှမ်းဒေသခွဲ နိုင်ငံများအလိုက် Yunnan Daily Press Group မှ သတင်းစာဆရာများနှင့် ပူးပေါင်း၍ ခရီးစဉ်တစ်လျှောက်တွင် သွားရောက်လေ့လာခဲ့သည်များကို new media နည်းဖြင့် ဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။



ထို့နောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်တစ်ဦးစီက သင်တန်းကာလနှင့် ခရီးစဉ်တစ်လျှောက် လေ့လာတွေ့ရှိရသည့်အတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် H.E.Mr.Yang Run, Chief Editor of Yunnan Daily Press Group က နှုတ်ဆက်စကား ပြောကြားပြီး မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သင်တန်းသားသင်တန်းသူ ၁၅ ဦးအား သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။ မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သတင်းပြန်ကြားရေးအရာရှိနှင့် သတင်းစာဆရာများ မွမ်းမံသင်တန်းတွင် ယူနန်နေ့စဉ်သတင်းစာအဖွဲ့မှ တာဝန်ရှိသူများက မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများ၏ မီဒီယာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုများ၊ တရုတ်နိုင်ငံတွင် အွန်လိုင်းမီဒီယာဖွံ့ဖြိုးတိုးတက်မှု၊ new media ကဏ္ဍ စသည်များကို သင်ကြားပို့ချခဲ့သည်။ ထို့ပြင် ယူနန်ပြည်နယ် ကူမင်းမြို့ရှိ မြေအောက်ရထားနှင့် ကျည်ဆန်ရထား ပြေးဆွဲနေမှုအခြေအနေများ၊ ကူမင်းမြို့ရှိ အထင်ကရနေရာများ၊ မွန်တင်မြို့နယ်ရှိ လင်ချန်း-ချင်းဆွေဟော် အမြန်လမ်း ဖောက်လုပ်နေမှုအခြေအနေ၊ လင်ချန်းနယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်နှင့် မန်ထွန်ရွာရှိ တိုင်လူမျိုးများ၏ စက္ကူပြုလုပ်သည့် လက်မှုပညာများကို သွားရောက်လေ့လာခဲ့ကြသည်။ **အေဝမ်းစိုး၊ မျိုးသူဟိန်း**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦး၊ မောင်တောခရိုင်တို့မှ စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ




**စစ်တွေ ဇွန် ၁၉**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် စာရင်းစစ်ချုပ်ရုံး၊ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ မောင်တောခရိုင် စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓါတ်ပုံ)

**မှာကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက အထက်လူကြီးများမှ မိမိ အပေါ်ယုံကြည်ကိုးစားမှု၊ အကောင်းမြင်ဝါဒရှိမှု၊ ကြီးပွားတိုးတက်မှု၊ လုပ်ငန်းများကို ဇောက်ချလုပ်ကိုင်မှု၊ သစ္စာရှိမှုစသည့် မျှော်မှန်းချက်များထားရှိလိုကြောင်း၊ ယင်းမျှော်မှန်းချက်များကို ပြည့်ဝအောင် အားလုံးကြိုးစားရမည်ဖြစ်ကြောင်း၊ စာရင်းစစ် စာရင်းကိုင်ပညာရှင်များ ထိန်းသိမ်းရမည့် ကျင့်ဝတ်များဖြစ်သည့် ရိုးသားဖြောင့်မတ်မှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ လုံ့လဝီရိယ စိုက်ထုတ်မှု၊ လျှို့ဝှက်ချက်ထိန်းသိမ်းမှုနှင့် ပြည်သူ့အကျိုးစီးပွား ဦးထိပ်ပန်ဆင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လူတိုင်းနေ့စဉ် ဆန္ဒမှန်ထားရှိဆောင်ရွက်ရန် မှာကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စစ်ဆေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

■ *ကျောဖုံးမှ*

အသစ်တိုးလာမည့် တင်ပြချက်များကို စုစည်းလိုက်ပါက တတိယအကြိမ်ညီလာခံတွင် ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နိုင်မည့် အနေအထားရှိပါကြောင်း၊ တတိယအကြိမ် ညီလာခံတွင် ဖက်ဒရယ်နှင့် ပတ်သက်ပြီး နိုင်ငံရေးကဏ္ဍအနေဖြင့် ဖက်ဒရယ်ကို ထင်ဟပ်နိုင်သည့် ခေါင်းစဉ်အနေအထားမျိုး အနည်းငယ် အားနည်းနေပါကြောင်း။

စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာကဏ္ဍများတွင် ဖက်ဒရယ်မှုကို မီးမောင်း ထိုးပြနိုင်သည့် ခေါင်းစဉ်မျိုး ဆွေးနွေးနိုင်မည်ဆိုပါက တတိယအကြိမ် ညီလာခံရလဒ်တွင် အလွန်တန်ဖိုးရှိသည်များ ထွက်လာပေါ်မည်ဟု ယူဆပါကြောင်း၊ လုံခြုံရေးကဏ္ဍတွင် ဖက်ဒရယ်၏ပုံသဏ္ဌာန်ကို ထင်ဟပ်စေမည့် အချက်မျိုး အားနည်းနေဆဲဖြစ်နိုင်ပါကြောင်း၊ သို့ဖြစ်၍ အထူးတင်ပြလိုသည်မှာ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာကဏ္ဍတို့တွင် ဖက်ဒရယ်၏ ပုံသဏ္ဌာန်ပေါ်လာနိုင်မည့် ခေါင်းစဉ်များကို အထူးပြုပြီး စုစည်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး ဦးလှမောင်ရွှေက NCA၊ မူဘောင်၊ ToR နှင့် SOP စာတမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။




**ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအကြိုပြင်ဆင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့ ဆွေးနွေးပွဲကျင်းပစဉ်။**

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးဇော်ဌေးက အစီအစဉ်များ၊ ဆွေးနွေးမည့်ပုံစံများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကဏ္ဍအလိုက် ဆွေးနွေးပွဲများကို အဆိုပါ ဗဟိုဌာန သတ်မှတ်နေရာ အသီးသီးတွင်ကျင်းပရာ နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးခင်ဇော်ဦးက လည်းကောင်း၊ စီးပွားရေးကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေက လည်းကောင်း၊ လူမှုရေးကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးဇော်ဌေးက လည်းကောင်း၊ လုံခြုံရေးကဏ္ဍဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဝင် ဗိုလ်မှူးချုပ် စိန်ထွန်းလှက လည်းကောင်း၊ မြေယာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍဆွေးနွေးပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးအောင်စိုးက လည်းကောင်း ဦးဆောင်ဆွေးနွေးကြပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော် ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် အကျိုးဆောင်များ ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲများတွင် ယခင်စုစည်းချက်များ၊ ယခင်သဘောတူညီချက်များနှင့် မူဝါဒအဆိုပြုချက်များကို ဆွေးနွေးကြသည်။ နိုင်ငံရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍနှင့် မြေယာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးပွဲများကို ဇွန် ၂၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်**



နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲကျင်းပစဉ်။



စီးပွားရေးကဏ္ဍဆွေးနွေးပွဲ ကျင်းပစဉ်။

## အစ္စရေးနိုင်ငံ၏ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် တေးဂီတသရုပ်ပြပွဲ ရန်ကုန်တက္ကသိုလ်၌ ကျင်းပ

**ရန်ကုန် ဇွန် ၁၉**

အစ္စရေးနိုင်ငံ၏ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် တေးဂီတသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေး သံအမတ်ကြီး H.E. Mr. Daniel Zonshine တို့က အမှာစကားပြောကြားပြီး အစ္စရေးတေးဂီတအဖွဲ့ဖြစ်သော Rhythmania နှင့်အတူ အမျိုးသမီး ဂီတပညာရှင်များဖြစ်ကြသော Iris Eyal Wallenstein, Adi Zalinger and Yaara Barbash တို့က ဒရမ်တီးခတ်သရုပ်ပြခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများကလည်း အစ္စရေးတေးဂီတပညာရှင်များနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါ တေးဂီတသရုပ်ပြပွဲကို ရန်ကုန်တက္ကသိုလ်နှင့် မြန်မာနိုင်ငံဆိုင်ရာအစ္စရေးသံရုံးတို့ ပူးပေါင်းကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**



## ရခိုင်ပြည်နယ်တွင် ၂၀၁၈ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၁၈၁၁၈ ဒသမ ၃၅ သန်း ထုတ်ချေးပြီးဖြစ်

**စစ်တွေ ဇွန် ၁၉**

ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်ရှိ တောင်သူများအား ၂၀၁၈ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေကျပ် သန်းပေါင်း ၉၀၆၆၄ ဒသမ ၈ ထုတ်ချေးပေးသွားရန် လျာထားပြီး ကနဦး ခွင့်ပြုချေးငွေကျပ် ၅၂၉၃၀ ဒသမ ၈ သန်းမှ တောင်သူများအား ဇွန်လဆန်းပိုင်းမှ စတင်ထုတ်ချေးပေးလျက်ရှိရာ ယနေ့အထိ တောင်သူ ၂၃၆၄၀ ၏ မြေဧက ၁၂၀၇၈၉ အတွက် ငွေကျပ်သန်းပေါင်း ၁၈၁၁၈ ဒသမ ၃၅ သန်း ထုတ်ချေးပေးပြီးဖြစ် ကြောင်း ရခိုင်ပြည်နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ (စစ်တွေ) ရုံးမှ သိရ သည်။

မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေအဖြစ် ပုံစံ(၇) အမည်ပေါက် လယ်မြေ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ယာမြေတစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်း ထုတ်ချေးပေးခြင်း ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးနိုင်သော ငွေပမာဏကန့်သတ်ချက်ရှိ၍ လုပ်ကွက်ငယ်တောင်သူများကို ဦးစားပေးအဖြစ် တောင်သူတစ်ဦးအနေဖြင့် အများဆုံး မြေ ၁၀ ဧကအတွက် ထုတ်ပေးခြင်း ဖြစ်သည်။ အတိုးနှုန်းအနေဖြင့် တစ်ရာသီအတွက် တစ်နှစ်အတိုးနှုန်း ငွေတစ်ရာလျှင် ရှစ်ကျပ် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ချေးငွေများရယူရာတွင် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများမှ ရွေးချယ်ထားသော ကိုယ်စားလှယ်တို့ပါဝင်သည့် ကျေးရွာအုပ်စု ချေးငွေစစ်ဆေးရေးအဖွဲ့မှ ထောက်ခံချက်နှင့် မြေစာရင်းပုံစံ(၇)ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံအဖြစ် ပေးအပ်ထားပြီး ချေးယူရမည်ဖြစ်သည်။ ပုံစံ(၇)တွင် ယာမြေအမည်ပေါက်ဖြစ်သော်လည်း အဆိုပါမြေတွင် စပါးစိုက်ပျိုးကြောင်း ချေးငွေစစ်ဆေးရေးအဖွဲ့မှ ထောက်ခံပါက လယ်ယာမြေနှုန်းထားအတိုင်း ချေးငွေရရှိမည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် မြို့နယ်ပေါင်း ၁၇ မြို့နယ်ရှိပြီး စိုက်ပျိုးမြေဧက ၆၆၃၆၇၃ ဧကရှိကြောင်း သိရသည်။

**အောင်သူရ၊ ဟန်လင်းနိုင်**

**နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်**

**နေပြည်တော် ဇွန် ၁၉**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရေးတွေ့ဆုံပွဲ ကျင်းပ

**မြိတ် ဇွန် ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရေး၊ မြို့ရွာများဖွံ့ဖြိုးတိုးတက်စေရေး၊ ဘာသာရေးဆိုင်ရာ မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေးအတွက် ဇွန် ၁၇ ရက်က ခရိုင်အတွင်းရှိ မြို့နယ်များမှ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။



တွေ့ဆုံပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်းက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိပြီး မလိုလားအပ်သော ပြဿနာများမဖြစ်ပေါ်စေရေး၊ မိမိမြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေးချမ်းတည်ငြိမ်ရေးသည် အဓိကကျသဖြင့် ဘာသာရေးဆိုင်ရာ ပြဿနာများ မဖြစ်ပွားစေရေး ဟန်ချက်ညီစွာဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းဆောင်ရွက်သွားနိုင်ရန်လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးသည် တစ်မျိုးသားလုံးအတွက် အန္တရာယ်ကြီးမားသဖြင့် တက်ရောက်လာကြသည့် ဘာသာပေါင်းစုံ ကိုယ်စားလှယ်များက ဝိုင်းဝန်းပူးပေါင်း တိုက်ဖျက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများက ကဏ္ဍအလိုက် ဆွေးနွေးပြောကြားခဲ့ကြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများကမြိတ်ဒေသသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ဒေသတစ်ခုဖြစ်ပြီး ဘာသာရေးဆိုင်ရာ ပဋိပက္ခများ ဖြစ်ပွားခြင်းမရှိဘဲ ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြကြောင်း၊ မြို့နယ်များတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ အနေဖြင့် မကြာခဏတွေ့ဆုံ ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ပါက အဖွဲ့၏ ရည်ရွယ်ချက်ပိုမိုထိရောက်အောင်မြင်လာမည်ဖြစ်ကြောင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# မန္တလေးမြို့၌ မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ ၂၀၁၈ ကျင်းပ

**မန္တလေး ဇွန် ၁၉**

မြန်မာကျောင်းသားလူငယ်များ ပညာရေးလမ်းကြောင်း မှန်ကန်စွာ ရွေးချယ်နိုင်စေရန် အခွင့်အလမ်းများ ရရှိစေရန်အတွက်ဒုတိယအကြိမ် မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးပြပွဲ ၂၀၁၈ ဖွင့်ပွဲကို မန္တလေးမြို့ရှိ Hotel Mandalay ၌ ဇွန် ၁၉ ရက်က ကျင်းပရာ Metro Computer Myanmar Co.,Ltd. မှ ဒါရိုက်တာ Takashi Kawasaki၊ Minghsin University of Science and Technology မှ Professor. Dr. Liao-Hsin-Te နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ပြပွဲတွင် ပြည်တွင်း ပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာသင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာသင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် သင်တန်းကျောင်းများ၊ အနုပညာနှင့် ပတ်သက်သော သင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံ သင်တန်းကျောင်းများ၊ အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ ဆေးပညာဆိုင်ရာ သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းကျောင်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စာအုပ်စာပေအမျိုးမျိုးတို့ကို ကျောင်းသားကျောင်းသူများနှင့် အများပြည်သူများမှ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် ပညာရေးကဏ္ဍ ပိုမိုမြင့်မားမှုအတွက် အထောက်အပံ့ဖြစ်စေရန် စီစဉ်ခင်းကျင်းပြသထားကြောင်း သိရသည်။

ပြပွဲကာလအတွင်းကျောင်းသားလူငယ်များကို သင့်လျော်သည့် ပညာရေးလမ်းကြောင်းများကို လမ်းညွှန်ပေးခြင်း၊ ပညာရေးအခွင့်အလမ်းများနှင့် ပညာရေးဆိုင်ရာအချက်အလက်များကို စုံစမ်းသိရှိနိုင်မည်ဖြစ်သည်။

ထို့နောက်သက်ဆိုင်ရာ တာဝန်ရှိသူတို့က ၂၁ ရာစု ပညာရေး 21St Century Education ခေါင်းစဉ်နှင့် International Qualification For Myanmar ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**၃၄၉**




## သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများစာအုပ်ထွက်ရှိ

အင်ဂျင်နီယာဦးကျော်လင်း(ဆောက်လုပ်ရေး) ရေးသားထုတ်ဝေသော သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ စာအုပ်တွင် မြို့ပြအင်ဂျင်နီယာဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ်မှထိရောက်စွာ ကာကွယ်တားဆီးနိုင်သည့် နည်းလမ်းများ၊ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ၊ ဆောက်လုပ်ရေးနည်းလမ်းများ၊ အဆောက်အအုံ၏ အစိတ်အပိုင်းများတွင် ဖြစ်တတ်သော ချွတ်ယွင်းချက်များကို ပြုပြင်ပေးနိုင်သည့် နည်းလမ်းအချို့ကို တင်ပြထားသည်။




မြန်မာနိုင်ငံ၌ မကြာခဏတွေ့ကြုံနေရသော သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ပြဿနာများနှင့် တိုက်ရိုက်သက်ဆိုင်နေသဖြင့် စာဖတ်သူများ အသုံးပြုသင့်သော စာအုပ်ဖြစ်သည်။ နှင်းဆီလှိုင်စာပေတိုက်က တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

## မမေ့နိုင်သော လက်ဖက်ရည်တစ်ခွက်နှင့် စစ်သည်နှလုံးသားပဲ့တင်သံများ စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးသူ ရဲမင်းစိုး၏ မမေ့နိုင်သော လက်ဖက်ရည်တစ်ခွက်နှင့် စစ်သည်နှလုံးသားပဲ့တင်သံများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ စာအုပ်တွင် မမေ့နိုင်သော လက်ဖက်ရည်တစ်ခွက်၊ အတိတ်ကအရိပ်၊အနောက်တံခါးမှသည်၊ ငွေတောင်တန်းဆီသို့၊ အမွေစသည့်ဝတ္ထု ၁၀ ပုဒ်ကို စုစည်းထားခြင်း ဖြစ်သည်။




စာအုပ်၏ အမှာစာရေးသားသူ ဆရာမြင်းမူမောင်နိုင်မိုးက ရဲမင်းစိုး၏ ဝတ္ထုများကို ဖတ်ရှုရသည်မှာ ကတညုတ၊ ကတဝေဒီ၊ကတကာရီဟူသော မင်္ဂလာတရားတော်ကိုပိုမို၍ မြတ်နိုးကြည်ညိုပူဇော်လိုသော စိတ်နှလုံးကို ဖြစ်ပေါ်စေ၏ဟု ဆိုချင်မိသည်ဟု ထည့်သွင်းရေးသားထားသည်။

ထိုစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်ကတစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

*ယမန်နေ့မှအဆက်*

**ပန်းချီအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မယွန်းပိုပိုအောင်အထက(၂)လသာကပထမ၊ မထက်တင်ဇာမြင့် အထက(၂)စမ်းချောင်းကဒုတိယနှင့် မရိုက်စ်လွမ်းနောအထက(၇) လားရှိုးကတတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်လျှမ်းပြည့်အောင် ကောင်းစုံပညာ့ရိပ်မွန်ကိုယ်ပိုင် အထက်တန်းကျောင်း ရွှေပြည်သာ၊ မောင်သွင်ထူးအောင် ဥယျာဉ်မှူးကိုယ်ပိုင်အလယ်တန်းကျောင်း မကွေးနှင့် မမြတ်ရွှန်းလက်ဉာဏ်အထက(၁)သန်လျင်တို့က ဆုများရရှိကြသည်။

**ပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မဖြူဇင်သန့်အထက(၃၀) ချမ်းမြသာစည်ကပထမ၊ မကေဇင်ဝတ်ရည် လေ့ကျင့်ရေး အထက်တန်းကျောင်းရန်ကုန်ပညာရေးတက္ကသိုလ် ကမာရွတ်က ဒုတိယနှင့် မောင်မြင့်မြတ်ထွန်းနိုင်အထက(၄)သန်လျင်ကတတိယဆုများ ရရှိကြပြီးအထူးဆုများအဖြစ် မရှင်းသန့်သီရိ အထက (၁) သန်လျင်၊ မထက်နှင်းပွင့် အထက(၁) သန်လျင်နှင့်မဖြိုးပြည့်ပြည့်ကျော် အထက(၂) အင်းစိန်တို့က ဆုများရရှိကြသည်။

**ကာတွန်းမူလတန်းအဆင့်** ပြိုင်ပွဲတွင် မဆင့်ဆင့်လင်းလဲ့ အမက(၂၀)ပုသိမ်ကပထမ၊ မကြယ်စင်လင်းလက် Precious Education Centre ကိုယ်ပိုင်အထက်တန်းကျောင်း ပုသိမ်ကဒုတိယနှင့် မဖူးပွင့်ဖြိုးမြို့မအလက(ခွဲ)တောင်ငူကတတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဇွဲသက်ဇင် အထက(၂) ကျောက်တန်း၊ မမိုင်းမိုင်အောင် အထက(ခွဲ)လ(၃) မြစ်ကြီးနားနှင့် မနန်းကေဇင်လင်းအမှတ်(၂) မူလွန်မင်္ဂလာလှိုင်ကော်တို့ကဆုများရရှိကြသည်။

**ကာတွန်း အလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်တိုးဝေအောင် ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းဇဟန်းကပထမ၊ မောင်ကိုကိုချစ်အထက(၁)ဒဂုံကဒုတိယနှင့် မအင်ကြင်းမိုး အထက(၄) အလုံကတတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဟန်ထူးအောင် St. John's Private School ပုသိမ်၊ မောင်ဉာဏ်စွမ်းထက်အောင်အထက(၂) ဒဂုံနှင့် မအိပြည့်ဖူးခင် St. John's Private School ပုသိမ်တို့က ဆုများရရှိကြသည်။

**ကာတွန်းအထက်တန်း အဆင့်** ပြိုင်ပွဲတွင် မောင်ရှင်းသန့်အောင်အထက (၁) စလင်းမြို့နယ်က ပထမ၊ မဟန်စုရည်ထွန်းအလက(၁) ဒဂုံကဒုတိယနှင့်မောင်မင်းခန့်ကျော် လေ့ကျင့်ရေးအလယ်တန်းကျောင်း ရန်ကင်းပညာရေးကောလိပ်ကတတိယဆုများရရှိကြပြီးအထူးဆုများအဖြစ် မောင်စံသုတ အထက(၂) သန်လျင်၊ မရွှေရည်ဝင်းထက်အထက(၂) စမ်းချောင်းနှင့် မစန္ဒကူးဇော်အထက(၂) ကျောက်တန်းတို့က ဆုများရရှိကြသည်။

**ပိုစတာမူလတန်းအဆင့်** ပြိုင်ပွဲတွင် မောင် Great ဇေလွှမ်းအထက (၇) လားရှိုးကပထမ၊ မဆောင်းအိရွှန်းလဲ့ Precious Education Centre ပုသိမ်မြို့ကဒုတိယနှင့် မခြူးသံသာကျော် @Lilian(YAIS) Yangon Academy International School ဇဟန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမှူးကြယ်စင်ချိုအထကပုသိမ်ကြီး၊ မောင်ကိုကိုသက်နိုင်အလကနားခါမိုးညှင်းနှင့် မညေးမြာအလကနမ့်ကွတ် လှိုင်ကော်တို့က ဆုများရရှိကြသည်။

**ပိုစတာအလယ်တန်းအဆင့်** ပြိုင်ပွဲတွင်မောင်ဟိန်းဆက်အောင် လေ့ကျင့်ရေးအလယ်တန်းကျောင်း တောင်ငူပညာရေးကောလိပ်ကပထမ၊ Mg Han Htoo Aung (St. John's Private School) ပုသိမ်ကဒုတိယနှင့် မောင်ထက်ဝေယံဟိန်း အထက(၁) ဒေးဒရဲကတတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်စစ်ပိုင်အထက(ခွဲ)လ(၁၄)အောင်မြေသာစံ၊ မရွှန်းသစ်သစ်ဦးအထက(၁၆)၊ ချမ်းအေးသာစံနှင့် မောင်သွင်ထူးဆက်အလက(၃) မြောက်ဒဂုံတို့ကဆုများရရှိကြသည်။

**ပိုစတာအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မအိကျော်ကျော်ဘို အထက(၄) ကျောက်မဲကပထမ၊ မဆုမြတ်ဖြိုး The Great Success ကိုယ်ပိုင်အထက်တန်းကျောင်းမြောက်ဒဂုံကဒုတိယနှင့် မောင်ချမ်းမြေ့ကို အထက(၁၇) အောင်မြေသာစံကတတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်စံသုတအထက(၂) သန်လျင်နှင့် မောင်ဝေယံအောင် ပညာနန်းတော်ကိုယ်ပိုင်အထက်တန်းကျောင်းမကွေးတို့က ဆုများရရှိကြသည်။

**ကွန်ပျူတာပန်းချီအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်ကျော်စည်သူဇင် Precious Education Centre ကိုယ်ပိုင်အထက်တန်းကျောင်း ပုသိမ်မြို့ကပထမ၊ မသင်းရန်နံ့စံ ဥယျာဉ်မှူးကိုယ်ပိုင်အလယ်တန်းကျောင်း မကွေးကဒုတိယနှင့်မထက်တင်ဇာမြင့် အထက(၂) စမ်းချောင်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မမဒီခိမ့်အထက(၃) ပဲခူး၊ မမေဝန်းခင် အလကကန်သာမကွေးနှင့် မဆုသံစဉ် ဥယျာဉ်မှူး ကိုယ်ပိုင်အလယ်တန်းကျောင်းမကွေးတို့က ဆုများရရှိကြသည်။

**ကွန်ပျူတာပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မအိမ့်သူသူမွန်အထက(၈) မော်လမြိုင်ကပထမ၊ မစုပြည့်သွယ် အထက(၇)တောင်ငူကဒုတိယနှင့် မဆုရည်မွန်မြင့်အထက(၂)ဇဟန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဇွဲဝံ့ထူးနေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း မကွေး၊ မနေခြည်သင်း ထ(ခွဲ)လ (၄) မော်လမြိုင်နှင့်မခင်ဉာဏ်သင်းဥယျာဉ်မှူး ကိုယ်ပိုင်အလယ်တန်းကျောင်း မကွေးတို့က ဆုများရရှိကြသည်။

**ဆောင်ပုဒ်**ပြိုင်ပွဲတွင် ဒေါ်တိုးတိုးနွယ် ပြန်/ဆက်ဦးစီးဌာနရန်ကုန်တိုင်းဒေသကြီးမှ " အနာဂတ် ပန်းများ ပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"၊ ဦးမင်းသုခပြည့်စုံ ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ "မူးယစ်ကင်းဝေး ကျန်းမာရေးအားကစားနှင့် မြှင့်တင်ပေး"၊ ဦးမင်းမင်းဇော် မြန်မာ့သတင်းစဉ်(ပြည်တွင်း)နေပြည်တော်မှ "နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့- မူးယစ်ဆေးကို ဆန့်ကျင်စို့"၊ ဒေါ်ခင်ဆွေမျိုးတင် ကျောက်ဆည်မြို့ မန္တလေးတိုင်းဒေသကြီးမှ "လူငယ်ဘဝ တိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"နှင့် မစန်းဆုရည်သန့် ရန်ကုန်တက္ကသိုလ်ရန်ကုန်တိုင်းဒေသကြီးမှ"လူသားရင်းမြစ်မျိုးဆက်သစ်မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်" ဆောင်ပုဒ်တို့က ဆုများရရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

# အုပ်စုကတက်နိုင်ရေးအတွက် နိုင်ပွဲယူမယ့် ပေါ်တူဂီ

**ဝင်းမြတ်**

**၂၀ ဇွန်လ ၂၀၁၈ ည ၆း၃၀ (Stadion Luzhniki )**

ဇွန် ၂၀ ရက်(ယနေ့ည)မှာ ၂၀၁၈ ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (ခ) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ ပေါ်တူဂီနဲ့ မော်ရိုကိုတို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။

### ပေါ်တူဂီရဲ့ အခြေအနေ

စပိန်ကို သရေကစားခဲ့တဲ့ပွဲမှာ ပေါ်တူဂီရဲ့ ခြေစွမ်းပိုင်း ကောင်းမွန်ခဲ့ပါတယ်။ အထူးသဖြင့် တန်ပြန်တိုက်စစ် ထက်မြက်ခဲ့ပြီး ရော်နယ်ဒို ခြေစွမ်းပြသနေတာကြောင့်လည်း တိုက်စစ်ကစားပုံက ပိုမိုကောင်းမွန်လာတယ်။ ပေါ်တူဂီ အနေနဲ့ ဒီပွဲမှာ အနိုင်ရမှသာ အုပ်စုကတက်နိုင်ဖို့မျှော်လင့်နိုင်မှာဖြစ်တဲ့အတွက် တိုက်စစ်ကို အားပြုကစားလာဖို့ ရှိနေပါတယ်။

### မော်ရိုကိုရဲ့ အခြေအနေ

မော်ရိုကိုကတော့ အီရန်ကိုရှုံးနိမ့်ခဲ့တာကြောင့် ဒီပွဲမှာထပ်မံအရေးနိမ့်ခဲ့မယ်ဆိုရင် ပြိုင်ပွဲကထွက်ရဖို့ သေချာသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မော်ရိုကိုတို့ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဒါပေမယ့် မော်ရိုကိုရဲ့ တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေ ရှိတာ သတိပြုရမှာဖြစ်ပြီး ကွင်းလယ်ပိုင်းမှာလည်း ပေါ်တူဂီရဲ့ ကွင်းလယ်ကို ယှဉ်နိုင်ဖို့ ခက်ပါတယ်။

### သုံးသပ်ချက်

ပေါ်တူဂီတို့ နိုင်ပွဲရရေး အားစိုက်လာမှာဖြစ်သလို မော်ရိုကိုကလည်းပြိုင်ပွဲက မထွက်ရရေး အားစိုက်ကစားလာမှာဖြစ်တယ်။ ဒါပေမယ့် ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းမှာတော့ ပေါ်တူဂီက အားသာနေလို့ ပေါ်တူဂီပဲ အနိုင်ရမယ်။

# အီရန်ရဲ့ခံစစ်ကို ခက်ခက်ခဲခဲ ကျော်ဖြတ်ရမယ့် စပိန်

**၂၁ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Kazan' Arena )**

ဇွန် ၂၀ ရက်(ယနေ့ည) မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (ခ) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ အီရန်နဲ့ စပိန်တို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။

### အီရန်ရဲ့ အခြေအနေ

အဖွင့်ပွဲမှာ မော်ရိုကိုကို မထင်မှတ်ဘဲ အနိုင်ကစားနိုင်ခဲ့တဲ့ အီရန်ရဲ့ခြေစွမ်းက ကောင်းမွန်ပါတယ်။ တိုက်စစ်ပိုင်းက အားနည်းမှုတွေရှိနေပေမယ့် ခံစစ်ပိုင်းကတော့ ကျစ်လျစ်မှုရှိနေပြီး ခံစစ်ကစားပုံ ကောင်းမွန်လွန်းတဲ့ အသင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီပွဲမှာ သရေကစားနိုင်ခဲ့မယ်ဆိုရင် အီရန်အနေနဲ့ အုပ်စုကတက်နိုင်ရေး မျှော်လင့်နိုင်မှာဖြစ်တာကြောင့်ခံစစ်ကိုသာ အားပြုကစားလာမှာ သေချာနေပါတယ်။

### စပိန်ရဲ့ အခြေအနေ

စပိန်ဟာ အုပ်စုအဖွင့်ပွဲမှာ ပေါ်တူဂီကို အနိုင်မယူနိုင်ဘဲ သရေသာကစားနိုင်ခဲ့တာကြောင့် နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့အတွက်ဆိုရင် ဒီပွဲမှာ မဖြစ်မနေ အနိုင်ရဖို့ လိုအပ်နေပါတယ်။ ဒါကြောင့်လည်း စပိန်တို့ တိုက်စစ်အားပြုကစားလာမှာဖြစ်ပြီး ကော်စတာခြေစွမ်းပြနေလို့လည်း တိုက်စစ်ကစားပုံက ထက်မြက်နေပါတယ်။

### သုံးသပ်ချက်

စပိန်တို့ တိုက်စစ်ဖွင့်ကစားလာမှာဖြစ်ပေမယ့် အီရန်ရဲ့ ခံစစ်ကိုတော့ ခက်ခက်ခဲခဲ ကျော်ဖြတ်ရနိုင်ပါတယ်။ အီရန်ဟာ သရေတစ်မှတ်ကို ဦးတည်ပြီး ခံစစ်ကို အသေအချာပိတ်ကစားမှာဖြစ်လို့ စပိန်တို့ ဂိုးပြတ်နိုင်ဖို့ဆိုတာ ခက်ခဲလွန်းပါတယ်။

# အုပ်စုဒုတိယပွဲမှာလည်း နိုင်ပွဲရယူမယ့် ဥရုဂွေး

**၂၀ ဇွန်လ ၂၀၁၈ ည ၉း၃၀ (Rostov Arena)**

ဇွန် ၂၀ ရက်(ယနေ့ည) မှာတော့ ၂၀၁၈ ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (က) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဥရုဂွေးနဲ့ ဆော်ဒီအာရေဗျတို့ရဲ့ ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။

### ဥရုဂွေးရဲ့ အခြေအနေ

ဥရုဂွေးဟာ အဖွင့်ပွဲမှာ အီဂျစ်ကို ၁-၀ ဂိုးနဲ့သာ အနိုင်ရခဲ့ပေမယ့် ခြေစွမ်းထက်မြက်တဲ့ တိုက်စစ်မှူးကောင်းတွေ အများစုကို ပိုင်ဆိုင်ထားတဲ့ အသင်းပါ။ အိမ်ရှင်ရုရှားကလည်း ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ဥရုဂွေးတို့ ဒီပွဲမှာ မဖြစ်မနေ ဂိုးပြတ်နိုင်ပွဲရယူဖို့ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဥရုဂွေးဟာ အသင်းလိုက် စွမ်းဆောင်မှုလည်း မျှတမှုရှိတဲ့ အသင်းဖြစ်တယ်။

### ဆော်ဒီအာရေဗျရဲ့ အခြေအနေ

အာရှအသင်းဖြစ်တဲ့ ဆော်ဒီက အဖွင့်ပွဲမှာ အိမ်ရှင်ရုရှားကို အရေးနိမ့်ခဲ့လို့ ဒီပွဲမှာသာ ထပ်မံအရေးနိမ့်ခဲ့ရင် ပြိုင်ပွဲက ထွက်ရဖို့ သေချာသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆော်ဒီတို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ခံစစ်ကစားပုံနဲ့ အသင်းလိုက် စွမ်းဆောင်ရည်ပိုင်းက အားနည်းမှုတွေ များနေပြီး ရုရှားရဲ့ ကွင်းလယ်နဲ့ တိုက်စစ်ကိုတောင် ထိန်းချုပ်နိုင်မှု မရှိခဲ့ပါဘူး။

### သုံးသပ်ချက်

ဥရုဂွေးဟာ အီဂျစ်နဲ့ပွဲမှာ ဂိုးရဖို့ ရုန်းကန်ခဲ့ရပေမယ့် တိုက်စစ်ကောင်းပါတယ်။ ပွဲကိုထိန်းချုပ်ကစားမှုနဲ့ ခံစစ်ပိုင်းကတော့ ဆော်ဒီဟာ အီဂျစ်လောက် ကောင်းမွန်မှုမရှိတာ သတိပြုရမှာပါ။ ဥရုဂွေးပဲ ဂိုးပြတ်အနိုင်ရမယ်။

## ကမ္ဘာ့ဖလားပွဲများ ဆက်လက်ယှဉ်ပြိုင် ဂျပန်နှင့် ဆီနီဂေါ နိုင်ပွဲများရရှိ

၂၀၁၈ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇွန် ၁၉ ရက် ညနေပိုင်းတွင် အုပ်စုပထမပွဲစဉ်၏ နောက်ဆုံးပွဲစဉ်အဖြစ် အုပ်စု(ဇ)မှ ကိုလံဘီယာနှင့် ဂျပန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျပန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပွဲစပြီးမကြာမီ ကိုလံဘီယာကွင်းလယ်လူ ကားလို့စ်ဆန်းချက်ဇ် ဂိုးဧရိယာအတွင်း လက်ဖြင့်တားဆီးခဲ့၍ တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရပြီး ဂျပန်အသင်း ပယ်နယ်တီကန်ခွင့်ရရာ ကာဂါဝါက သွင်းယူခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် ကိုလံဘီယာအသင်း ၁၈ ကိုက်အစပ်တွင် ပြစ်ဒဏ်ဘောရရှိကာ ကင်တာရိုက တိုက်ရိုက်ကန်သွင်းကာ ချေပဂိုးရရှိခဲ့သည်။ ဒုတိယပိုင်းတွင် ကိုလံဘီယာအသင်း တစ်ယောက်လျော့ဖြင့် ခုခံကစားခဲ့သော်လည်း ပွဲချိန် ၇၃ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် တိုက်စစ်မှူး အိုဆာကိုက ခေါင်းတိုက်သွင်းယူကာ ဂျပန်အသင်း အနိုင်ဂိုးရရှိခဲ့သည်။

ယနေ့ပွဲတွင် ဂျပန်အသင်းသည် တောင်အမေရိကအသင်းကို အနိုင်ယူခဲ့သည့် အာရှမှ ပထမဆုံးအသင်းဖြစ်ခဲ့ပြီး ယင်းပွဲတွင် ၂၀၁၈ ကမ္ဘာ့ဖလားတွင် ပထမဦးဆုံး အနီကတ်ထုတ်သုံးရသည့် ပွဲလည်းဖြစ်သည်။

အုပ်စု(ဇ)မှ ပွဲစဉ်တစ်ပွဲဖြစ်သည့် ပိုလန်နှင့် ဆီနီဂေါပွဲကို ဇွန် ၁၉ ရက် ညပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ဆီနီဂေါအသင်း နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် ပိုလန်အသင်းသည် ပွဲချိန် ၃၇ မိနစ်တွင် နောက်တန်းကစားသမား သီယာဂိုစီရိုနက်ခ်ဖျက်ထုတ်ရာမှ ဂိုးဝင်ခဲ့သဖြင့် ဆီနီဂေါအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ဒုတိယပိုင်း မိနစ် ၆၀ တွင် အမ်ဘာရီနိုင်းက ဆီနီဂေါအတွက် ဒုတိယဂိုး သွင်းယူခဲ့ပြီး ပိုလန်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် ခရီချိုဝိစ်က သွင်းယူခဲ့သည်။

ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(ဆ)မှ တူနီးရှားနှင့် အင်္ဂလန်ပွဲတွင် အင်္ဂလန်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အင်္ဂလန်အတွက် ဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် ဟယ်ရီကိန်းက သွင်းယူခဲ့ပြီး တူနီးရှားအတွက် တစ်လုံးတည်းသော ဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် ဖာဂျာနီ ဆက်ဆီက ပယ်နယ်တီသွင်းယူခဲ့သည်။ ယင်းပွဲတွင် အင်္ဂလန်အသင်း အဆုံးသတ်မသေချာခဲ့ဘဲ ဂိုးကန်သွင်းခွင့် ၁၆ ကြိမ် ရရှိခဲ့သည်။

**သီဟ**

## မြန်မာ ယူ-၁၉ နှင့် စင်ကာပူ ယူ-၂၃ ယနေ့ခြေစမ်းမည်

**ရန်ကုန် ဇွန် ၁၉**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်သည့်အနေဖြင့် စင်ကာပူနိုင်ငံ၌ သွားရောက်လေ့ကျင့်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ဇွန် ၂၀ ရက် **(ယနေ့)** တွင် စင်ကာပူ ယူ-၂၃ အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ဇွန် ၁၆ ရက်မှစ၍ စင်ကာပူနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေခြင်းဖြစ်ပြီး ပထမခြေစမ်းပွဲအဖြစ် ဇွန် ၁၈ ရက်က စင်ကာပူလိဂ်တွင် လာရောက်ကစားနေသည့် ဂျပန်ကလပ် နီဂါတာအသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းခြေစမ်းပွဲကို ကွင်းပိတ်ကစားခြင်းဖြစ်ပြီး ခြေစမ်းပွဲရလဒ်ကို နီဂါတာအသင်း Facebook မှ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် စင်ကာပူဘောလုံးအဖွဲ့ချုပ်၏ ဖိတ်ကြားမှုအရ စင်ကာပူ ယူ-၂၃ အသင်းနှင့်ခြေစမ်းကစားခြင်းဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်းအား ဖွဲ့စည်းရခြင်း မရှိသေးသောကြောင့် ယူ-၁၉ အသင်းအား ယူ-၂၃ (ခ) အမည်ဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် မေ ၁၀ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့ပြီး ပြည်တွင်းခြေစမ်းပွဲလေးပွဲ ကစားထားကာ နိုင်ငံတကာခြေစမ်းပွဲကိုမူ ယခုမှ စတင်ကစားခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် စင်ကာပူခြေစမ်းခရီးစဉ်အတွက် ကစားသမား ၂၃ ဦး ခေါ်ဆောင်သွားခဲ့သည်။

မြန်မာယူ-၁၉ အသင်းတွင် **အုပ်ချုပ်သူ**-ဦးတင်မြင့်အောင်၊ **နည်းပြချုပ်**-ဦးမျိုးလှိုင်ဝင်း၊ **လက်ထောက်နည်းပြ**-ဦးဘိုဘိုအောင်၊ ဦးလင်းလင်းထွေး၊ **ဂိုးနည်းပြ** - ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ဇင်ညီညီအောင်၊ သူရကျော်၊ ပြည့်ဖြိုးအောင်၊ **နောက်တန်း**-စည်သူမိုးခန့်၊ အောင်ဝဏ္ဏစိုး၊ ဟိန်းထက်စည်သူ၊ ရဲလင်းထက်၊ တေဇော်လင်း၊ ငြိမ်းချမ်းအောင်၊ စိုးမိုးကျော်၊ နိုင်ကိုကို၊ **အလယ်တန်း** - ဝဏ္ဏထွန်း၊ နန်းထိုက်ဇော်၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်-၁၊ မြတ်ကောင်းခန့်၊ သူရစံ၊ **ရှေ့တန်း**-ထက်ဖြိုးဝေ၊ ထက်အာကာလင်း၊ လှမ်းမိုးဦး၊ ပြည့်စုံနိုင်၊ ရဲရင့်အောင်၊ ဝင်းနိုင်ထွန်းတို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**



မြန်မာ ယူ-၁၉ အသင်း စင်ကာပူခြေစမ်းခရီးစဉ်မတိုင်မီ လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွှန့်

## မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း အာရှခြေစစ်ပွဲအတွက် စတင်လေ့ကျင့်

**ရန်ကုန် ဇွန် ၁၉**

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် စက်တင်ဘာလတွင် ယှဉ်ပြိုင်ရမည့် အာရှ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲ (ပထမအဆင့်)အတွက် လေ့ကျင့်ပြင်ဆင်မှုများ စတင်ပြုလုပ်လျက်ရှိသည်။

အသင်းကို ၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် အသင်းကို အခြေခံကာ ကစားသမားသစ်များဖြင့် အားဖြည့် ရွေးချယ်ထားခြင်းဖြစ်သည်။ နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ဆက်လက်ကိုင်တွယ်လျက်ရှိပြီး ခြေစစ်ပွဲ အောင်မြင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲ (ပထမအဆင့်)မတိုင်မီ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပြည်ပခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲ (ပထမအဆင့်)တွင် အုပ်စု (င)၌ ပါဝင်နေပြီး မလေးရှား၊ ဖိလစ်ပိုင်၊ နီပေါ၊ ဆီးရီးယားတို့နှင့် ကျရောက်နေကာ နီပေါနိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၅ ရက်တွင် မလေးရှား၊ ၁၉ ရက်တွင် နီပေါ၊ ၂၁ ရက်တွင် ဆီးရီးယား၊ ၂၃ ရက်တွင် ဖိလစ်ပိုင်တို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအဆင့်ခြေစစ်ပွဲတွင် အသင်း ၃၀ ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုခြောက်ခုမှ ထိပ်ဆုံးခြောက်သင်းနှင့် အုပ်စုဒုတိယနေရာရ အသင်းများအနက် ထိပ်ဆုံးနှစ်သင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးနှစ်သင်းစီသာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲတွင် MIC နှင့် VUC အသင်း အနိုင်ရ

**ရန်ကုန် ဇွန် ၁၉**

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် MIC အသင်းအတွက် ရည်ရွယ်ကျင်းပသည့် Imperial Cup 2018 ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းက အား/ကာသိပ္ပံ (ရန်ကုန်)၌ ကျင်းပရာ MIC နှင့် VUC အသင်း အနိုင်ရခဲ့သည်။ MIC အသင်းသည် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ မတိုင်မီ ကြိုတင်ပြင်ဆင်မှုရရန် ယခုပြိုင်ပွဲ ကျင်းပခြင်းဖြစ်ပြီး အဖွင့်ပွဲတွင် ရလဒ်ကောင်း ရယူနိုင်ခဲ့သည်။

ပြိုင်ပွဲပထမနေ့တွင် VUC အသင်းက Titans XII အသင်းကို ၁၆ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Titans XII အသင်းသည် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသောကြောင့် VUC အသင်းက စိတ်ကြိုက်ဖိကစားကာ ဂိုးပြတ်သွင်းခဲ့ခြင်းဖြစ်သည်။ MIC အသင်းနှင့် GV Athletic အသင်းတို့ပွဲတွင် MIC အသင်းက လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ MIC အသင်းသည် ပထမပိုင်းတွင် တစ်ဂိုးဖြင့်သာ အနိုင်ရနေပြီး ဒုတိယပိုင်းမှသာ သုံးဂိုးထပ်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယနေ့ကို ဇွန် ၂၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး VUC အသင်းနှင့် GV Athletic အသင်း၊ MIC အသင်းနှင့် Titans XII အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းက ဗိုလ်လုပွဲနှင့် အဆင့် (၃၊၄) နေရာရ အသင်းတို့က တတိယလုပွဲ ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မလေးရှားနိုင်ငံတွင် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက်ဆက်စပ်သော ကွင်းဆက်တရားခံများ ဆက်လက်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

မလေးရှားနိုင်ငံတွင် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက်သော ကွင်းဆက်တရားခံများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ဇွန် ၂ ရက်တွင် မင်းနိုင်အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အမှုဖွင့်ကာ ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ပို့ဆောင်ခဲ့သူ မောင်မောင်(ခ) Yassin အား ဇွန် ၅ ရက်တွင် မန္တလေးမြို့(၁၆)မိုင်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိခဲ့သည်။ မောင်မောင်၏ ထွက်ဆိုချက်အရ မလေးရှားတွင် တွေ့ဆုံသိကျွမ်းခဲ့သည့် ချင်ကျားမူ(ခ) မကျားဝေ(ခ) နှင်းဦးလွင်(ဖမ်းမမိသေး) တာချီလိတ်မြို့နေသူထံမှ မူးယစ်ဆေးဝါးများအား မြန်မာပြည်တွင်း အဆင့်ဆင့်သော သယ်ဆောင်သူများဖြင့် ကားလမ်းကြောင်းနှင့် မော်တော်ယာဉ်အမျိုးမျိုးတို့ကိုအသုံးပြုကာ တာချီလိတ်မှတစ်ဆင့် ရန်ကုန်မြို့ လှည်းကူးမြို့နယ်ရှိ မင်းနိုင်ပိုင် Nice Guy သောက်ရေသန့်စက်ရုံသို့ ပို့ခဲ့ကြောင်း၊ ၎င်းစက်ရုံမှတစ်ဆင့် ဟူစိန်(ခ) မိုဟာမက်ဟူစိန် (ဖမ်းမမိသေး)က ၎င်း၏ Bongo Box ယာဉ်ဖြင့် အောက်ပုဇွန်တောင်လမ်းရှိ မောင်မောင်၏ ဂိုဒေါင်သို့ ပို့ဆောင်ခဲ့ကြောင်း၊ ၎င်းမှတစ်ဆင့် မင်းနိုင်၏ Nice Guy Clerance Service Agency မှ စီစဉ်ပေးမှုဖြင့် ကွန်တိန်နာအတွင်း မြန်မာ့ရိုးရာအစားအသောက်များနှင့် ရောနှောကာ မလေးရှားနိုင်ငံသို့ ပို့ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ရေလမ်းကြောင်းဖြင့် မလေးရှားနိုင်ငံသို့ ရောက်ရှိကာ မလေးရှားနိုင်ငံတွင် နေထိုင်ပြီး စတိုးဆိုင်ဖွင့်လှစ်ထားသူ ဇေယျာဟိန်း (မောင်မောင်(ခ) Yassin ၏ ယောက်ဖ)မှ အဆင့်ဆင့်သော အဆက်အသွယ်များဖြင့် လက်ခံရယူထိန်းသိမ်းပြီး ၎င်းမှတစ်ဆင့် ချင်ကျားမူ (ခ)မကျားဝေ(ခ)နှင်းဦးလွင်၏ ခင်ပွန်း အကိုကြီး(ခ) ကတုံး (စိစစ်ဆဲ၊ မလေးရှားနိုင်ငံတွင်နေထိုင်သူ)ထံသို့ ဆက်လက်ပေးပို့ရကြောင်း၊ အကိုကြီး(ခ)ကတုံးသည် မလေးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးနေသူ တစ်ဦးဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။ ၎င်းနောက် ဇေယျာဟိန်းအား နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရန် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာစဉ် ဇွန် ၉ ရက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

မောင်မောင်နှင့် ဇေယျာဟိန်းတို့နှစ်ဦးကို တိုက်ဆိုင်စစ်ဆေး ထွက်ဆိုချက်များအရ ထားဝယ်မြို့တွင် နေထိုင်သူ ထားဝယ်ကြီး (ခ) အောင်လွင်အား မလေးရှား၌ တွေ့ဆုံသိကျွမ်းခဲ့ပြီး ၎င်းတို့သည် ချင်ကျားမူ(ခ) မကျားဝေ(ခ) နှင်းဦးလွင်နှင့်


ထားဝယ်ကြီး(ခ) အောင်လွင် (ဖမ်းမိ)


ဟူစိန်(ခ)မိုဟာမက်ဟူစိန်(တိမ်းရှောင်)

ဆက်သွယ်ကာ မူးယစ်ဆေးဝါးများကို မလေးရှားနိုင်ငံသို့ ပို့ဆောင်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သဖြင့် ဇွန် ၁၂ ရက်တွင် ထားဝယ်ကြီး (ခ) အောင်လွင်ကို မလွဲတောင် စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိခဲ့ကာ ၎င်း၏ ထားဝယ်မြို့နေအိမ်မှ ICE ၁၀ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

ထားဝယ်ကြီး(ခ)အောင်လွင်၏ ထွက်ဆိုချက်အရ မောင်မောင် (ခ) Yassin၊ ဇေယျာဟိန်း၊ ချင်ကျားမူ (ခ)မကျားဝေ (ခ)နှင်းဦးလွင်နှင့် ၎င်း၏ခင်ပွန်း အကိုကြီး (ခ)ကတုံးတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးများကို မင်းနိုင်၏အကူအညီဖြင့် မလေးရှားနိုင်ငံသို့ ပေးပို့ခဲ့ကြောင်းနှင့် ၎င်းသည် ယခင်က မလေးရှားနိုင်ငံ၌ မူးယစ်ဆေးဝါးမှုဖြင့် ထောင်ကျခဲ့ဖူးကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

တရားခံများ၏ အစစ်ခံဖော်ထုတ်ချက်များအရ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်ရာမှရရှိသော အကျိုးအမြတ်များဖြင့် ရယူပိုင်ဆိုင်ထားသည်ဟု ယူဆရသည့် မြေ၊ အဆောက်အအုံ၊ မော်တော်ယာဉ်၊ ရွှေ၊ ငွေ၊ဘဏ်စာရင်းများကို စိစစ်ခဲ့ရာ မောင်မောင်(ခ) Yassin (ဖမ်းမိ)ထံမှ ခန့်မှန်းကျပ်သိန်းပေါင်း ခုနစ်သောင်းကျော်၊ ထားဝယ်ကြီး(ခ)အောင်လွင်(ဖမ်းမိ)ထံမှ ခန့်မှန်းကျပ်သိန်းပေါင်း နှစ်သောင်းခုနစ်ထောင်ကျော်၊ ဇေယျာဟိန်း (ဖမ်းမိ)ထံမှ ခန့်မှန်းကျပ်သိန်းပေါင်း လေးထောင်ကျော်၊ မင်းနိုင်(ဖမ်းမိ)ထံမှ ခန့်မှန်းကျပ်သိန်းပေါင်း ငါးရာခန့်၊ ချင်ကျားမူ (ခ) မကျားဝေ


ချင်ကျားမူ(ခ)မကျားဝေ(ခ)နှင်းဦးလွင်နှင့် အကိုကြီး(ခ)ကတုံး (တိမ်းရှောင်)

(ခ)နှင်းဦးလွင်**(တိမ်းရှောင်)** ပိုင်ဆိုင်သည့် ခန့်မှန်းကျပ်သိန်းပေါင်း ရှစ်သောင်းကျော်၊ ဟူစိန်(ခ)မိုဟာမက်ဟူစိန်**(တိမ်းရှောင်)** ပိုင်ဆိုင်သည့် ခန့်မှန်းကျပ်သိန်းပေါင်း ငါးထောင်ကျော်တို့အား ကနဦးစိစစ်တွေ့ရှိရ၍ ထိန်းသိမ်းကာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

တရားခံပြေး ချင်ကျားမူ (ခ)မကျားဝေ(ခ) နှင်းဦးလွင် (၄၅)နှစ်ခန့်၊ (ဖ) ဦးစိုင်းမောင်၊ မှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၁၂၈၈၆၆၊ အမှတ် ၁/၆(၅၆)၊ ဘုရားဖြူလမ်း၊ နယ်မြေ(၁)၊ ပန်းတင်လမ်းခွဲ၊ တောင်ကြီးမြို့နှင့် အမှတ် (၂/၂၉) ဗိုလ်ချုပ်လမ်း၊ မယ်ခေါင်ရပ်ကွက်၊ တာချီလိတ်မြို့နေသူနှင့် ဟူစိန်(ခ)မိုဟာမက်ဟူစိန်၊ (၄၄)နှစ်ခန့်၊ (ဖ)ဦးဂိုလာမာမက်၊ မှတ်ပုံတင်အမှတ် ၁၀/မလန(နိုင်) ၁၅၀၈၀၂၊ အမှတ် ၈၁/F၊ ပထမထပ်၊ ၅၅ လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ နေသူတို့အား တွေ့ရှိပါက နီးစပ်ရာရဲစခန်းအသီးသီးသို့ သတင်းပေးပို့နိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၀ - ၆ - ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၉း၄၀ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီ-ထွန်းအိန္ဒြာဗိုလ်)

၁၃း၁၀ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III) (ပွဲစဉ်-၂) (ရန်ကုန်မြို့) (ပထမပိုင်း)

**ညပိုင်း**

၁၆း၃၅ - “ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ”(၆၂)

၁၇း၂၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် “ပင်လယ်ကြီးက ဘာပြောလဲ”

၁၇း၃၅ - MRTV Travelogue

၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ “ဇနီးချောများကွန်ယက်” (အပိုင်း-၄) ဖိုးသောကြာ၊ မေရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ- အောင်သြဘာ)

၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ

- သုခမရင်ခွင် အငြိမ့်သဘင် “အလင်္ကာဖန်တီးရှင် အငြိမ့်” (မင်းသမီး-ပဲခူးသိင်္ဂီဝင်း၊ လူရွှင်တော်-ရန်ကျော်၊ အေရိန်း၊ ထူးချွန်၊ စွမ်းထက်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

- နိုင်ငံခြားဇာတ်လမ်းတွဲ “မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း”(အပိုင်း-၂၆)

# ဦးကိုနီလုပ်ကြံခံရမှုနှင့် ပတ်သက်၍ နှစ်ဖက်ရှေ့နေများ ရာဇဝတ်ပြင်ဆင်မှုကို စွဲချက်တင် အမိန့်ချ

ရန်ကုန် ဇွန် ၁၉

**ဦးကိုနီလုပ်ကြံခံရမှု နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ နှစ်ဖက်ရှေ့နေများ ရာဇဝတ်ပြင်ဆင်မှု ရှစ်မှုကို တိုင်းတရားသူကြီး ဦးအောင်နိုင် တရားခွင် ၇ ၌ မေ ၂၅ ရက်တွင် အပြီးသတ်ကြားနာခဲ့ပြီး၍ ရာဇဝတ်ပြင်ဆင်ချက်အမိန့်ကို ဇွန် ၁၈ ရက်က ဤတရားခွင်၌ပင် ချမှတ်ခဲ့ကြောင်း သိရသည်။**

### မူလအထူးတရားခုံရုံးစွဲချက်အမိန့်

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှု အမှတ် ၄၅/၂၀၁၇ တရားလို ရဲအုပ်မိုးနိုင်၊ တရားခံ ကြည်လင်း(ခ)ဖိုးထူး ပါ-၄ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂/၃၄/၂၁၂ အရ လူသတ်မှုနှင့် ရာဇဝတ်ကြီးအမှု အမှတ် ၄၆/၂၀၁၇ တရားလို ရဲမှူး မြတ်ထွန်းကျော်၊ တရားခံ ကြည်လင်း(ခ)ဖိုးထူး ပါ-၂ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)အရ စွဲဆိုထားမှု စစ်ဆေးရန် တရားလိုပြသက်သေ ၈၀ တင်ပြထားရာမှ ရှစ်ဦးကိုပယ် ၇၂ ဦး စစ်ဆေးပြီးနောက် မြောက်ပိုင်းခရိုင် အထူးတရားခုံရုံး၏ စွဲချက်အမိန့်ချမှတ်ခဲ့ရာတွင် သေနတ်သမား ကြည်လင်း(ခ)ဖိုးထူးကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ နှင့် ပုဒ်မ ၃၀၂(၂) အရ လည်းကောင်း၊ အမှုနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုးတို့ကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရလည်းကောင်း၊ အချုပ်လွတ် အာမခံရရှိထားသူ အောင်ဝင်းထွန်းကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁၂ အရ လည်းကောင်း၊ သေနတ်သမားကြည်လင်း(ခ)ဖိုးထူးနှင့် အမှု၌ပါဝင်ပတ်သက်သူ အောင်ဝင်းဇော် တို့အား လက်နက်များအက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)အရ လည်းကောင်း မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးက စွဲချက်တင်အမိန့်များ အသီးသီးချမှတ်ခဲ့သည်။

### ပြင်ဆင်မှုတက်ရောက်သည်ကို နှစ်ဖက်ကြားနာ

အမှုနှင့် သက်ဆိုင်သူများက မြောက်ပိုင်းခရိုင် အထူးတရားခုံရုံး စွဲချက်အမိန့်အား ကျေနပ်မှုမရှိ၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ရာဇဝတ်ပြင်ဆင်မှုများ တင်လျှောက်ထားရာ၌ တိုင်းတရားလွှတ်တော် အမှုအမှတ် ၁၄၃(ခ)/၂၀၁၈ အယူခံတရားလို ဦးကိုနီ၏ ဇနီး ဒေါ်တင်အေး၊ ၎င်း၏ရှေ့နေ ဦးခင်မောင်ဌေး၊ အမှုအမှတ် ၅၇(ခ)/၂၀၁၈ အယူခံတရားလို TAXI ယာဉ်မောင်း ဦးနေဝင်း၏ ဇနီး ဒေါ်စုသက်ခိုင်၊ ၎င်း၏ရှေ့နေ ဦးရောဘတ်စန်းအောင်၊ အမှုအမှတ် ၆၁(ခ)/၂၀၁၈ နှင့် အမှုအမှတ် ၆၅(ခ)/၂၀၁၈ အယူခံတရားလို ကြည်လင်း(ခ)ဖိုးထူး၊ အမှုအမှတ် ၆၂(ခ)/၂၀၁၈ နှင့် အမှုအမှတ် ၆၄(ခ)/၂၀၁၈ အယူခံတရားလို အောင်ဝင်းဇော်၊ အမှုအမှတ် ၅၄(ခ)/၂၀၁၈ အယူခံတရားလို ဇေယျာဖြိုး၊ အမှုအမှတ် ၆၃(ခ)/၂၀၁၈ အယူခံတရားလို အောင်ဝင်းထွန်း၊ အားလုံးတို့၏ရှေ့နေ ဦးကျော်ကျော်ထိုက်က ရာဇဝတ်ပြင်ဆင်မှု ၆ မှု စုစုပေါင်း ရာဇဝတ်ပြင်ဆင်မှု ၈ မှု၊ တက်ရောက်ရာပြင်ဆင်မှု ၈ မှုအား မေ ၂၅ ရက်တွင် တိုင်းတရားသူကြီး ဦးအောင်နိုင် တရားခွင် ၇ ၌ နှစ်ဖက်အကျိုးဆောင်ရှေ့နေများ၏ လျှောက်လဲချက်ကို ကြားနာခဲ့သည်။

### တရားခွင်၌ပြောကြား

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တိုင်းတရားသူကြီး ဦးအောင်နိုင်က “ဒီအမှုဟာ အများစိတ်ဝင်စားတဲ့ အမှုဖြစ်တယ်၊ ဦးရောဘတ်စန်းအောင်ရဲ့ဖေ့စ်ဘွတ်ခ်မှာတင်တဲ့ အချက်အလက်တွေ၊ ဇေယျာဖြိုးက သတင်းစာအပေါ်ပြောပြချက်တွေနဲ့မဆိုင်ဘူး၊ ဖိအားတွေ မရှိဘူး၊ ဒါကြောင့် ကျွန်တော်မြင်တဲ့အတိုင်း တိတိကျကျ အမိန့်ချမှာ၊ ဒီအမှုကိစ္စနဲ့ ပတ်သက်လို့ အပြင်မှာပြောကြမယ်၊ ပြန်ကြားကြမယ်ဆိုရင် ကျွန်တော်က ဘယ်ပုဒ်မ ဘာကိုတော့ အတည်ပြုတယ်၊ ဘယ်ပုဒ်မက ဘယ်လိုရှိတယ်ဆိုတာကို အကြောင်းပြချက်တွေနဲ့ တင်ပြကြဖို့ မေတ္တာရပ်ခံချင်ပါတယ်”ဟု တရားခွင်၌ ပြောကြားသည်။

### ပြင်ဆင်မှုအမိန့်ချမှတ်

တိုင်းဒေသကြီးတရားလွှတ်တော် သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြသွေးက “ဒီကနေ့ ကြည်လင်း(ခ)ဖိုးထူးကို ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ ပုဒ်မ ၃၀၂(၂) အရလည်းကောင်း၊ အောင်ဝင်းဇော်နဲ့ ဇေယျာဖြိုးတို့ကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရလည်းကောင်း၊ အောင်ဝင်းထွန်းကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁၂ အရ လည်းကောင်း၊ မူလက မြောက်ပိုင်းခရိုင် အထူးတရားခုံရုံး စွဲချက်အမိန့်အပြင် လုပ်ကြံခံရသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီရဲ့ဇနီးဒေါ်တင်အေး၊ TAXI ယာဉ်မောင်း သေနတ်ထိမှန်သေဆုံးသူ ဦးနေဝင်းရဲ့ ဇနီး ဒေါ်စုသက်ခိုင်တို့က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ (၄၁)(၄၉)(၅၄)အရပါ ထပ်မံစွဲချက်လျှောက်တာကို ပလပ်ခဲ့တာပါ၊ နောက် အောင်ဝင်းဇော်၊ ကြည်လင်း(ခ)ဖိုးထူး၊ အောင်ဝင်းထွန်း ပြင်ဆင်ချက် သုံးမှုအား သက်သေခံပေါ်ပေါက်ချက်အရ ပလပ်ခဲ့ပါတယ်၊ ဇေယျာဖြိုး ပြင်ဆင်ချက် မူလကစွဲချက် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၁၀၉ အရ နဲ့ ပြောင်းလဲပြင်ဆင်မိန့် ချမှတ်ခဲ့ပါတယ်၊ လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)အရဖြင့် မူလ စွဲချက်အမိန့် ကြည်လင်း(ခ)ဖိုးထူးနဲ့ အောင်ဝင်းဇော်တို့ မကျေနပ်မှုပြင်ဆင်ချက်မှာ အမှုတွဲများ ပေါ်ပေါက်ချက်များ သက်သေခံချက်များအရ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ အရ ကြည်လင်း(ခ)ဖိုးထူး ပြင်ဆင်လျှောက်ထားချက်အား ပလပ်ပါတယ်၊ အောင်ဝင်းဇော်ရဲ့မူလစွဲချက်တင်အမိန့်ကို ပယ်ဖျက်ပြီး တရားရှင်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့ပါတယ်”ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပုသိမ်၌ ရေကြီးစဉ် ရပ်ကွက်ရေကန်ထဲ ပြုတ်ကျသေဆုံးသူ ရေကျချိန်မှ ဆယ်ယူရ

**ပုသိမ် ဇွန် ၁၉**

ပုသိမ်မြို့ အမှတ် ၂ နယ်မြေ ယိုးဒယားကုန်းအနိမ့်ပိုင်းနှင့် တိုင်တစ်ရာ ဆရာစံဘလမ်းအနီးရှိ ရေကန်ထဲမှ ဇွန် ၁၉ ရက် နံနက် ၉ နာရီခန့်တွင် ရေနစ်သေဆုံးသူတစ်ဦး ဆယ်ယူရရှိကြောင်း သိရသည်။

ရေနစ်သေဆုံးကြောင်း သတင်းအရ ပုသိမ်မြို့နယ်မြေရဲစခန်းမှ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မနောဖြူ လူမှုကူညီရေးအသင်းဝင်များက စစ်ဆေးရာ အဆိုပါရေကန်အနီး ရေကြီးနစ်မြုပ်ရပ်ကွက်တွင် နေထိုင်သူ ဦးကံထွန်း (၆၀ နှစ်)ဖြစ်ကြောင်း၊ ၎င်းသည် ဇွန် ၁၇ နှင့် ၁၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေမြုပ်လမ်းပျောက် ဖြစ်နေသော ၎င်းရပ်ကွက်မှ မိသားစုများကို အမျိုးသမီးကုန်းသို့ ရွှေ့ပြောင်းပေးခဲ့ပြီးနောက် ညဘက်တစ်ဦးတည်း ရေကြီးနစ်မြုပ်ရပ်ကွက်ထဲသို့ ပြန်လာခဲ့ရာမှ ကန်ပေါင်မရှိသော ရေကန်ထဲနစ်မြုပ်ရခြင်း ဖြစ်ကြောင်းဟု ယူဆရသည်။

ထို့ကြောင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် သိရှိရန် ပုသိမ်မြို့မရဲစခန်းက သေမှုသေခင်းဖွင့် အရေးယူထားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# ညောင်လေးပင်၌ ဓားထိုးမှုကျူးလွန်သူအား ဖမ်းဆီးနိုင်

**ညောင်လေးပင် ဇွန် ၁၉**

ညောင်လေးပင်မြို့နယ် ကြာအင်းကြီးကျေးရွာတွင် ဇွန် ၁၈ ည ၈ နာရီ မိနစ် ၄၀ ခန့်က အကြွေးကိစ္စဖြေရှင်းရာမှ လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကြာအင်းကြီးကျေးရွာ လယ်တဲ၌ နေထိုင်သူ မအေးအေးခိုင် (၄၂နှစ်)အား တစ်ရွာတည်းနေသူ သန်းဇော်လင်း (၂၃ နှစ်)က အကြွေးကိစ္စဖြေရှင်းရန် ခေါ်ဆောင်စဉ် ဦးစိုးခင်အိမ်ရှေ့အရောက်တွင် အသင့်ယူဆောင်လာသော အရိုးအသွား ၁၁ လက်မရှိ ဓားဖြင့် နောက်ကျောမှထိုးလိုက်ရာ မအေးအေးခိုင်မှာ အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားခဲ့ပြီး သန်းဇော်လင်းမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရာ ဇွန် ၁၉ ရက် နံနက် ၇ နာရီခန့်တွင် ဖမ်းဆီးနိုင်ခဲ့သည်။ ပြစ်မှုကျူးလွန်သူ သန်းဇော်လင်းကို ညောင်လေးပင်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း တရုတ်နိုင်ငံသို့ရောက်ရှိ

**ပေကျင်း ဇွန် ၁၉**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းသည် အင်္ဂါနေ့က တရုတ်နိုင်ငံသို့ရောက်ရှိလာခဲ့ပြီး ယခုနှစ်အတွင်း ၎င်း၏သုံးကြိမ်မြောက် ခရီးစဉ်လည်းဖြစ်ကြောင်း သိရသည်။ မစ္စတာ ကင်ဂျုံအန်းသည် အမေရိကန်သမ္မတထရန့်နှင့်တွေ့ဆုံပြီး တစ်ပတ်အကြာ၌ တရုတ်နိုင်ငံသို့လာရောက်ခဲ့ခြင်းဖြစ်သည်။ လုံခြုံရေးအပြည့်ဖြင့် ပေကျင်းမြို့လယ်ရှိ ညီ့ရိပ်သာသို့ မစ္စတာကင်အား ခေါ်ဆောင်သွားခဲ့ကြသည်။

ယခုတစ်ကြိမ် တရုတ်ပြည်၌ နှစ်ရက်တာ နေထိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးကပြောသည်။ အမေရိကန်သမ္မတထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့သည် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်ကင်းစင်ရေး လုပ်ဆောင်သွားရန် သဘောတူထားသည်။

သို့သော်မည်သို့ဆောင်ရွက်မလဲဆိုရာတွင် ကွဲလွဲမှုများရှိနေသည်။ မြောက်ကိုရီးယားဘက်မှ နျူကလီးယားလက်နက်ကင်းစင်ရေးအဆင့်လိုက်လုပ်ဆောင်သွားလိုပြီး တိုးတက်မှုများအတွက် ဖြေလျှော့မှုများလည်းရှိစေချင်သည်။ သို့သော် အမေရိကန်ကမူ မြောက်ကိုရီးယား၌ နျူကလီးယားလုံးဝမကင်းစင်သရွေ့ ပိတ်ဆို့မှုများ ဆက်လက်ထားရှိလိုသည်။

တရုတ်နိုင်ငံသည် မစ္စတာကင်၏ စင်ကာပူခရီးစဉ်အတွက် လေယာဉ်ကူညီမှု ပြုလုပ်ပေးခဲ့သည်။ မြောက်ကိုရီးယားသည် အမေရိကန်နှင့်ဆွေးနွေးသည့်အခါ ပိုမိုအခြေအနေကောင်းမွန်စေရေး၊ အသာစီးရရေးအတွက် တရုတ်နှင့် ခိုင်မာသည့်ဆက်ဆံရေးမျိုး တည်ဆောက်ရန်ရည်ရွယ်ချက်ရှိသည်ဟု လေ့လာသူများက ပြောသည်။ တရုတ်နိုင်ငံသည်မြောက်ကိုရီးယား၏ သံတမန်အရ အရေးပါသော မဟာမိတ်နိုင်ငံနှင့် စီးပွားရေးအရလည်း အရေးပါသောနိုင်ငံဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းလိုက်ပါလာသည်ဟု ယူဆရသော မော်တော်ယာဉ် ပေကျင်းမြို့ရှိ ညီ့ရိပ်သာသို့ ဝင်ရောက်လာစဉ်။

# အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြားပြည်နယ်တွင် ရေယာဉ်မှောက်မှုဖြစ်ပွားရာ လူတစ်ဦးထက်မနည်း သေဆုံးဖွယ်ရှိ

**ဂျကာတာ ဇွန် ၁၉**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြားပြည်နယ် ဒါနူတိုဘာကန် မြောက်ပိုင်းတွင် ဇွန် ၁၈ ရက်က ရေယာဉ်မှောက်မှုဖြစ်ပွားခဲ့ရာ လူတစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး ၄၀ ကျော်ပျောက်ဆုံးနေကြောင်း သိရသည်။

လူ ၈၀ ခန့်တင်ဆောင်လာသည့် ကူးတို့ရေယာဉ်တစ်စင်းသည် အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြားပြည်နယ် ပေါ်လာဆာမိုဆာမှ ထွက်ခွာလာပြီးနောက် တစ်ဖက်ဆိပ်ကမ်းရောက်ခါနီး ၁ ဒသမ ၆ ကီလိုမီတာခန့်အကွာတွင် ရုတ်တရက် နစ်မြုပ်သွားခြင်းဖြစ်သည်။

ရေယာဉ်မှောက်မှု ဖြစ်စဉ်တွင် သေဆုံးသူတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုက ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ရေယာဉ်မှောက်မှုကြောင့် လက်ရှိတွင် လူ ၄၀ ခန့် ပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ထားသူ ၃၃ ဦးအား ဆေးကုသရန် ဆေးရုံသို့ ပို့ဆောင်ထားပြီဖြစ်ကြောင်း မြောက်ဆူမတြားပြည်နယ် ရဲတပ်ဖွဲ့၏သတင်းကို ကိုးကား၍ အင်ဒိုနီးရှား သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။



ရာသီဥတု ဆိုးရွားခြင်းကြောင့် ရေယာဉ် မှောက်ခြင်းဖြစ်ကြောင်း ကနဦး စုံစမ်းစစ်ဆေးမှုများအရ သိရသည်။ ဒေသခံရဲတပ်ဖွဲ့၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဌာနတို့မှ ပျောက်ဆုံးသူများကို အရေးပေါ်ကယ်ဆယ်မှုများ ပြုလုပ်နေသော်လည်း ရာသီဥတု ဆိုးရွားမှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အဟန့်အတား အနှောင့်အယှက်များ ကြုံတွေ့နေကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းစုနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ရေယာဉ်နှင့် သင်္ဘောများကို အများပြည်သူသွားလာရာတွင် အဓိက အသုံးပြုနေရသော်လည်း လုံခြုံမှု အားနည်းသောကြောင့် ရေယာဉ်မှောက်မှုများ မကြာခဏဖြစ်ပွားနေကြောင်း သိရသည်။ **ဆင်ဟွာ**

# ဒေလီမြောက်ပိုင်းတွင် ရာဇဝတ်ဂိုဏ်းနှစ်ဂိုဏ်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ လူသုံးဦးသေဆုံး

**နယူးဒေလီ ဇွန် ၁၉**

ဒေလီမြို့မြောက်ပိုင်း ဘူရာရီမြို့ရှိ လူစည်ကားသော ဈေးတစ်ခုတွင် ရာဇဝတ်ဂိုဏ်းအချင်းချင်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးအပါအဝင် လူသုံးဦးသေဆုံးခဲ့ပြီး အခြားလူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်း ရာဇဝတ်ဂိုဏ်းများဖြစ်ကြသည့် ဂိုဂျီနှင့် တီလ်လူဂိုဏ်းမှ အဖွဲ့ဝင်များသည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ၎င်းတို့၏ ကားပေါ်မှနေပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်ခဲ့ရာ လူသုံးဦးသေဆုံးခဲ့ခြင်းဖြစ်သည်။

ဂိုဏ်းနှစ်ဂိုဏ်းကြား ပစ်ခတ်မှုဖြစ်ပွားနေစဉ်အတွင်း ပစ်ခတ်မှုအကြားရောက်ရှိသွားသည့် အမျိုးသမီးတစ်ဦးနှင့် ဂိုဏ်းနှစ်ဂိုဏ်းမှ အမျိုးသားနှစ်ဦးတို့ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရာဇဝတ်ဂိုဏ်းများအား မြို့အတွင်း ငွေညှစ်မှု၊ လူသတ်မှုတို့ဖြင့် တရားစွဲထားကြောင်း ရဲတပ်ဖွဲ့ကပြောခဲ့သည်။

၎င်းတို့ ရာဇဝတ်ဂိုဏ်းနှစ်ဂိုဏ်း ပစ်ခတ်မှုကို အဆိုပါဒေသအတွင်း တပ်ဆင်ထားသော စီစီတီဗွီ ကင်မရာတို့တွင်လည်း မှတ်တမ်းတင်ထားကြောင်း သိရသည်။

**ဆင်ဟွာ**



# ယီမင်နိုင်ငံ၏ အဓိကလေဆိပ်ကိုသိမ်းပိုက်နိုင်ရေး တိုက်ပွဲများပြင်းထန်လျက်ရှိ

**ဆာနား ဇွန် ၁၉**

ယီမင်နိုင်ငံ အစိုးရတပ်များသည် ဟူသီသူပုန်များအခြေစိုက်ထားသော ဟူဒေဒါဒေသရှိ လေဆိပ်ကိုပြန်လည် သိမ်းယူနိုင်ရေးအတွက် လေဆိပ်ပတ်ဝန်းကျင်တွင် သူပုန်တပ်များနှင့် ပြင်းထန်သောတိုက်ပွဲများ အင်္ဂါနေ့က ဖြစ်ပွားခဲ့ကြောင်း ယီမင်တပ်ဖွဲ့ သတင်းအရင်းအမြစ်များက ပြောသည်။

ပင်လယ်နီကမ်းရိုးတန်းမြို့တွင် တိုက်ပွဲဖြစ်ပွားသည့် ခုနစ်ရက်မြောက်နေ့တွင် လေဆိပ်အနီးသို့ တပ်ကူများရောက်ရှိလာပြီဖြစ်ကြောင်း အစိုးရတပ်ဖွဲ့မှ တပ်မှူးက အေအက်ဖ်ပီသို့ ပြောသည်။ မြေပြင်တွင်ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကို ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်များကလည်း လေကြောင်းမှ ပစ်ကူပေးလျက် ရှိကြောင်း ဟူဒေါ်မြို့ တောင်ဘက်ရှိ လေဆိပ်ကိုသိမ်းပိုက်နိုင်ရန် ပြင်းထန်သည့်တိုက်ပွဲများ ဆင်နွှဲနေခြင်းဖြစ်ကြောင်း အစိုးရတပ်မှူးများက ပြောသည်။

အပျက်အစီးစာရင်းများကိုမူ အတိအကျမသိရသေးပေ။ အီရန်က ကျောထောက်နောက်ခံပြုထားသည့် ဟူသီသူပုန်များ သိမ်းပိုက်ထားသော ဟူဒေါ်မြို့သည် ယီမင်နိုင်ငံအတွက် အဓိကဝင်ပေါက်ဖြစ်ပြီး သွင်းကုန်များတင်သွင်းရာ အဓိကဝင်ပေါက်လည်းဖြစ်သည်။ ဟူဒေါ်မြို့သည် ယီမင်နိုင်ငံတွင် လူဦးရေအထူထပ်ဆုံးမြို့ဖြစ်ပြီး ယီမင်နိုင်ငံအတွင်း အစားအသောက်နှင့် ဆေးဝါးများ ဖြန့်ဝေပေးရာတွင် အဓိကအချက်အချာကျသော ဝင်ပေါက်မြို့ဖြစ်သည်။

ထို့ကြောင့် ဟူဒေါ်မြို့ကို ပြန်လည်သိမ်းယူနိုင်ရေး အစိုးရတပ်များနှင့် ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်များက တိုက်ပွဲများအပြင်းအထန်ဆင်နွှဲနေကြခြင်းဖြစ်သည်။ အာရပ်ကမ္ဘာ၏အဆင်းရဲဆုံးနိုင်ငံဖြစ်သည့် ယီမင်နိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစတင်ကာ ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရာ လူပေါင်းတစ်သောင်းခန့် အသက်ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ ယခုအခါ လူပေါင်း ၂၂ သန်းမှာ အကူအညီများ လိုအပ်လျက်ရှိပြီး လူပေါင်း ၈ ဒသမ ၄ သန်းမှာ ငတ်မွတ်မှုကို ခံစားနေရကြောင်း ကုလသမဂ္ဂက ပြောသည်။

**အေအက်ဖ်ပီ**

# ဂျပန်ငလျင် သေဆုံးသူလေးဦး ရှိလာ

**တိုကျို ဇွန် ၁၉**

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ယမန်နေ့က အင်အား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ ဇွန် ၁၉ ရက်အထိ သေဆုံးသူ လေးဦးရှိလာပြီဖြစ်ကြောင်း၊ ငလျင်ကြောင့်ဒဏ်ရာရရှိသည့် ဦးရေ ၃၈၀ ရှိပြီဖြစ်ကြောင်းနှင့် မြေပြိုမှုများလည်း ရှိနိုင်သောကြောင့် သတိပေးမှုများလည်းပြုလုပ်ခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ဇွန် ၁၉ ရက်တွင် ပြောခဲ့သည်။

ငလျင်ကြောင့် လေးဦးမြောက်သေဆုံးသူမှာ အသက် ၈၁ နှစ်ရှိ အဘွားအိုတစ်ဦးဖြစ်ကြောင်းသိရပြီး ငလျင်လှုပ်ပြီးနောက် ဗီရိုပိမိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာအရာရှိများက ပြောခဲ့သည်။

ယခုအချိန်အထိ ငလျင်ကြောင့် သေဆုံးသူလေးဦးအထိရှိလာပြီး ဒဏ်ရာရရှိသူ ၃၈၁ ဦးအထိရှိလာကြောင်း အစိုးရထိပ်တန်းပြောရေးဆိုခွင့်ရှိသူ ယိုရှိဟိုက်ဆူဂါက သတင်းထောက်များကို ဇွန် ၁၉ ရက်က ပြောခဲ့သည်။

အစိုးရပိုင်းအနေဖြင့် နောက်ထပ်လူများအား ကယ်ဆယ်ရန် အားကြိုးမာန်တက် ဆောင်ရွက်နေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ဆော်ဒီလက်ရွေးစင်အသင်း လိုက်ပါလာသည့်လေယာဉ် မီးလောင်

**မော်စကို ဇွန် ၁၉**

ရုရှားနိုင်ငံ၌ကျင်းပနေသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ဆော်ဒီအာရေဗျ လက်ရွေးစင်ဘောလုံးအသင်းသားများအား တင်ဆောင်လာသည့် လေယာဉ်သည် ယမန်နေ့က ရို့စ်တော့ဗ်ဗွန်ဒွန် နိုင်ငံတကာလေဆိပ်သို့ မဆင်းသက်မီ ပျံသန်းမှုပြုလုပ်နေစဉ်အတွင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရုရှားလေကြောင်းလိုင်းပိုင် အဲယားဘတ်စ်လေယာဉ်ကြီး၏ အင်ဂျင်ပိုင်းတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း ဆော်ဒီအာရေဗျ ဘောလုံးအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြခဲ့သည်။

လေယာဉ်အင်ဂျင်ပိုင်းတွင် အသေးစားမီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် လက်ရွေးစင်အသင်းသားအားလုံး ထိခိုက်ဒဏ်ရာရမှုမရှိဘဲ ဘေးကင်းလုံခြုံစွာ ဆင်းသက်နိုင်ခဲ့ကြောင်း ဆော်ဒီဘောလုံးအဖွဲ့ချုပ်က အတည်ပြုခဲ့သည်။ အဆိုပါလေယာဉ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲ ဒုတိယမြောက်ပွဲစဉ်အဖြစ် ဇွန် ၂၀ ရက်တွင် ဥရုဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားရန် ဆော်ဒီအာရေဗျအသင်းကို ရို့စ်တော့ဗ်သို့ တင်ဆောင်လာခြင်း ဖြစ်သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယအရှေ့မြောက်ပိုင်း၌ ရေကြီးမှုကြောင့် သေဆုံးသူ ၂၃ ဦးအထိရှိလာ

**နယူးဒေလီ ဇွန် ၁၉**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်၊ ထရီပူရာပြည်နယ်၊ မဏိပူရ်ပြည်နယ်များ၌ ယခုရက်ပိုင်းများတွင် မိုးသက်မုန်တိုင်းများတိုက်ခတ်မှု၊ ရေကြီးရေလျှံဖြစ်ပွားမှုများကြောင့် သေဆုံးသူအနည်းဆုံး ၂၃ ဦးရှိကြောင်းနှင့် လူသိန်းပေါင်းများစွာ ရေဘေးသင့်ခဲ့ကြောင်း အိန္ဒိယဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာန အရာရှိတစ်ဦးက မကြာသေးမီက ပြောခဲ့သည်။

အာသံပြည်နယ်ရှိ ဝမ်ဂွိုင်အပါအဝင် ဒေသပေါင်း ခြောက်ခုတွင် ရေဘေးသင့်သူ စုစုပေါင်း လေးသိန်း ငါးသောင်းရှိကြောင်း သိရသည်။ လတ်တလောတွင် ရေဘေးဒုက္ခသည် တစ်သိန်းကျော်ကို ယာယီကယ်ဆယ်ရေး စခန်းများတွင် နေရာချထားပြီးဖြစ်ကြောင်း အိန္ဒိယ အာရှနယူးအင်တာနေရှင်နယ် (အေအင်န်အိုင်)သတင်းအရ သိရသည်။

ရေဘေးသင့်ရာ အာသံပြည်နယ် ဟိုင်လခ်ခန္ဒီဒေသနှင့် ထရီပူရာပြည်နယ် ကိုင်လာဆာဟာဒေသများသို့ အိန္ဒိယလေတပ်က ကူညီကယ်ဆယ်ရေးပစ္စည်း ရှစ်တန်ခန့် ပို့ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အိန္ဒိယ အရှေ့မြောက်ပိုင်းကို ဖြတ်သန်းစီးဆင်းသွားသည့် ဘရာမာပူတရာမြစ်၏ မြစ်ရေအမှတ်မှာ တစ်နာရီလျှင် လေးစင်တီမီတာမှ ငါးစင်တီမီတာအထိ တက်လာနိုင်ကြောင်း သိရပြီး နောက်နှစ်ရက်သုံးရက်အကြာတွင် စိုးရိမ်ရေမှတ်ကို ရောက်လာနိုင်သည်ဟု မိုးဇလက သတိပေးထားကြောင်း သိရသည်။

အိန္ဒိယအစိုးရက ရေဘေးသင့်ဒေသများကို တတ်နိုင်သလောက် အကူအညီပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက မကြာသေးမီက ပြောခဲ့သည်။ **ဆင်ဟွာ**

### အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဟိုတယ်တစ်လုံးတွင် မီးလောင်ရာ လူများသေဆုံး

**နယူးဒေလီ ဇွန် ၁၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်ရှိ ဟိုတယ်တစ်လုံးတွင် ဇွန် ၁၉ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူလေးဦးထက်မနည်း သေဆုံးခဲ့ပြီး လူပေါင်းများစွာ မီးလောင်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။ မီးလောင်မှုသည် ဥတ္တာပရာဒေ့ရှ် ပြည်နယ်မြို့တော် လပ်ခ်နောင်းမြို့ ရထားဘူတာရုံအနီး ချာဘာ့ရပ်ကွက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံထဲမှ လူ ၅၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်းနှင့် လူလေးဦး သေဆုံးသွားပြီး အခြားသူများစွာ မီးလောင်ဒဏ်ရာရရှိခဲ့ကြောင်း လပ်ခ်နောင်းမြို့ အဆင့်မြင့် ရဲတပ်ဖွဲ့ဝင် အက်စ်ပန်ဒေးက ပြောခဲ့သည်။ မီးသည် ဟိုတယ်၏ မြေအောက်ခန်းမှ စတင်လောင်ကျွမ်းခဲ့ပြီး အဆောက်အအုံတစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့ပြီးနောက် ဘေးရှိ ဟိုတယ်သို့လည်း ကူးစက်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောခဲ့သည်။

**ဆင်ဟွာ**

# သမ္မတသစ်တက်ပြီးသော်လည်း အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ရဦးမယ့် ကိုလံဘီယာ

**တင်လင်းအောင်**

**ကိုလံဘီယာ သမ္မတသစ် အီဗန်ဒုဟာ သူ့ရဲ့နိုင်ငံရေးလက်ဝဲဝါဒီပြိုင်ဘက်တစ်ဦးကို ဇွန် ၁၈ ရက်ရွေးကောက်ပွဲမှာ အနိုင်ရရှိခဲ့ပါတယ်။ သို့သော်လည်း ဖာ့က်စ်သူပုန်တွေနဲ့ သမိုင်းတွင်မယ့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေးအတွက် တစ်မျိုးတစ်မည်ပြောင်းလဲအောင်လုပ်မယ် ဆိုတဲ့ သူ့ရဲ့ရည်ရွယ်ချက်နဲ့ ဘယ်တော့မှအဆုံးမသတ်နိုင်တဲ့ ကိုလံဘီယာတရားမဝင် မူးယစ်ဆေးစစ်ပွဲတွေဟာ အတွေ့အကြုံ မရင့်ကျက်သေးတဲ့သူ့အတွက်တော့ စိန်ခေါ်မှုတွေအဖြစ်ရှိနေမှာဖြစ်တယ်လို့ လေ့လာဆန်းစစ်သူတွေက ဆိုပါတယ်။**

ကွန်ဂရက်ကို ထိန်းချုပ်ထားတဲ့ အင်အားကြီးတဲ့ လက်ယာယိမ်း ညွန့်ပေါင်းအဖွဲ့ရဲ့ စည်းရုံးဆော်သြမှုတွေကြောင့် ၁၀ သန်းအထက်ရှိတဲ့ ဆန္ဒမဲပေးသူတွေဟာ ယခင်သမ္မတဟောင်းလည်းဖြစ် ဆီနိတ်တာလည်းဖြစ်သူ အယ်လ်ဗာရို ယူရိုက်ရဲ့တပည့်လို့ဆိုရမလိုဖြစ်နေတဲ့ အီဗန်ဒုကို ထောက်ခံခဲ့ပါတယ်။




### အသက်အငယ်ဆုံးသမ္မတ

ယခင်သမ္မတ ဂျူယမ်မန်နျူရယ် ဆန်တို့စ်နေရာမှာ အမွေဆက်ခံမယ့် ကိုလံဘီယာနိုင်ငံသမိုင်းမှာ အငယ်ဆုံးသမ္မတဖြစ်တဲ့ အသက် ၄၁ နှစ်သာရှိသေးတဲ့ သမ္မတသစ် အီဗန်ဒုဟာ ကိုလံဘီယာနိုင်ငံရေးသမိုင်းမှာ အရိပ်လိုလွှမ်းမိုးနေတဲ့ အဓိကအချက်ကြီးလေးချက်ကို ပြုပြင်သွားရမှာပဲ ဖြစ်ပါတယ်။

အဲဒါတွေကတော့ နံပါတ် ၁။ ဒုတိယအကျော့ သမ္မတရွေးချယ်ပွဲမှာ အနိုင်ရရှိခဲ့တဲ့ ကိုလံဘီယာသမ္မတသစ် အီဗန်ဒုဟာ ယခင် ကိုလံဘီယာသမ္မတ ဆန်တို့စ် ဖာ့က်စ်သူပုန်တွေနဲ့ လက်မှတ်ရေးထိုးခဲ့တဲ့ ၂၀၁၆ ကွဲလွယ်ရှလွယ် သဘောတူညီချက်ကို ပြန်လည်ပြုပြင်မယ်ဆိုပြီး သူ့ရဲ့ရွေးကောက်ပွဲကတိကို အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

သဘောတူစာချုပ်အရ ဖာ့က်စ်သူပုန် ၇၀၀၀ ခန့်ဟာ လက်နက်တွေ စွန့်လွှတ်ပြီးတော့ အရပ်သားဘဝကို ပြန်လည်ထူထောင်မှုပြုလုပ်ဖို့ ဖာ့က်စ်သူပုန်တွေရဲ့လှုပ်ရှားမှုတွေကို နိုင်ငံရေးပါတီ အသွင်ပြောင်းလဲဖို့ စတဲ့အချက်တွေကို လိုက်နာရမှာ ဖြစ်ပါတယ်။

ကိုလံဘီယာ သမ္မတသစ် အီဗန်ဒုဟာ သူ့ရဲ့ သမိုင်းဝင် မိန့်ခွန်းမှာ အသေးစိတ်အချက်တွေကို ဖော်ပြပြောဆိုခြင်းမရှိသော်လည်း အဲဒီကွဲလွယ်ရှလွယ်သဘော တူညီချက်ကို ပြန်လည်ပြုပြင်သွားဖို့ ကတိပေး ပြောကြားခဲ့ပါတယ်။ ပြင်းထန်တဲ့ပြစ်မှုကို ကျူးလွန်တဲ့ ယခင် ပြောက်ကျားတပ်ဖွဲ့ဝင် ဖာ့က်စ်သူပုန်တွေအနေနဲ့ အကျဉ်းချထားခံရမှာဖြစ်ကြောင်း၊ ထို့အတူ ကွန်ဂရက်မှာ နေရာရရှိရေးကိုလည်း တားဆီးသွားမှာဖြစ်ကြောင်း အီဗန်ဒုက ပြောခဲ့ပါတယ်။

### သဘောတူညီချက်ကို ပြောင်းလဲဖို့ပြင်ဆင်

အီဗန်ဒုဟာသူ့ရဲ့ ရွေးကောက်ပွဲမိန့်ခွန်းမှာ နောက်ထပ်ပြောခဲ့တဲ့ တစ်ချက်ရှိပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ဆန်တို့စ်သာ နောက်ထပ် ကိုလံဘီယာ သမ္မတထပ်ဖြစ်သွားပါက ကွဲလွယ်ရှလွယ် သဘောတူညီချက်ကို နောက်ကြောင်း ပြန်ပြုပြင်ဖို့ဆိုတာ မလွယ်ကူတော့ဘူးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်လို့ ဂျာဗာရီနားတက္ကသိုလ်မှ ဖာဘီယန်အောက်ကနာက ပြောပါတယ်။

ပြန်လည် လက်နက်စွဲကိုင်ဖို့ ငြင်းဆိုတဲ့ ဖာ့က်စ်ပါတီကလည်း ကိုလံဘီယာ သမ္မတသစ် အီဗန်ဒုရဲ့သဘောတူညီချက်ကို အဆင့်မြှင့်တင်ခြင်းဟာ ကောင်းတဲ့ လုပ်ရပ်တစ်ခုဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ အခု လောလောဆယ်မှာတော့ ကိုလံဘီယာသမ္မတသစ် အီဗန်ဒုဟာ အဲဒီသဘောတူညီချက်ကို အခြေအနေတွေ ပိုမဆိုးစေဘဲ ပြောင်းလဲပြင်ဆင်မှုတွေ လုပ်ဖို့ကတိပေးခဲ့ပါတယ်။ သို့သော်လည်း သူ့ရဲ့ပြိုင်ဘက်နိုင်ငံရေး လက်ဝဲဝါဒီတစ်ဦးဖြစ်သူ ဂက်စ်တာဗိုပီထရိုကတော့ အဲလိုမျိုးတွေလုပ်နေတာကို ဆန့်ကျင်ဖို့ စည်းရုံးမှုတွေလုပ်ဖို့တောင် ကတိပေးခဲ့ပါတယ်။

### ရုပ်သေးရုပ်လေးလား

ထို့အတူ ကိုလံဘီယာသမ္မတသစ် အီဗန်ဒုဟာ အမျိုးသားလွတ်မြောက်ရေးတပ်မတော် (အီးအယ်လ်အင်န်) ပြောက်ကျားတပ်တွေနဲ့ တွေ့ဆုံမှုတွေလုပ်တဲ့ အခါမှာလည်း တင်းတင်းကျပ်ကျပ် လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

နံပါတ် ၂။ သမ္မတရွေးကောက်ပွဲ လှုပ်ရှားမှုကာလမှာ ထွက်ပေါ်လာတဲ့ မေးခွန်းတစ်ခုရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ အီဗန်ဒုဟာ ယူရိုက်ရဲ့ရုပ်သေးရုပ်လားဆိုတဲ့ မေးခွန်းပါပဲ။ တစ်ဖက်ကလည်း သူဟာ သူ့ရဲ့ဆရာဖြစ်နေတဲ့ နိုင်ငံရေးဂုရုကို အောင်မြင်မှုတွေ ပေးဆပ်ရင်းနဲ့ တစ်ဖက်ကလည်း သမ္မတတစ်ဦးအနေနဲ့ လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်း လုပ်ဆောင်နိုင်ပါ့မလားဆိုတာပဲ ဖြစ်ပါတယ်။

ယူရိုက်ပြောသမျှ ယူရိုက်အကြံပေးသမျှကို လိုက်လုပ်လေ့ရှိတဲ့ အီဗန်ဒုဟာ အမြဲတမ်းအောင်မြင်မှုတွေ၊ အကျိုးအမြတ်တွေ ရရှိတတ်ပါတယ်။

၂၀၀၂-၂၀၁၀ အထိ ကိုလံဘီယာသမ္မတသက်တမ်း တစ်လျှောက်မှာ ယူရိုက်ဟာ ကိုလံဘီယာနိုင်ငံရေးမှာ လက်ညှိုးညွှန်ရာ ရေဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့ ကိုလံဘီယာနိုင်ငံသူ၊ နိုင်ငံသားအများစုဟာ အသက် ၆၅ ရှိပြီဖြစ်တဲ့ ယူရိုက်ရဲ့ လက်ယာစွန်းရောက် လက်နက်ကိုင်အဖွဲ့နဲ့ သက်ဆိုင်တဲ့ စွပ်စွဲခံရမှုတွေ၊ အကျင့်ပျက်ခြစားမှုတွေ၊ လက်တစ်လုံးခြား လုပ်ဆောင်မှုတွေအပေါ် အတင်းအကျပ် စုံစမ်းစစ်ဆေးမှုတွေ မလုပ်ဆောင်ခဲ့ပါဘူး။

သူဟာ ကိုလံဘီယာနိုင်ငံအတွက် ၂၁ ရာစု အရေးအကြီးဆုံး နိုင်ငံရေးသူရဲကောင်းပဲဖြစ်ပါတယ်လို့ လေ့လာဆန်းစစ်သူ နီကိုလက်စ်လီယန်ဒိုက ပြောပါတယ်။

ယူရိုက်ရဲ့နိုင်ငံရေး သြဇာထက်မြက်မှုဟာ သြချရလောက်ပါတယ်။ ၂၀၁၀ မှာ နိုင်ငံခြားရေးဝန်ကြီး ဆန်တို့စ်ကို အာဏာလွှဲအပ်လိုက်ပြီးတော့ နောက်လေးနှစ်အကြာမှာ ဒုတိယသက်တမ်းအတွက် ပြန်လည်အရွေးခံရအောင် လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ယူရိုက်ဟာ ဖာ့က်စ်ငြိမ်းချမ်းရေး သဘောတူစာချုပ်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို မထောက်ခံပါဆိုတဲ့ “No” လှုပ်ရှားမှုတစ်ခု လုပ်ဆောင်ခဲ့ပါတယ်။

ကိုလံဘီယာသမ္မတသစ် အီဗန်ဒုဟာ လက်တင်-အမေရိကရဲ့ စတုတ္ထမြောက်အကြီးဆုံးစီးပွားရေးကို သူ့ရဲ့ ဆရာ၊ ဂုရုရဲ့လမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားဖို့ မျှော်လင့်ရပါတယ်။ ယခင်ပြောက်ကျားတပ်ဖွဲ့တွေနဲ့ လက်ရှိ အီးအယ်လ်အင်န် ပြောက်ကျားတပ်ဖွဲ့တွေနဲ့ စာချုပ်ဆိုင်ရာကိစ္စမှာ စိုသောလက်မခြောက်စေအောင် ပြုလုပ်ထားတဲ့ ပုံစံကိုလည်း တွေ့ရပါတယ်။

ထို့အပြင် ကိုလံဘီယာသမ္မတသစ် အီဗန်ဒုဟာ ဆီးနိတ်မှထောက်ခံမှုရဖို့အရေး ယူရိုက်ရဲ့နိုင်ငံရေးထောက်ပံ့မှုကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

### မူးယစ်ဆေးဝါးတင်ပို့ရာ ဈေးကွက်ကြီး

နံပါတ် ၃။ တရားမဝင်မူးယစ်ဆေးဝါးတွေနဲ့ အမေရိကန်ပြည်ထောင်စု တရားမဝင်မူးယစ်ဆေးဝါးတွေကို အမြစ်ပြတ်ချေမှုန်းဖို့ ဒေါ်လာဘီလီယံပေါင်းများစွာ အသုံးပြုနေသော်လည်း ကိုကင်းကို ကမ္ဘာ့အများဆုံးထုတ်လုပ်တဲ့ ကုန်ကြမ်းပစ္စည်းဖြစ်တဲ့ ကိုကာပင်တွေစိုက်ပျိုးမှုကတော့ ရပ်တန့်မသွားခဲ့ပါဘူး။ အဲဒီလို ကိုကာပင်တွေ စိုက်ပျိုးပြီး ကိုကင်းထုတ်လုပ်နေတာဟာ အမေရိကန်ပြည်ထောင်စုထိတောင် ပျံ့နှံ့စေပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ကိုလံဘီယာနိုင်ငံရဲ့ မဟာမိတ် နိုင်ငံတစ်နိုင်ငံ ဖြစ်သလို တရားမဝင် မူးယစ်ဆေးဝါးတင်ပို့ရာ အဓိကဈေးကွက်ကြီးတစ်ခုလည်း ဖြစ်ပါတယ်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်နဲ့ ဆက်ဆံရေးကောင်းချင်တဲ့ ကိုလံဘီယာသမ္မတသစ် အီဗန်ဒုဟာ ကိုကာပင်စိုက်ခင်းတွေကို ဖျက်ဆီးပစ်မယ်လို့လည်း ကတိပေးခဲ့ပါတယ်။ အဲဒီလို လုပ်ဆောင်ခြင်းဟာ ကိုကာ စိုက်တောင်သူတွေနဲ့ တင်းမာမှုတွေ မြင့်တက်ကောင်းမြင့်တက်မှုတွေတော့ရှိလာမှာ ဖြစ်ပါတယ်။

ယခင်ဖာ့က်စ်သူပုန်တွေရဲ့ ခြေကုပ်ယူရာ အီကွေဒေါနဲ့ ဗင်နီဇွဲလားနယ်စပ်တစ်လျှောက် မှိုလိုပေါက်နေတဲ့ တရားမဝင်မူးယစ်ဆေးမှောင်ခို လမ်းကြောင်းတွေကိုလည်း ရှင်းလင်းသွားမှာဖြစ်တယ်လို့ ကိုလံဘီယာသမ္မတသစ်က ပြောခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ဖာ့က်စ်အစိုးရ သဘောထားကွဲလွဲသူတွေကို မက်ဆီကန်တွေကလည်း ဘဏ္ဍာရေး တွေထောက်ပံ့ပေးပါတယ်။

နံပါတ် ၄။ ဗင်နီဇွဲလား သမ္မတမာဒူရိုကို ဖိအားပေးခြင်း၊ အိမ်နီးချင်း ဗင်နီဇွဲလားသမ္မတ မာဒူရိုအပေါ်လည်း လူမျိုးတုံးသတ်ဖြစ်တဲ့ အာဏာရှင်အစိုးရလို့ဆိုကာ နိုင်ငံတကာဖိအားပေးအောင်လည်း ကိုလံဘီယာသမ္မတသစ် အီဗန်ဒုက ဦးဆောင်ချင်တဲ့ပုံပါပဲ။

ရွေးကောက်ပွဲလှုပ်ရှားမှု မိန့်ခွန်းတွေကို ပြန်ကြည့်မယ်ဆိုရင်လည်း ကိုလံဘီယာသမ္မတသစ် အီဗန်ဒုက ဘာပြောခဲ့လဲဆိုရင် ဗင်နီဇွဲလားနိုင်ငံနဲ့ကတော့ ပိုပြီးဆိုးရွားတဲ့ ဆက်ဆံရေးပါပဲလို့ ပြောခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

### ဒုက္ခသည်ဝင်ရောက်မှုပြဿနာ

ကိုလံဘီယာသမ္မတသစ် အီဗန်ဒုဟာ သူ့ရဲ့ နိုင်ငံခြားရေးမူဝါဒကို အသေးစိတ် မဖော်ပြခဲ့သော်လည်း ဗင်နီဇွဲလားသမ္မတ မာဒူရိုကို နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးကို တင်ပို့နိုင်တယ်ဆိုပြီး ခြိမ်းခြောက်ခဲ့ပါတယ်။ ထို့အတူ ဗင်နီဇွဲလားနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အမေရိကန်ပြည်ထောင်စု အဖွဲ့အစည်းနဲ့ ပူးပေါင်းလုပ်ဆောင်ဖို့လည်း ဖိအားပေးခဲ့ပါတယ်။

ကိုလံဘီယာနိုင်ငံဟာ သူ့ရဲ့ အိမ်နီးချင်းနိုင်ငံက စီးပွားရေးနဲ့ နိုင်ငံရေး အကျပ်အတည်းတွေကြောင့် ပြေးလာတဲ့ ဒုက္ခသည်တွေ ဝင်ရောက်မှုကိုတော့ အလူးအလဲရင်ဆိုင်ရဦးမှာပဲ ဖြစ်ပါတယ်။ ဗင်နီဇွဲလားနိုင်ငံဟာ စီးပွားရေး ယိုယွင်းလာတဲ့အချိန်မှာ ကိုလံဘီယာနိုင်ငံထဲကို ဒုက္ခသည် တစ်သန်းကျော် ဝင်ရောက်ခဲ့ပါတယ်။ ကိုလံဘီယာအရေးဟာ စိတ်မအေးစရာပါပဲ။ ။

**ကိုးကား - အေအက်ဖ်ပီ**




## သက်ကြီးဆရာဝန်ကြီးများအတွက် ဂီတသံစဉ်ဖန်တီးရှင် ရန်ပုံငွေဖျော်ဖြေပွဲပြုလုပ်မည်

မြန်မာနိုင်ငံဆရာဝန်အသင်းက ကြီးမှူးပြုလုပ်သည့် ဂီတသံစဉ်ဖန်တီးရှင် တေးဂီတ ရန်ပုံငွေ ဂီတဖျော်ဖြေပွဲကို ဇွန် ၂၃ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပမည်ဟု သိရသည်။

“ ဒီပွဲလေးလုပ်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်၊ ကျွန်တော်တို့ကို ပညာတွေ သင်ကြားပေးခဲ့ကြတဲ့ ဆရာတွေကို ပြန်ပြီးပူဇော်ရတယ်ပေါ့နော်၊ အခုဆိုရင် အကြိမ်ရေ အားဖြင့် ၃၅ ကြိမ်မြောက်ရှိပါပြီ၊ ဒါကကန်တော့ခဲ့တာပေါ့နော်၊ ရန်ပုံငွေပွဲလုပ်တာတော့ ခြောက်ကြိမ်မြောက်ရှိပါပြီ၊ ကျွန်တော်တို့ကတော့ သက်ကြီးဆရာဝန်တွေကို ဒီလိုပွဲလေးလုပ်ရတဲ့အတွက် ဆရာသမားတွေ အချင်းချင်း ပြန်လည်တွေ့ဆုံရတယ်၊ တပည့်တွေနဲ့လည်းတွေ့ရတယ်၊ အဲဒီအတွက်ကြောင့် ဆရာကြီးတွေ၊ ဆရာမကြီးတွေက ဝမ်းသာကြတယ်၊ ကျွန်တော်တို့လည်း ပီတိဖြစ်ရတယ်၊ အရင်နှစ်တွေကဆို ကျွန်တော်တို့ ဆရာကြီးတစ်ဦးကို ငွေကျပ် သုံးသောင်းလောက်ပဲ ပေးနိုင်တယ်၊ အခုနှစ်တွေကျတော့ တစ်ဦးကို ငွေကျပ် တစ်သိန်းပေးနိုင်ခဲ့ပါပြီ ”ဟု မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးရဲမြင့်က ပြောသည်။

အသက် ၇၅ နှစ်အရွယ် ဆရာဝန်ကြီးများကို ပူဇော်ကန်တော့ရန်အတွက် အဓိကထားကျင်းပသောပွဲဟု သိရသည်။ ယင်းပွဲတွင် မြန်မာသံအဆိုတော် မောင်သိန်းဝင်း၊ သန်းမြတ်စိုး၊ ပီတာဘသိန်း ၊ ကိုင်ဇာ ၊ စန္ဒရားသိန်းမြင့်သန်း ၊ ချိုပြုံး၊ သန်းသန်းနွယ်တို့ သီဆိုမည်ဖြစ်ပြီး ခေတ်ပေါ်တေးဂီတဖြင့် အဆိုတော် ဖိုးကာ၊ ဖြိုးပြည့်စုံ၊ ကော်နီ ၊ မေခလာ ၊ နော်လီဇာ ၊ မေဆွိနှင့် မိတ်ကပ်အလှဖန်တီးရှင်များကလည်း အကပဒေသများဖြင့် ဖျော်ဖြေမည်ဟုသိရသည်။ **ကိုလင်း**

## အသံအေးအေး၊ သီချင်းအေးအေးလေးများဖြင့် ဂီတကဲ့သို့ ငြိမ်းချမ်းသူ မီမီဝင်းဖေ

“ပန်ဆင်မယ်ဆို”တေးစီးရီးကို ထုတ်ဝေထားခဲ့သူ မီမီဝင်းဖေကို တေးစီးရီးမိတ်ဆက်ပွဲအတွင်း တေးစီးရီးအကြောင်းအရာနှင့် မီမီဝင်းဖေ၏ အနုပညာလမ်းကြောင်းအပေါ် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ ဒီအခွေလေး ထုတ်လုပ်ဖြစ်ခဲ့ပုံကို ပြောပါဦး။**

ဖြေ။ ။ ဒီလိုသီချင်းခွေလေး လုပ်ဖြစ်ချင်နေတာ တော်တော်လေးကြာနေပါပြီ။ သီချင်းတွေနဲ့ ဝေးခဲ့ရတာ ၁၅နှစ်ကျော်လာခဲ့ပြီလေ။ ကျွန်မအတွက်တော့ ဂီတဟာ အနီးစပ်ဆုံးမှာအမြဲရှိနေခဲ့ပါတယ်။ ဒါကြောင့် ဂီတနဲ့ မစိမ်းခဲ့ပါဘူး။ အခက်အခဲမရှိ ပြန်လုပ်နိုင်ခဲ့တယ်။ အစကတည်းက ပေါ့ပ်သီချင်းလေးတွေ အဓိကဆိုခဲ့တော့ အခုလည်း အဲဒီလိုပဲ ပေါ့ပ်သီချင်းလေးတွေ ရွေးချယ်ထားခဲ့ပါတယ်။

**မေး။ ။ သီချင်းကို ရေးစပ်ပေးတဲ့သူတွေကရော ဘယ်သူတွေလဲ။ သီချင်းပုံစံတွေကရော အားလုံးပေါ့ပ်တွေပဲလား။**

ဖြေ။ ။ ကျွန်မက အပြောင်းအလဲသိပ်မလုပ်တတ်ဘူး။ နဂိုပုံစံအတိုင်းလေးတွေ ပေါ့ပ်တွေပဲပေါ့။ ဒီအခွေထဲက သီချင်းတွေကို ကိုညီညီသွင်ကပဲ ရေးစပ်ပေးထားတာပါ။ သူကလည်း ကျွန်မတင်မကဘူး အဆိုတော် အတော်များများအတွက်လည်း ရေးပေးနေတဲ့သူလေ။ အဲဒီလိုထဲက စုပြီးတော့ ကျွန်မအတွက် သူက သီချင်းခွေတစ်ခွေစာ ဖန်တီးပေးလိုက်တာပါ။ အခုခေတ်နဲ့ဆိုရင်တော့ သီချင်းက ပုံစံအသစ်လို့ ထင်ချင်ထင်နိုင်ပါတယ်။ အမှန်ကတော့ ပုံစံအဟောင်း၊ ရိုးရိုးတွေပါ။



**မေး။ ။ တစ်ကိုယ်တော်ဖျော်ဖြေပွဲ လုပ်ဖို့ရှိတယ်ဆိုရင် အဲဒီအကြောင်းလည်း ပြောပေးပါဦး။**

ဖြေ။ ။ ဇူလိုင် ၂၅ ရက်မှာ တာမွေက စကိုင်းစတားဟိုတယ်မှာ လုပ်ဖြစ်ဖို့ စိတ်ကူးထားတယ်။ ထွက်သမျှစီးရီးတွေထဲက စုံတွဲသီဆိုဖြစ်ခဲ့သူတွေအားလုံးနဲ့ တွဲဖက်သီဆိုမယ်လို့ ရည်စူးထားတယ်။ စုံတွဲသီချင်းက လေးပုဒ်လောက်တော့ မှန်းထားတယ်။ သီချင်းတွေကတော့ အတော်များများဆိုခဲ့ဖူးတော့ ရွေးနေပါတယ်။ အခု ဇွန် ၁၇ ရက်မှာ ထွက်ခဲ့တဲ့ “ပန်ဆင်မယ်ဆို” စီးရီးထဲက သီချင်းသစ်တွေလည်းပါမယ်။ ဖျော်ဖြေပွဲလုပ်တဲ့အခါ လူဦးရေကန့်သတ်ချက်လေးတော့ရှိတယ်။ ခန်းမပေါ်ကြည့်ပြီး လူဦးရေတွက်ချက်ရတာဆိုတော့လေ။ ပရိသတ်နဲ့ နွေးနွေးထွေးထွေးဖြစ်ချင်လို့သာ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို လုပ်ဖြစ်တာပါ။ ဖျော်ဖြေတဲ့အခါမှာလည်း သုံးပိုင်းခွဲပြီး ဖျော်ဖြေဖို့ စိတ်ကူးထားတယ်။ တစ်ပိုင်းစီကို တေးသီချင်းရှစ်ပုဒ်စီနဲ့ ၂၄ ပုဒ်ဆိုမယ်ပေါ့။ တစ်ကိုယ်တော်ဖျော်ဖြေပွဲက ကျွန်မအတွက်တော့ ပထမဆုံးမို့ စိတ်တော့လှုပ်ရှားမိတယ်။ ကိုယ်တိုင်ကလည်း ဖျော်ဖြေရေးတွေမှာ ဆွဲဆောင်မှုရှိအောင် မလုပ်တတ်တာမို့ ပရိသတ်ပျင်းသွားမှာ စိုးရိမ်မိတယ်။

**မေး။ ။ကာလကလည်း တော်တော်လေးကြာသွားပြီ။ လက်ရှိဂီတလောကအပေါ်မှာရော မီမီဝင်းဖေရဲ့သဘောထားနဲ့ အမြင်ကိုပြောပေးပါဦး။**

ဖြေ။ ။ အပြောင်းအလဲဆိုတာကတော့ ခေတ်အလိုက်ရှိနေမှာပေ့ါ။ ဒါပေမယ့် ခေတ်သီချင်းတွေ၊ နောက်ဆုံးပေါ်အကြိုက်တွေကို မလိုက်တဲ့၊ မကြိုက်တဲ့သူလည်း ရှိမှာပေ့ါလေ။ အဓိကကတော့ ပရိသတ်ရဲ့ရွေးချယ်မှုနဲ့ဆိုင်မယ်ထင်ပါတယ်။ ကျွန်မတို့ ဂီတလောကမှာလည်း ခေတ်အလိုက် မူလေးတွေ၊ ရပ်တည်မှုလေးတွေ ပြောင်းကြသူတွေလည်း ရှိမှာပေ့ါ။ ကျွန်မကတော့ အဲဒီလိုမလုပ်ချင်ဘူး။ ကြိုက်လည်းမကြိုက်ဘူး။ အချို့က သီချင်းကိုပိုပြီးကောင်းအောင် ပြောင်းလဲဖန်တီးနိုင်ကြတယ်။ အဲဒီလိုမျိုးဆိုရင်တော့ ပြောင်းလဲလိုက်တာ ပရိသတ်ကလည်း လက်ခံမှာပဲ။ ဒါဆိုရင် ရလဒ်ကလည်း ကောင်းမယ်။ အဲဒီလိုမှ မဟုတ်ဘဲနဲ့ မူလခံစားမှု၊ မူလသံစဉ်၊ မူလအသံအနေအထားတွေကို ပိုပြီးဆွဲဆောင်မှု၊ ခံစားမှု မထည့်နိုင်ရင်တော့ ဘယ်ကောင်းမလဲလို့ တွေးမိတယ်။ ကျွန်မကိုယ်တိုင်ကတော့ စိတ်ထဲမှာ ပြောင်းလဲချင်တဲ့စိတ် မပေါ်သေးဘူး။ အခုခေတ်မှာ အဆိုရှင်တွေ သိပ်တော်ကြတယ်လို့ ထင်တယ်။ သီချင်းပုံစံတွေဆိုရင်လည်း အမျိုးမျိုးပဲ။ အဲဒီလိုအတွက်ကြောင့် အများကြီး နားထောင်ခွင့်ရ လို့ကျေနပ်မိတယ်။

**မေး။ ။ အခုဖြန့်ချိလိုက်တဲ့ ပန်ဆင်မယ်ဆို စီးရီးအပေါ်မှာရော မီမီဝင်းဖေရဲ့ မျှော်လင့်ချက်ကို ပြောပေးပါဦး။**

ဖြေ။ ။ ဘယ်လိုဝေဖန်မှုမျိုးကိုမဆို လေးစားပြီးသာမို့ကြိုက်သလိုဝေဖန်နိုင်ကြပါတယ်၊ သီချင်းတွေအားလုံးက အသစ်ပုံစံမျိုးဆိုတော့ စိမ်းချင်စိမ်းနေမယ်၊ ဒါပေမယ့် ပရိသတ်အတွက်ခံစားမှုရသ တစ်မျိုးတော့ ခံစားရမှာပါလို့ ပြောချင်ပါတယ်။

ယခုတေးစီးရီးသည် မီမီဝင်းဖေ၏ ၁၉ ခွေမြောက် တစ်ကိုယ်တော်တေးစီးရီးဖြစ်ပြီး လှိုင်တေးသံသွင်းက ယခုလ ၁၇ ရက်တွင် စတင်ဖြန့်ချိထားခြင်းဖြစ်သည်။ **ကိုလင်း**

## မိုးဟေကိုက ထုတ်လုပ်ရေးပိုင်းကိုသာ အဓိကတာဝန်ယူ လုပ်ဆောင်နေခြင်းမှာ မိခင်အတွက်ဟုပြောကြား

“ခိုးဆိုးလုနှိုက်”ရုပ်ရှင်ဇာတ်ကားကြီးဖြင့် ပွဲဦးထွက် အောင်မြင်မှုများရရှိထားသည့် ‘မိုး’ ရုပ်ရှင်ထုတ်လုပ်ရေးကို ဦးဆောင်နေသူ အနုပညာရှင်ပြည်သူ့အချစ်တော် မိုးဟေကိုက မိခင်ဖြစ်သူ၏ ကျန်းမာရေးအခြေအနေကြောင့် ရုပ်ရှင်ဇာတ်ကားများ သရုပ်ဆောင်ခြင်းထက် ထုတ်လုပ်ရေးပိုင်းကိုသာ ပိုမိုဆောင်ရွက်ဖြစ်နေကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

“စီးပွားရေးထက် အနုပညာလုပ်ငန်းတွေကို ချစ်တတ်တဲ့စိတ်ကြောင့် ‘မိုး’ ရုပ်ရှင်ထုတ်လုပ်ရေးကို စတင်ဖြစ်ခဲ့တာပါ၊ ကျွန်မကတော့ ကိုယ်တိုင်လည်း သရုပ်ဆောင်သူတစ်ယောက်ဖြစ်တဲ့အတွက် ဘယ်လိုဇာတ်ကားမျိုးတွေကို ပရိသတ်ကြီး ပိုပြီးကြိုက်နှစ်သက်မယ်ဆိုတာကို သတိထားဖြစ်ခဲ့တယ်၊ ဒါကြောင့်လည်း ကိုယ်တိုင် ထုတ်လုပ်သူတစ်ယောက်ဖြစ်လာတဲ့အခါ ပရိသတ်ကြိုက်မယ့်ဇာတ်အိမ်၊ ဇာတ်လမ်းမျိုးတွေကို သေသေချာချာရွေးချယ်ပြီး ရိုက်ကူးထုတ်လုပ်ပါတယ်”ဟု မိုးဟေကိုက ပြောသည်။

ဇာတ်ကားများတွင် အတွေ့ရကျဲလာပြီး ပရိသတ်နှင့် အနည်းငယ်အလှမ်းဝေးသကဲ့သို့ရှိနေသော်လည်း အဓိကမှာ မိခင်ဖြစ်သူ၏ ကျန်းမာရေးကို ဂရုစိုက်နေရခြင်းကြောင့် ရိုက်ကူးမှုများ ကျဲသွားခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ “အနုပညာလမ်းကြောင်းပေါ်ကို လွယ်လွယ်လေးလျှောက်ခဲ့ရတာ မဟုတ်ပါဘူးရှင့်၊ တကယ်ကို ဝါသနာလည်းပါတဲ့အတွက် အတိုက်အခိုက်တွေ၊ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ အများကြီးထဲကနေ ဒီလမ်းကိုလျှောက်ခဲ့ရတာ ၁၀ နှစ်ကျော်ခဲ့ပါပြီ၊ အခုတော့ အလုပ်တွေကို သေသေချာချာ ပြန်လုပ်ဖြစ်တယ်၊ ပရိသတ်ရဲ့ ချစ်ခင်အားပေးမှုကြောင့်လည်း အများကြီးအင်အားတွေရခဲ့ပါတယ်၊ မကြာမီပြန်ပြီး သရုပ်ဆောင်ပိုင်းကိုလည်း အချိန်ပြန်ပေးမယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိ မိုးဟေကို၏ အနုပညာလှုပ်ရှားမှုများမှာ ကြော်ငြာများရိုက်ကူးရေးစတင်နေပြီဖြစ်ပြီး ‘မိုး’ရုပ်ရှင်ထုတ်လုပ်ရေး၏ ၁၀ ကားမြောက် ဇာတ်ကားတစ်ကားကို ရိုက်ကူးပြီးစီးသွားပြီဖြစ်ခြင်းကြောင့် မေလမှစတင်ကာ တစ်လလျှင် တစ်ကားနှုန်းဖြင့် ရိုက်ရက်များကို ပုံမှန်ပြန်လည်စတင်နေပြီဖြစ်၍ ရိုက်ကွင်းများတွင် မိုးဟေကိုအား ပြန်လည်တွေ့မြင်လာရပြီဖြစ်သကဲ့သို့ ပရိသတ်များလည်း မိုးဟေကို၏ ဇာတ်ကားများကို မကြာမီပြန်လည်မြင်တွေ့ရတော့မည်ဖြစ်သည်။

“ရုပ်ရှင်ထုတ်လုပ်ရေးအပိုင်းကတော့ ကာလဒေသကိုလည်း လိုက်တယ်၊ အမှီပြုတယ်လို့ ကျွန်မထင်တယ်၊ ပရိသတ်ရဲ့ အကြိုက်ကိုလည်း မျက်ခြည်ပြတ်လို့ မရဘူး၊ ဒါရိုက်တာကလည်း ပေးလာတဲ့ဇာတ်လမ်းအပေါ်မှာ အံဝင်ခွင်ကျဖြစ်မယ့် သရုပ်ဆောင်တွေကို ရွေးချယ်ပြီး သင်ကြားရိုက်ကူးဖို့လည်း လိုတယ်၊ ထုတ်လုပ်ရေး လုပ်တယ်ဆိုတာတော့ အကုန်လုံးလျှောက်စဉ်းစားရတယ်၊ အသုံးစရိတ်၊ အကျိုးအမြတ်အားလုံးကို တွေးရတာပေ့ါ၊ တစ်သမတ်တည်း လိုင်းတစ်ခုတည်းတော့ လုပ်လို့ မရသေးဘူးလို့ ကျွန်မခန့်မှန်းမိတယ်၊ ဟာသလည်းပါမယ်၊ ဒရာမာဇာတ်လမ်းလည်းပါမယ်၊ ရိုမန့်တစ်ဆန်တဲ့ အချစ်ကားလေးတွေလည်းပါမယ် စသဖြင့် အားလုံးပေ့ါ၊ အခုနောက်ဆုံး ရိုက်မယ့်ကားကတော့ ဒါရိုက်တာ ကိုစတီးနဲ့ ရိုက်ကူးဖို့ စီစဉ်ထားပါတယ်”ဟု သရုပ်ဆောင်၊ ထုတ်လုပ်သူ မိုးဟေကိုက သူ့အတွေ့အကြုံကို ရှင်းပြသည်။ **ကိုလင်း**



## ကမ္ဘာအနှံ့ စီးပွားရေးခြေဆန့်ရန်ပြင်ဆင်နေသူ ရောသမ သားစိုး



မိသားစုစီးပွားရေးနှင့် မိမိ၏ရောသမတတ်သည့် အတတ်ပညာကို ပေါင်းစပ်လိုက်သောအခါ ရောသမနှပ်ဟု အမည်ရသည့် လက်ဖက်ချဉ်စပ်အဖြစ် ရောက်ရှိလာပြီး ယင်းကို ထုတ်လုပ်ရောင်းချသွားတော့မည်ဟု တေးသံရှင် သားစိုးက ပြောကြားသည်။

မြန်မာသံတေးသီချင်းများကို ခေတ်ပေါ်ရက်ပ်ဂီတနှင့် ပေါင်းစပ်ပြီး ဂီတအသစ်အဆန်းများကို ပရိသတ်ကို ပေးအပ်တတ်သည့် တေးသံရှင် သားစိုးသည် “ရောသမမွှေ”တေးစီးရီးဖြင့် ဂီတလောကတွင် အောင်မြင်မှုများရရှိခဲ့သူဖြစ်သည်။ လာမည့် ဇူလိုင် ၄ ရက်သည် သားစိုး၏ သားဖြစ်သူမွေးနေ့ဖြစ်ပြီး ယင်းနေ့တွင် အမှတ်တရအဖြစ် ရောသမနှပ် လက်ဖက်ချဉ်စပ်ကို ရောင်းချပေးသွားရန် တက်ကြွစွာစီစဉ်နေကြောင်း သားစိုးက ပြောသည်။

“လက်ဖက်ဆိုတာ ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ မပါမဖြစ် အစားအစာတစ်မျိုးလို့ ထင်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်လည်း လက်ဖက်သိပ်ကြိုက်တယ်၊ လက်ဖက် ရောင်းဖို့ ပြင်ဆင်ခဲ့တာ ၂၀၁၄ ခုနှစ်ကတည်းကပါပဲ၊ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာ စောင်းလျားသီး လိုက်ရှာတယ်၊ ရှမ်းပြည်က လက်ဖက်ကိုယူတယ်၊ ၂၀၁၅ ခုနှစ် မှာစပြီး အရသာရတယ်၊ သီချင်းမှာ ရောသမမွှေတုန်းက ဆိုင်းသံကို ဒရမ်သံ၊ ဘေ့စ်သံလေးတွေထည့်သလို အခု လက်ဖက်မှာလည်း စောင်းလျားသီး၊ ပုစွန်ခြောက်နည်းနည်းစီရောပြီး အရသာဖော်ထားတယ်၊ ကျွန်တော်ကိုယ်တိုင် အရသာစပ်တယ်၊ နောက်ပိုင်းတော့ ကြီးကြပ်ရုံပဲ လုပ်မှာပါ၊ ဇူလိုင် ၄ ရက်မှာ ရှူးရှဲရောသမနှပ်နဲ့ မိတ်ဆက်ပေးဖို့ရှိပါတယ်”ဟု သားစိုးက ပြောသည်။

လူတန်းစားမရွေးစားသုံးနိုင်ရန် ငွေကျပ် ၅၀၊ ငွေကျပ် ၅၀၀ နှင့် ငွေကျပ် ၅၀၀၀ တန် လက်ဖက်များကို ရောင်းချပေးမည်ဖြစ်ပြီး မြန်မာ့ရိုးရာလက်ဖက်ကို အခြားနိုင်ငံများအထိ တင်ပို့ရောင်းချရန်လည်း သားစိုးက စိတ်ကူးထားသည်။

“အွန်လိုင်းကနေ လက်ဖက်ကို နိုင်ငံခြားပို့ကုန်အထိ ဖြစ်အောင် ကျွန်တော်ကြိုးစားမယ်၊ စံချိန်စံညွှန်းကိုလည်း သတိထားပြီး သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့အညီ လုပ်နေတယ်”ဟု သားစိုးကပြောကြားပြီး “လက်ရှိ အနုပညာလှုပ်ရှားမှု အတွက်လည်း “ရောသမဂိုဏ်းချုပ်”ဆိုပြီး စီးရီးတစ်ခုလုပ်နေပါတယ်၊ ဂျပန်မှာ ဖြန့်နိုင်မယ့်ရက်ကို ရွေးချယ်နေတယ်၊ နိုင်ငံရပ်ခြားမှာ ဖြန့်မှာဆိုတော့ အခက်အခဲတွေကတော့ အများကြီးပဲ၊ ဂျပန်ပရိုဂျူဆာကလည်း မြန်မာအနုပညာသမားနဲ့ တွေ့ရတာဆိုတော့ပြောရ၊ ဆိုရ၊ ညှိရတာ သူလည်းပင်ပန်းရှာတယ်၊ ဒါကြောင့် နည်းနည်းကြာနေတယ်၊ ဒီဇိုင်းတော့ပြီးသွားပြီ၊ အခွေကူးတာလည်းပြီးပြီ၊ ဖြန့်ချိဖို့တစ်ခုပဲ ကျန်တော့တာမို့ အားပေးကြစေချင်တယ်”ဟု ၎င်းက ဆက်လက် ပြောကြားသည်။ **ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

# Incredibles 2 ရုပ်ရှင်ဇာတ်ကား အဖွင့် သီတင်းပတ်မှာတင် ဝင်ငွေ သန်း ၁၈၀ ရရှိ

Incredibles 2 ရုပ်ရှင်ဇာတ်ကားဟာ အဖွင့်သီတင်းပတ်မှာတင် ခန့်မှန်းဝင်ငွေသန်း ၁၈၀ ရရှိခဲ့ပါတယ်။ ဒါဟာ အန်နီမေးရှင်း ရုပ်ရှင်တွေရုံတင်ပြသတဲ့အခါ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဖြစ်လာပါတယ်။ ၂၀၁၆ ခုနှစ်က Finding Dory ဆိုတဲ့ ဇာတ်ကားရဲ့ ဝင်ငွေကိုကျော်တက်သွားပါတယ်။ Finding Dory ဇာတ်ကားဟာ ၁၃၅ သန်း ဝင်ငွေရရှိခဲ့တာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်က ရုံတင်ပြသခဲ့တဲ့ Beauty and the Beast ဇာတ်ကားလည်း အဖွင့်သီတင်းပတ်မှာ ၁၇၄ သန်းသာရရှိခဲ့တဲ့အတွက် Incredibles 2 ဟာ ဒီဇာတ်ကားတွေအားလုံးရဲ့ဝင်ငွေကို ကျော်တက်သွားတာပဲဖြစ်တယ်။ အပြည်ပြည်ဆိုင်ရာ ဈေးကွက်မှာ ၂၆ ရာခိုင်နှုန်းပြသပြီးချိန် ၅၁ ဒသမ ၅ သန်းဝင်ငွေရရှိခဲ့တဲ့အတွက် တစ်ကမ္ဘာလုံးအနှံ့ဆိုရင် ၂၃၁ ဒသမ ၅ သန်းရရှိမှာဖြစ်တယ်။ The Incredible ရုပ်ရှင်ကိုတော့ ၂၀၀၄ ခုနှစ်က ရုံတင်ခဲ့တာဖြစ်ပြီး ဝေဖန်ရေးသမားတွေနဲ့ ပရိသတ်တွေကို နှစ်ခြိုက်စေခဲ့တဲ့ ဇာတ်ကားလည်းဖြစ်တယ်။ ပထမဇာတ်ကားထွက်ရှိပြီး ၁၄ နှစ်ကြာမှ Incredibles 2 ထွက်ရှိခဲ့တာဖြစ်တယ်။ ၂၀၁၈ ခုနှစ်အတွင်းရုံတင်ခဲ့တဲ့ ဇာတ်ကားတွေထဲမှာ Black Panther ကဝင်ငွေ ၂၅၇ ဒသမ ၇ သန်း၊ Avengers :Infinity War က ဝင်ငွေ ၂၀၂ သန်းရရှိခဲ့တဲ့အတွက် အခု Incredibles 2 ဇာတ်ကားဟာ တတိယဝင်ငွေအများဆုံးဇာတ်ကားလို့ ဆိုရမှာပါ။

**ဆလက်ရှ်ဖလင်ဒေ့ါကွန်း**




# ဂျက်စတင်ဘီဘာရဲ့ အချစ်ဇာတ်လမ်းတွေကို လျစ်လျူရှုဖို့ ကြိုးပမ်းနေရတဲ့ ဆယ်လီနာ

ဂျက်စတင်ဘီဘာဟာ ဆယ်လီနာဂိုမက်ဇ်နဲ့လမ်းခွဲပြီးနောက် ဟေလီဘာ့ထ်ဝင်းနဲ့ အချစ်ဇာတ်လမ်းစနေပါတယ်။ ဆယ်လီနာကတော့ ဂျက်စတင်ဘီဘာရဲ့အချစ်ဇာတ်လမ်းသစ်ကို အာရုံမစိုက်မိအောင် အထူးကြိုးစားနေပေမယ့် အဲဒီအတွက်တော့ စိတ်အနှောင့်အယှက်ဖြစ်ရတာကတော့အမှန်ပါပဲ။ ဂျက်စတင်ဘီဘာနဲ့ ဟေလီတို့ရဲ့အချစ်ခရီးလမ်းဟာလည်းကြာရှည်ခံလိမ့်မယ်လို့ ဆယ်လီနာက မထင်ပါဘူး။ ဂျက်စတင်ဘီဘာနဲ့ပတ်သက်ရင် စိတ်ခံစားချက်မကုန်သေးတဲ့ ဆယ်လီနာဟာ ဂျက်စတင်ဘီဘာရဲ့ အချစ်ဇာတ်လမ်းတွေအကြောင်း မကြားမိအောင်နေနေရပါတယ်။

ဒါပေမယ့်လည်း လူမြင်ကွင်းမှာ တွေ့တွေ့နေရတဲ့ဂျက်စတင်ဘီဘာတို့စုံတွဲကို လျစ်လျူရှုထားပေမယ့် သတိမထားဘဲလည်းမနေနိုင်ဘူးလို့ ဆယ်လီနာနဲ့ရင်းနှီးသူတွေက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ ဆယ်လီနာဟာ အခုအချိန်မှာချစ်သူမရှိဘဲ တစ်ကိုယ်တည်းဖြစ်နေပြီး ဂျက်စတင်ဘီဘာကိုလည်းချစ်နေဆဲပါပဲ။ သူတို့ကြားမှာ အဆိုးတွေ ဘယ်လောက်ပဲရှိရှိ ဂျက်စတင်ဘီဘာအပေါ် စိတ်မကုန်နိုင်ပါဘူး။

အခုလည်းဂျက်စတင်ဘီဘာနဲ့ ဟေလီတို့စုံတွဲအချစ်ဇာတ်လမ်းဘယ်လောက်ခံမှာလည်းလို့ မေးခွန်းထုတ်နေပြန်ပါတယ်။ ဟေလီကတော့ အေးအေးဆေးဆေးပါပဲ။ ဂျက်စတင်ဘီဘာကြောင့်အသည်းကွဲမှာကိုစိုးရိမ်တဲ့ပုံမရှိပါဘူး၊ သူဟာပေါ့ပေါ့ပါးပါးနေတတ်ပြီး အချစ်ရေးနဲ့ပတ်သက်ရင်လည်း လေးလေးနက်နက်ရှိဟန်မတူပါဘူး။ ဆယ်လီနာခန့်မှန်းထားသလို သူတို့စုံတွဲ ဘယ်လောက်ထိခံမလဲဆိုတာကတော့ စောင့်ကြည့်မှပဲ သိရတော့မှာပါ။

**ဟောလိဝုဒ်လိုက်ဖ်**

**ခြူး**





## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၂၆)

# နောက်ကြောင်းပြန် အာဏာသက်ရောက်မှု



**ဦးဟန်ညွန့် (ဥပဒေ)**




**ဥပဒေအတွင်းကသာလျှင်**

တရားဥပဒေစိုးမိုးသော ကျွန်ုပ်တို့နိုင်ငံတွင် ဥပဒေအတွင်းကသာလျှင် တရားစီရင်ရမည်ဖြစ်သည်။ သို့မှသာလျှင် သြဇာရှိသူ၊ မရှိသူ ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ အယုတ်အလတ်အမြတ်မရွေး တူညီမျှတသောဘဝကို ရရှိကြမည်ဖြစ်ပါသည်။

(မောင်ပါနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၂ ခုနှစ်၊ မတစ၊ စာ-၄၇၉)

အထက်ပါစီရင်ထုံးသည် ဥပဒေ၏ အာနိသင်ကို ထင်ထင်ရှားရှား ပေါ်လွင်စေပေသည်။

တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စီမံဆောင်ရွက်ခြင်းသည် အဓိကအခန်းကဏ္ဍလည်းဖြစ်ပေသည်။

**နောက်ကြောင်းပြန်**

နောက်ကြောင်းပြန်အာဏာသက်ရောက်မှုဟူသော စကားမှာ ဥပဒေနယ်ပယ်တွင် ထင်ရှားသော စကားဖြစ်ပေသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃ တွင် "မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့် မရှိစေရ" ဟု ပြဋ္ဌာန်းထားပေသည်။

ထို့အပြင်-

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၃ တွင်လည်း-

"ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှား စီရင်ရမည်။ ထို့အပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရ" ဟု ပြဋ္ဌာန်းထားပေသည်။

**ပြည်ထောင်စု တရားစီရင်ရေးဥပဒေ**

ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ ၄ တွင်-

"မည်သည့် ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်ခြင်း မရှိစေရ" ဟုလည်း ပြန်ဋ္ဌာန်းထားပေသည်။

**စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ**

၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ (င) တွင်-

"ဥပဒေတစ်ရပ်ရပ်တွင် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှု ရှိစေရမည် ဟု အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်းပြန် အာဏာသက်ရောက်မှုမရှိစေရ။ သို့ရာတွင် မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှု မရှိစေရ" ဟု ပြဋ္ဌာန်းထားသည်။

**နိုင်ငံတကာစံနှုန်း**

ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အပိုဒ် ၁၅(၁)တွင်-

"မည်သူမျှ ပြစ်မှုကျူးလွန်ချိန်က တည်ရှိသော ပြည်တွင်းဥပဒေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာဥပဒေအရ ပြစ်မှုတစ်စုံတစ်ရာမမြောက်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် အပြစ်ရှိသည်ဟူ၍ အရေးယူခြင်း မခံစေရ။ အကယ်၍ ပြစ်မှုကျူးလွန်ပြီးနောက်တွင် ပိုမိုလျော့နည်းသော ပြစ်ဒဏ်ကို ချမှတ်နိုင်ကြောင်း ဥပဒေအရ ပြဋ္ဌာန်းပါက လျော့နည်းသော ပြစ်ဒဏ်ကို ပြစ်မှုကျူးလွန်သူက ခံစားပိုင်ခွင့်ရှိသည်" ဟု ဖော်ပြထားပေသည်။

> **"ဥပဒေတစ်ရပ်ရပ်တွင် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှု ရှိစေရမည်ဟု အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်းပြန် အာဏာသက်ရောက်မှုမရှိစေရ၊ သို့ရာတွင် မည်သည့် ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှု မရှိစေရ"**

**ထပ်မံစစ်ဆေးခြင်းမပြုရ**

"တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဖြစ်စေ၊ အမှုမှ အပြီးအပြတ် လွှတ်ခြင်းခံရလျှင်ဖြစ်စေ၊ အဆိုပါပြစ်မှုထင်ရှားစီရင်သည့် စီရင်ချက် သို့မဟုတ် အမှုမှ အပြီးအပြတ် လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကို အသစ်တစ်ဖန်ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်သည့်အခါမှ တစ်ပါး ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ" ဟု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၄ တွင် ဖော်ပြထားပေသည်။

**ခုခံချေပပိုင်ခွင့်**

ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိစေရမည့်အပြင် တရားမျှတမှုအခွင့်အရေးရရှိစေရမည် ဖြစ်ပေသည်။

**စာချွန်တော်များ**

တရားမျှတမှု အခွင့်အရေးများနှင့် စပ်လျဉ်း၍-

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေ စာချွန်တော်အမိန့်၊ အာဏာပိုင်ပေးစာချွန်တော်အမိန့်နှင့် အမှုခေါ်စာချွန်တော်အမိန့် တစ်ရပ်ရပ်ကို ထုတ်ဆင့်ခွင့်အာဏာရှိပေသည်။

**ကိုယ်ကျင့်တရားအကျိုးငှာ**

နိုင်ငံသားတိုင်းသည် နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ဥပဒေနှင့် မဆန့်ကျင်သော အခွင့်အရေးများ ရရှိပေသည်။

**မတရားဖမ်းဆီးချုပ်နှောင်မှု**

မည့်သူကိုမျှ ဥပဒေပြဋ္ဌာန်းချက်မရှိဘဲ ပြစ်မှုကျူးလွန်သည်ဟု သတ်မှတ်ခြင်း သို့မဟုတ် အပြစ်ပေးခြင်းမပြုရဆိုသည့် ဥပဒေနှင့်အညီ ဆောင်ရွက်ရေးမှု (Principle of Legality) ကို ကျင့်သုံးဆောင်ရွက်ပေးသည်။ ဥပဒေသည် အရာရာတွင် အဓိကကျပေသည်။

ဖမ်းဆီးချုပ်နှောင်လျှင်လည်း ဥပဒေဆိုင်ရာအကြောင်းပြချက်ရှိရမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(မျှတသောတရားစီရင်ရေး ဆိုင်ရာစံနှုန်းများ စာအုပ်၊ ၂၀၁၈၊ စာ-၂၂)

**စေတနာ**

နောက်ကြောင်းပြန်အာဏာသက်ရောက်မှုနှင့် စပ်လျဉ်း၍ ရည်ညွှန်းလေ့လာဖတ်ရှုအပ်သော စာအုပ်စာတမ်းများကို ဖတ်ရှုပြီး တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ---။ ။

# ရခိုင်ပြည်နယ် တရားလွှတ်တော်၌ မှုခင်းစီမံခန့်ခွဲမှု အခြေခံကွန်ပျူတာ သင်တန်းဆင်း

**စစ်တွေ ဇွန် ၁၉**

ရခိုင်ပြည်နယ်တရားလွှတ်တော်အောက်ရှိ တရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆောင်ရွက်မည့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကို ပြည်နယ်တရားလွှတ်တော်ခန်းမ၌ ဇွန် ၁၈ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်က အမှာစကားပြောကြားပြီး စစ်တွေကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာဇော်ထွန်းက သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။

အဆိုပါ သင်တန်းကို ပြည်ထောင်စုတရားလွှတ်တော်မှရေးဆွဲသည့် မဟာဗျူဟာ စီမံကိန်းအရနိုင်ငံတစ်ဝန်းတရားရုံးများတွင် ကျင့်သုံးမည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တွင်ပါဝင်သည့် စစ်တွေခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့ရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများအား ကွန်ပျူတာကျွမ်းကျင်မှု ရှိစေရေးအတွက် ပြည်နယ်တရားလွှတ်တော်နှင့်စစ်တွေကွန်ပျူတာတက္ကသိုလ်တို့ ပူးပေါင်းအစီအစဉ်ဖြင့် မေ ၁၉ ရက်မှ ဇွန် ၁၇ ရက်အထိ အပတ်စဉ် စနေ၊တနင်္ဂနွေနေ့များတွင် စစ်တွေကွန်ပျူတာတက္ကသိုလ်၌ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုကြီးစော**

# ပဲခူးတိုင်းဒေသကြီးအစိုးရနှင့် တိုင်းအတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ

**ပဲခူး ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအတွင်းရှိ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၁၈ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေတို့က ပဲခူးတိုင်းဒေသကြီးသည် အဓိကအားဖြင့် လယ်ယာကဏ္ဍကို အထူးပြုသည့် တိုင်းဒေသကြီးဖြစ်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသော လယ်ယာထွက်ကုန်များအနက် ဆန်စပါး၊ မတ်ပဲနှင့် ပဲတီစိမ်းကို အများအပြားစိုက်ပျိုးထုတ်လုပ်နိုင်သည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့် နိုင်ငံခြားငွေရရှိရန်အတွက် ပြည်ပပို့ကုန်များများတင်ပို့နိုင်ရန် အရေးကြီးသလို Ecotorism လုပ်ငန်းသည်လည်း အရေးပါသည့်လုပ်ငန်းဖြစ်ကြောင်း၊ ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရန် အလားအလာကောင်းသောသီးနှံများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များကို ရွေးချယ်ပြီး အဓိကထား တွန်းအားပေးဆောင်ရွက်သွားမည့်အပြင် နိုင်ငံခြားသားဧည့်သည်များ မိမိတို့တိုင်းဒေသကြီးအတွင်း လာရောက်လည်ပတ်ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေများ ရရှိအောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ဟိုတယ်လုပ်ငန်းများသည်လည်း အရေးပါသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဟံသာဝတီလေဆိပ်စီမံကိန်း ပြီးစီးသွားပါက နိုင်ငံခြားခရီးသွား အပါအဝင် ဧည့်သည်များ ဝင်ရောက်လာမည်ဖြစ်သောကြောင့် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း၊ ဒေသတွင်းစားသုံးရန်နှင့် ဝမ်းစာဖူလုံရေးအတွက် သားငါးထုတ်လုပ်ရောင်းချမှုများ၊ သစ်သီးဝလံနှင့် ကုန်စိမ်းထုတ်လုပ်ရောင်းချမှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေချိန်တွင် စက်မှုလယ်ယာသုံးပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းများကို နိုင်ငံခြားမှဝယ်ယူသည့်အခါ နိုင်ငံခြားငွေများဖြင့် ပေးချေနေရပြီး အဆိုပါပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်လာနိုင်ခြင်းဖြင့် သွင်းကုန်အစားထိုး ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံခြားငွေသုံးစွဲရမှု လျော့နည်းလာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး SME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဖွဲ့စည်းထားပြီးဖြစ်သောကြောင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်ခြင်းအားဖြင့် သွင်းကုန်အစားထိုးပစ္စည်းများ ထုတ်လုပ်လာနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး(အရှေ့) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကိုကိုကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်) ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးလှမိုး၊ တိုင်းဒေသကြီး ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ကျော်၊ တိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကြည်ထွန်း၊ တိုင်းဒေသကြီး ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးမြင့်သန်း၊ တိုင်းဒေသကြီးဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစန်းလွင်၊ တိုင်းဒေသကြီး သစ်သီးဝလံပန်းမန်အသင်း ဥက္ကဋ္ဌ ဦးရဲလွင်၊ တိုင်းဒေသကြီး အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသန့်ဇင်၊ ရွှေကျင်မြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးတေဇာတိုး၊ သနပ်ပင်မြို့နယ် ဘက်စုံမွေးမြူရေးအစုအဖွဲ့ခေါင်းဆောင် ဦးသန်းဌေး၊ ပဲ၊ နှမ်းစိုက်ပျိုးထုတ်လုပ်သူအစုအဖွဲ့၊ SME စက်မှုလုပ်ငန်းရှင်များအစုအဖွဲ့နှင့် စပါးစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့တို့မှ တာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းများကို အသီးသီးဆွေးနွေးတင်ပြခဲ့ကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# လူကုန်ကူးမှုတားဆီးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြော

**တွန်းဇံ ဇွန် ၁၉**

ချင်းပြည်နယ် တွန်းဇံမြို့ အခြေခံပညာအထက်တန်းကျောင်း(ယာယီ)ခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆလိုင်းထောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းကျော်က ယာဉ်တစ်စီးတွင်ပါရှိရမည့်အချက်များ၊ ယာဉ်မောင်းသူများတွင် ရှိရမည့်အချက်များ၊ မြန်မာနိုင်ငံအတွင်း စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားသည့် အခြေအနေများ၊ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိမှုအခြေအနေနှင့် လူသေဆုံးနေမှုအခြေအနေများ၊ ချင်းပြည်နယ်အတွင်း စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားသည့် အခြေအနေများ၊ ချင်းပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကောင်စီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ကမ္ဘာပေါ်ရှိ လူကုန်ကူးမှုဖြစ်ပွားသည့် အခြေအနေများ၊ အရှေ့တောင်အာရှ၏ လူကုန်ကူးမှု အခြေအနေများနှင့် မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှုအခြေအနေများ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကိုလည်း ကျောင်းသား ကျောင်းသူများအား ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စလင်းမြို့နယ်တွင် ကျေးရွာစက်ရေတွင်း တူးဖော်ပြီးစီး

**မင်းလှ ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇရပ်လှကျေးရွာအုပ်စု ကြိမ်မြောင်းကျေးရွာတွင် ပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနက် ပေ ၃၀၀ စက်ရေတွင်းကို တူးဖော်ပေးခဲ့ရာ ယခု ရေတွင်းတူးဖော်မှုများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တူးဖော်ပြီးသည့် ရေတွင်းမှရေကို လက်ရှိ ရှိနေသော အမြင့် ပေ ၅၀ ရေစင်ပေါ်သို့တင်၍ ထိုရေစင်မှတစ်ဆင့် ပေ ၃၀၀ ခန့်ကွာဝေးသော Receiver tank အသင့်သုံးရေလက်ခံကန်သို့ ရေပေးပို့ရန်အတွက် မြေအောက်လိုင်းသွယ်တန်းခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ရမည့် Project မှာ ထိုအဆင့်သာဖြစ်သော်လည်း ကျေးရွာရေပေးဝေရေးကော်မတီနှင့် ဌာနတို့ ပူးပေါင်းကာ အိမ်တိုင်ယာရောက် ရေပိုက်လိုင်းများ သွယ်တန်းပေးနိုင်ရန်လည်း ကျေးရွာနေပြည်သူများက မျှော်မှန်းထားကြသည်။ လက်ရှိ ရေတွင်းတူးဖော်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင့်လွင်ဦး၊ စလင်းမြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် ဝန်ထမ်းများက ဇွန် ၁၈ ရက်က သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

**စစ်ကြည်(စလင်း)**

# မျိုးသန့်မျိုးစေ့ထုတ် စံပြကွက်များအတွက် မျိုး၊ မြေသြဇာဖိုးနှင့် မျိုးကွဲနုတ်ပယ်စရိတ်များ ပေးအပ်

**မြိတ် ဇွန် ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြိတ်မြို့နယ်အတွင်းမှ မျိုးသန့် မျိုးစေ့ထုတ်စိုက်ကွင်းများ ဆောင်ရွက်မည့် ဒေသခံ တောင်သူများထံသို့ မျိုးစေ့၊ ဓာတ်မြေသြဇာဖိုးနှင့် မျိုးကွဲနုတ်ပယ်ခြင်းစရိတ်များ ပေးအပ်ပွဲကို ဇွန် ၁၈ ရက်က မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးခန်း၌ ကျင်းပခဲ့သည်။



မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းစိုးက "ကျွန်တော်တို့ မြိတ်ခရိုင်အတွင်းမှာ မိုးစပါးစိုက်ဧက တစ်သိန်းကျော်ရှိတယ်၊ မြိတ်မြို့နယ်ကတော့ လေးသောင်းကျော်လောက် စိုက်ပျိုးပြီးတော့ အထွက်နှုန်းကတော့ တစ်ဧက တင်း ၇၀ ကျော်လောက်ပဲ ရှိတယ်၊ ဒါကြောင့်လည်း မျိုးသန့်မျိုးစေ့ကို တောင်သူတွေကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ပြီး ဒီမျိုးတွေကိုအသုံးပြုပြီးတော့ အထွက်နှုန်းတိုးတက်လာဖို့အတွက် အဓိကရည်ရွယ်ချက်နဲ့ ဒီအခမ်းအနားလေး လုပ်တာဖြစ်ပါတယ်" ဟု ပြောကြားသည်။

မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြတ်စိုးကလည်း "တစ်နိုင်ငံလုံးမှာ စပါးမျိုးသန့်ခြံ ၃၀ ကျော်လောက်ရှိတယ်၊ ဒီခြံတွေကထုတ်တဲ့ သန့်စင်မျိုးပမာဏဟာ တစ်နိုင်ငံလုံးစိုက်ဧကရဲ့ ၁၀ ရာခိုင်နှုန်းလောက်ကိုပဲ ဖြည့်ဆည်းပေးနိုင်တယ်၊ ဒါကြောင့်လည်း စိုက်ပျိုးသူတောင်သူတွေကိုယ်တိုင် မျိုးသန့်ထုတ်လုပ်မှုနည်းစနစ်များ သိရှိလာရေး၊ ဒီနည်းစနစ်တွေကို လက်တွေ့အသုံးချစိုက်ပျိုးလာပြီးတော့ မျိုးသန့်မျိုးစေ့များကို စိုက်ပျိုးသူတောင်သူများက ထုတ်လုပ်လာနိုင်ရေးတို့ကို ကျွန်တော်တို့စိုက်ပျိုးရေးဦးစီးဌာနက ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

အခမ်းအနားတွင် မြိတ်ခရိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နာယက ဦးသက်ရှိန်၊ မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက မျိုးသန့်မျိုးစေ့ထုတ်စံပြစိုက်ကွက်များဆောင်ရွက်မည့် ဒေသခံတောင်သူများထံသို့ မျိုး၊ ဓာတ်မြေသြဇာနှင့် မျိုးကွဲနုတ်ပယ်ခြင်းစရိတ်များ ပေးအပ်ခဲ့ပြီး မြိတ်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ဧက ၄၃၃၉၁ ဧကရှိကာ ယခင်နှစ်က တစ်ဧကပျမ်းမျှအထွက်နှုန်း ၇၁ တင်းသာ ရှိခဲ့ရာမှ ယခုနှစ်တွင် တင်း ၈၀ နှုန်းခန့်အထိ ပိုမိုထွက်ရှိလာမည်ဟု မျှော်မှန်းထားကြောင်းလည်း မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး (မြိတ်)**

# မိတ္ထီလာမြို့နယ်မှ ကျေးလက်နေပြည်သူများအား မျက်စိရောဂါများ ကွင်းဆင်းစစ်ဆေးကုသပေး

**မိတ္ထီလာ ဇွန် ၁၉**

မိတ္ထီလာမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများအား မြို့နယ် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း ဒေသကြီး(၂)မှ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် မျက်စိဆိုင်ရာရောဂါများ စစ်ဆေးကုသပေးခြင်းကို ဇွန် ၁၈ ရက်က မကျီးစုကျေးရွာအုပ်စု ကန်နီ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း ဒေသကြီး(၂) ကွင်းဆင်းအဖွဲ့တွင် ဒေသဆိုင်ရာ မျက်စိအထူးကုဆရာဝန်ကြီး ဒေါ်မိုးကေသွယ်အောင်နှင့် အဖွဲ့ဝင်များ ပါဝင်ကြပြီး မကျီးစုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား မျက်စိဆိုင်ရာ ရောဂါများ ကွင်းဆင်း၍ စမ်းသပ်စစ်ဆေးပေးပြီးနောက် ရောဂါဖြစ်ပွားသူ ၅၇ ဦးကို ကုသပေးခဲ့ပြီး အတွင်းတိမ်ခွဲစိတ်ရန် လိုအပ်သူ ၁၁ ဦးနှင့် အခြားမျက်စိရောဂါများဖြစ်ပွားသူ သုံးဦးတို့အား ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပိုင်ကျုံမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ပိုင်ကျုံ ဇွန် ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ 'ကျေးလက်ဒေသဖွံ့ဖြိုးရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ပိုင်ကျုံမြို့ နှောင်ဘိုကြီးကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဇွန် ၁၈ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပိုင်ကျုံမြို့အုပ်ချုပ်ရေးမှူး ဦးဟန်စိုးက အမှာစကားပြောကြားပြီး ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စိုးစိုးအေးက ပြည်သူ့စကားဝိုင်း ကျင်းပခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပိုင်ကျုံမြို့အုပ်ချုပ်ရေးမှူး၊ ပိုင်ကျုံနယ်မြေရဲစခန်းမှူး ရဲအုပ်ဟန်နိုင်ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်မျိုးမြင့်၊ ပိုင်ကျုံမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးသိန်းစိုး၊ ဒေါက်တာဝတ်ရည်သင်း၊ ပိုင်ကျုံမြို့ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဒေါက်တာရန်နိုင်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမောင်သိန်းတို့က ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေးစသော ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အချက်အလက်များကို ဆွေးနွေးကြကာ တက်ရောက်လာသော ပြည်သူများကလည်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျေးလက်နေပြည်သူများ တက်ရောက်ခဲ့ကြပြီး ယခုကဲ့သို့ ပြည်သူ့စကားဝိုင်း ကျင်းပခြင်းဖြင့် ကျေးလက်နေပြည်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တိုက်ရိုက် ဆွေးနွေးတိုင်ပင်နိုင်သလို ပြည်သူများအနေဖြင့် နိုင်ငံတော်၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ပိုမိုသိရှိကာ တိုင်ပင်ဆွေးနွေးတတ်သည့် အလေ့အထကောင်းကိုလည်း ရရှိလာစေမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့တွင် တီဘီလူနာသစ်ကွင်းဆင်း ရှာဖွေရာ လူ ၆၀၀ ခန့်တွင် ၃၀ တွေ့ရှိ

**ကျောင်းကုန်း ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး တီဘီရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်နှင့် ဒေါက်တာရဲဝင်းသိန်း ဦးဆောင်သောအဖွဲ့သည် ကျောင်းကုန်းမြို့နယ် လှည်းဆိပ်အုပ်စု၊ မာလာကွင်း ကျေးရွာ၌ တီဘီလူနာသစ်ရှာဖွေရေးကို ဇွန် ၁၉ ရက်က စစ်ဆေးပေးခဲ့ကြသည်။

ဇွန် ၁၇ ရက်တွင် ပေါက်ဆိန်ပဲ့ကျေးရွာ၌ လူဦးရေ ၁၉၀ တွင် လူနာသစ် ၁၂ ဦး တွေ့ရှိပြီး ဇွန် ၁၈ ရက်တွင် ကညင်သုံးဆင့်ကျေးရွာ၌ လူဦးရေ ၂၀၀ တွင် လူနာသစ် ၁၁ ဦးတွေ့ရှိခဲ့သည်။ ယနေ့လှည်းဆိပ်ကျေးရွာတွင် လူဦးရေ ၂၀၀ အား ဓာတ်မှန်ရိုက်ရှာဖွေရာ လူနာသစ် ၇ ဦး၊ စုစုပေါင်း လူနာသစ် ၃၀ တွေ့ရှိခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ အဖွဲ့ခေါင်းဆောင် ကျန်းမာရေးမှူး ဒေါ်မိုးသီတာငြိမ်းထံက သိရသည်။

ကျောင်းကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သဲမာထွေးနှင့်အဖွဲ့က လူနာသစ်ရှာဖွေပေးသော ဒေါက်တာ နေခြည်ထက်ထက်လင်းအောင်နှင့်အဖွဲ့အား ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ငပုတော၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ငပုတော ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်း မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက်က ငပုတောမြို့ စွယ်တော်ဘုရားထိပ် ပြည်သူ့ဆေးရုံသစ်ကြီးဝင်းအတွင်း ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများ စုစုပေါင်း အင်အား ၂၅၀ ခန့် ပါဝင်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်တို့က တက်ရောက်လာကြသူများအား ပျိုးပင်များ ဝေငှပေးကာ ကျွန်း၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ခရေ၊ ပျဉ်းကတိုး စသည့် ပျိုးပင် ၃၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ စိုက်ပျိုးပြီးစီးသည့်သစ်ပင်များ ရှင်သန်ရေးအတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ မြို့နယ်များတွင်ကျင်းပ

**ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုအဖြစ် ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများနှင့် စာအုပ်စာစောင် ပြပွဲများကို မြို့နယ်များတွင် ကျင်းပလျက်ရှိသည်။**

**ဒီးမော့ဆို**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို အနာဂတ်လှုပဖို့ မူးယစ်ဆေးဝါး တိုက်ဖျက်စို့ ခေါင်းစဉ်ဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဇွန် ၁၉ ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ခုနစ်ကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၇ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယှဉ်ပြိုင်နေမှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးရဲမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါး၏ အန္တရာယ်နှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို သိရှိနားလည်စေရန် ရည်ရွယ်၍ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ပြိုင်ပွဲကျင်းပပေးခြင်းဖြစ်ကာ ဆုရ ကျောင်းသား ကျောင်းသူများအား ဇွန် ၂၅ ရက်တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



**မြောင်းမြ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြို မူလတန်းအဆင့် ကဗျာရွတ်ဆို ပြိုင်ပွဲကို ဇွန် ၁၉ ရက်က မြောင်းမြမြို့ရှိ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာ၌ ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် မြောင်းမြမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဇွန် ၂၁ ရက်တွင် အခမ်းအနားဖြင့် ဆုများချီးမြှင့်သွားမည်ဟု သိရသည်။

ပြိုင်ပွဲအပြီးတွင် မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်များအကြောင်း ပညာပေးဗီနိုင်းပိုစတာများ၊ နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



**လဲချား**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့၌ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုစာစီစာကုံးပြိုင်ပွဲမှ ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ဇွန် ၁၈ ရက်က ကျင်းပခဲ့ပြီး ဆုရကျောင်းသား ကျောင်းသူ ကိုးဦးအား ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ အဆိုပါ စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၅ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ ကျောင်းများမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၈၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **ကေသီ(ပြန်/ဆက်)**

**တောင်ဥက္ကလာပ**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(MANA)တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြိုဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် ဓာတ်ပုံပြပွဲကို ဇွန် ၁၉ ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၅)ကျောင်းရှိ ကေသရာဇာခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့်ပတ်သက်၍ အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ကော်မတီဝင်၊ အဖွဲ့ဝင်များက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်းကို ကျောင်းသား ကျောင်းသူများအား အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြကာ မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း ဓာတ်ပုံများနှင့် သုတ ရသ စာအုပ်များကိုလည်း ခင်းကျင်းပြသခဲ့သည်။ **လင်းလင်းထွန်း**

# နေပြည်တော်၌ ဝါးစိုက်ပျိုးရေးပွဲတော် ကျင်းပပြီး ဝါးပင် ၅၆၀ စုပေါင်းစိုက်ပျိုး

**နေပြည်တော် ဇွန် ၁၉**

ဝါးစိုက်ပျိုးရေးပွဲတော်ကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် (၁၄) ၌ ဇွန် ၁၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဝါးစိုက်ပျိုးရေးပွဲတော်ကို သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကာ ဝါးမျိုး ၁၅ မျိုး အပင်ပေါင်း ၅၆၀ ကို ရန်အောင်မြင် ကြိုးဝိုင်းသစ်တောဦးစီးဌာနပိုင် မြေကွက်အမှတ် (၁၄)ရှိ မြေနှစ်ကေခွဲ၌ စုပေါင်းစိုက်ပျိုးကြခြင်းဖြစ်သည်။ ဝါးစိုက်ပျိုးရေးပွဲတော်တွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးချုပ် (စီမံ) ဦးခင်မောင်ဝင်း၊ နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်း၊ ဒက္ခိဏခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး



ဦးသိန်းရွှေ၊ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဝါးစိုက်ပျိုးရေး အသင်းသားများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၀၀ ကျော် စုပေါင်း၍ ဝါးပင်များ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-ဇော်ဘီ**

# ကျောင်းကုန်းမြို့နယ်၌ ဂျပန်နိုင်ငံမှလှူဒါန်းသော ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်

**ကျောင်းကုန်း ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဆောက်အိုင်အုပ်စု ဆောက်အိုင်ကျေးရွာ၌ ဂျပန်နိုင်ငံမှ လှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့သည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲကို ဇွန် ၁၈ ရက်က ကျင်းပခဲ့သည်။

ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို ဂျပန်နိုင်ငံမှ အလှူရှင်များနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး အလှူရှင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ဆရာဝန်ကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဂျပန်နိုင်ငံမှ JOICFP အဖွဲ့နှင့် VIRINA တို့ပူးပေါင်းလှူဒါန်းသော အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသည် အလျား ပေ ၃၀၊ အနံ ၄၁ ပေ၊ အမြင့် ၁၄ ပေရှိပြီး စုစုပေါင်း ကျပ်သိန်း ၂၂၀ ခန့် အကုန်ကျခံ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ ဆောက်အိုင်ကျေးရွာအပါအဝင် ကျေးရွာ ၁၃ ရွာရှိ အိမ်ထောင်စု ၇၈၂ စုမှ လူဦးရေ ၃၃၀၀ ခန့်အား ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေး နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲ ဆင်ပေါင်ဝဲတွင် ပြုလုပ်

**ဆင်ပေါင်ဝဲ ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ဇွန် ၁၈ ရက်က လယ်ကျိုးကျေးရွာ အလယ်တန်းကျောင်းခွဲနှင့် ကျောက်ဆောင်စမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောကာ နံရံကပ်စာစောင်များ ပြသခဲ့သည်။

ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေများ ဖတ်ရှုခြင်းဖြင့် ဗဟုသုတ ကြွယ်ဝလာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား သုတ/ရသ စာအုပ်များ ငှားရမ်းဖတ်ရှုစေ၍ ကလေးစာဖတ်ဝိုင်းများ ပြုလုပ်ပေးခဲ့ပြီးနောက် နံရံကပ်စာစောင်များ ပြသခဲ့သည်။ ထို့နောက် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဦးငြိမ်းချမ်းစိုးက တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူးက မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ရရှိလာမည့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေစကြိုမြို့နယ်မှ ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**ရေစကြို ဇွန် ၁၉**

ရေစကြိုမြို့နယ် မီးလောင်ကျွန်းကျေးရွာတွင် ချင်းတွင်းမြစ်ရေကြီးခြင်းနှင့် မြစ်ရေတိုက်စားခြင်းကြောင့် ရေဘေးကြုံတွေ့ရသည့် အိမ်ထောင်စု ၂၃ စုမှ ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၁၈ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံမောင်၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေဝင်း၊ ရေစကြိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မြင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များက ရေဘေးသင့်အိမ်ထောင်စု ၂၃ စုအတွက် အသုံးအဆောင်ပစ္စည်း ကိုးမျိုးစီ၊ ထောက်ပံ့ငွေ ကျပ်တစ်သိန်းစီနှင့် ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ကမ်းပါးပြို၍ ပြောင်းရွှေ့ရသည့် မင်းဘူးမြို့နယ်မှ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**မင်းဘူး ဇွန် ၁၉**

မင်းဘူး(စကု)မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီးနောက် ကျေးရွာအချို့တွင် မြစ်ကမ်းပါးပြိုကျခြင်းကြောင့် နေအိမ်များပြောင်းရွှေ့ခဲ့ရကာ အဆိုပါ ပြောင်းရွှေ့အိမ်ထောင်စုများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများ ဇွန် ၁၈ ရက်က ပေးအပ်ခဲ့သည်။

မင်းဘူး(စကု)မြို့နယ်အတွင်း မိုးသည်းထန်၍ ချောင်းရေမြင့်တက်ခြင်းကြောင့် ချောင်းဘေးကပ်လျက် နေထိုင်လျက်ရှိသော ချောင်းဖြူကျေးရွာအုပ်စု၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ဆင်လမ်းကြီးကျေးရွာ၊ မန်းကျိုးကျေးရွာအုပ်စု၊ ခြင်ထောင်ကျေးရွာ၊ ကျွဲကျကျေးရွာစသည့်ကျေးရွာတို့တွင် ကမ်းပါးပြိုကျ၍ နေအိမ် ပြောင်းရွှေ့ရမှုများ ရှိခဲ့ခြင်းဖြစ်သည်။

ပြောင်းရွှေ့ရသည့် အိမ် ၅၁ လုံးအတွက် တစ်အိမ်လျှင် ထောက်ပံ့ငွေကျပ်တစ်သိန်းစီဖြင့် ၅၁ သိန်းနှင့် လူ ၂၀၄ ဦးအတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုး ၂၁၀၀ ကျပ်နှုန်းဖြင့် ၄၂၈၄၀၀ ကျပ်တို့ကို မင်းဘူးခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက ကွင်းဆင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**မျိုးမြတ်(မင်းဘူး)**



# ရွှေဘိုတွင် ကျေးရွာကုန်ထုတ်လမ်း ခင်းမည့်နေရာ ကွင်းဆင်းစစ်ဆေး

**ရွှေဘို ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်း ဆောင်ရွက်မည့် ရွှေပန်းကုံးကျေးရွာ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းအတွက် လမ်းခင်းမည့်နေရာကို ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးအောင်လွင်နှင့် ဝန်ထမ်းများက ကျေးရွာမှ ဒေသခံတောင်သူများနှင့်အတူ ဇွန် ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါ ကုန်ထုတ်လမ်းကို ၂၀၁၈ ဘဏ္ဍာရေးနှစ် မီနီဘတ်ဂျက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ကုန်ထုတ်လမ်းသည် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ မြေသားထုနှစ်ပေနှင့် ခြောက်လက်မထု ဂျင်းကျောက်ခင်းမည့် လမ်းဖြစ်ကာ လုပ်ငန်းကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ် ၄၂ ဒသမ ၄၇ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြင့်ထံမှ သိရသည်။ **ခင်ဦးစိုးဝေ**

# ကျောင်းသားနှင့် ပြဋ္ဌာန်းဖတ်စာအုပ်

**ဒေါက်တာဒေါ်ခင်ကြည်**

ဇွန်လဆန်းက စတင်ခဲ့သည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပြီးခဲ့သည့် မေလ ၂၅ ရက်မှ ၃၁ ရက်အထိအတွင်း ကလေးငယ်များ ကျောင်းအပ်လက်ခံရေးကို ဆောင်ရွက်ခဲ့ကြသည်။ ယခု ပညာသင်နှစ်တွင် ကျောင်းနေအရွယ် ကလေးတိုင်းအား ပြဋ္ဌာန်းဖတ်စာအုပ်တစ်စုံစီကို နိုင်ငံတော်အစိုးရက အခမဲ့ပေးဝေသဖြင့် ဖတ်စာအုပ်အတွက် မိဘများစိတ်အေးခဲ့ကြရသည်။

အခမဲ့ပေးဝေထားသော ပြဋ္ဌာန်းဖတ်စာအုပ်ကို ကလေးငယ်တစ်ဦးထံမှ စာရေးသူ အမှတ်မထင် တွေ့ရှိကြည့်ရှုမိရာ စာအုပ်အရည်အသွေးမှာ ကောင်းမွန်သည်ကို တွေ့ရသည်။ ထိုသို့ အရည်အသွေးကောင်းသော စာအုပ်များကို ယခုထက် ပိုမိုခိုင်ခံ့စေလိုပြီး နိုင်ငံတော်အတွက်လည်း အကျိုးပြုနိုင်စေရန် ဤဆောင်းပါးကို ရေးမိခြင်းဖြစ်သည်။

၁၉၆၀ ပြည့်နှစ်အလွန်က အင်္ဂလန်နိုင်ငံမှ အခြေခံကျောင်းများတွင် ပြဋ္ဌာန်းဖတ်စာအုပ်နှင့်ပတ်သက်၍ ကျင့်သုံးသည့်စနစ်ကို စာရေးသူ သိရှိခွင့်ရခဲ့ပါသည်။ ထိုစဉ်က အင်္ဂလန်နိုင်ငံမှ အခြေခံကျောင်းများတွင်လည်း အရည်အသွေးကောင်းမွန်သည့် ပြဋ္ဌာန်းဖတ်စာအုပ်များကို ကလေးတိုင်း အသုံးပြုခွင့် ရရှိခဲ့သည်။ ထိုပြဋ္ဌာန်းဖတ်စာအုပ်များ၏ ရှေ့ဖုံးအတွင်းစာမျက်နှာ၌ စာအုပ်ကိုမပျက်စီးအောင် မည်သို့ကိုင်တွယ်ရမည်ဆိုသည့် စည်းကမ်းချက်များကို ရေးသားထားပါသည်။ စည်းကမ်းများမှ စာရေးသူမှတ်မိသမျှမှာ ဤသို့ဖြစ်ပါသည်။

**"ပြဋ္ဌာန်းဖတ်စာအုပ်များကို အခမဲ့ပေးသော်လည်း စာသင်နှစ်ကုန်ဆုံးသောအခါ အတန်းပိုင် ဆရာ ဆရာမများက စာအုပ်များကို ပြန်လည်သိမ်းဆည်းထားပြီး ပညာသင်နှစ်အသစ်တွင် အတန်းတက်လာသည့် ကလေးများကို သုံးစွဲခွင့်ပြုပါသည်"**

(၁) စာအုပ်ကို အစွန်းအထင်းမဖြစ်စေရ၊ စာအုပ်တွင် စာရေးမှတ်ခြင်း၊ ရေးခြစ်ခြင်းမပြုရ။
(၂) စာရွက်ကို စာအုပ်မှ ဆွဲမဆုတ်ရ။
(၃) စာရွက် မစုတ်ပြဲစေရ။
(၄) စာရွက်ကို ထောင်လိုက် ချိုးခေါက်ခြင်း မပြုလုပ်ရ။
(၅) စာရွက်အပေါ် ထောင့်စွန်းကို မချိုးရ။
(၆) စာရွက်လှန်လျှင် စာရွက်မကျိုးမကျေအောင် လှန်ရမည်။ လက်ချောင်းနှစ်ခုကြား ညှပ်၍ မလှန်ရ။
(၇) စာမျက်နှာမှတ်လိုက Book Marker နှင့် မှတ်ရမည်။
(၈) စာအုပ်ဖွင့်လျက် မမှောက်ရ။
(၉) ထူသည့်စာအုပ်ကို ဖတ်လိုပါက စာအုပ်အနှောင့် မပျက်စီးအောင် အခြားထူသည့်စာအုပ်တစ်အုပ်ကို ယှဉ်ချထားပြီးမှ စာအုပ်ကို ဖွင့်ပါ၊ စသည်တို့ဖြစ်သည်။

စာအုပ်များကို အခမဲ့ပေးသော်လည်း စာသင်နှစ်ကုန်ဆုံးသောအခါ အတန်းပိုင်ဆရာ ဆရာမများက စာအုပ်များကို ပြန်လည်သိမ်းဆည်းထားပြီး ပညာသင်နှစ်အသစ်တွင် အတန်းတက်လာသည့် ကလေးများကို သုံးစွဲခွင့်ပြုပါသည်။

ဤကဲ့သို့ စာအုပ်များအခမဲ့ပေးဝေသော်လည်း ပြန်လည်သိမ်းဆည်းသည့်စနစ်သည် ကလေးငယ်များကို စည်းကမ်းရှိစေသည့်အပြင် ပြဋ္ဌာန်းဖတ်စာအုပ်များကို အလဟဿ ဖြစ်မသွားစေသောကြောင့် နိုင်ငံတော်အစိုးရအဖို့ စာအုပ်များနှစ်စဉ်ပုံနှိပ်ရသည့် ငွေအင်အား၊ လူအင်အားနှင့် စာအုပ်များကို ဖြန့်ဝေရေးအတွက် အသုံးပြုရသည့် လူအင်အားနှင့် ကုန်ကျစရိတ်များကိုလည်း ချွေတာသက်သာစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# မွေးဖွားမှုမှတ်ပုံတင်ခြင်းလှုပ်ရှားမှု ထားဝယ်တွင်ပြုလုပ်

**ထားဝယ် ဇွန် ၁၉**

မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲကို ထားဝယ်မြို့မြောက်ရွာရပ် Diamond Crown ဟိုတယ်၌ ဇွန် ၁၈ ရက်ကကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အမှာစကားပြောကြားသည်။

ဝန်ကြီးက မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုသည်မှာ ကလေးဘဝတွင် အရေးကြီးသည့်အကြောင်းတစ်ရပ်ဖြစ်ကြောင်း၊ မွေးဖွားမှုကို မှတ်ပုံတင်ခြင်းအားဖြင့် ကလေးငယ်များ၏ဘဝမှာ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ခံစားရမှာဖြစ်ကြောင်း မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၁) ပုဒ်မ-၉၆ အပိုဒ်ခွဲ(၉)လူမှုရေးကဏ္ဍ(ပ)တွင် မွေးဖွားမှုနှင့်သေဆုံးမှုကို မှတ်ပုံတင်ရန် ဖော်ပြထားကြောင်း၊ ၁၉၉၃ ခုနှစ် မြန်မာနိုင်ငံ ကလေးသူငယ်များဥပဒေအရသော်လည်းကောင်း နိုင်ငံတစ်ဝန်းလုံးရှိ ဖြစ်ရပ်အားလုံးကို လွှမ်းခြုံနိုင်ရန်မှာ နိုင်ငံတော်၏တာဝန်ဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ ယခုပြုလုပ်သည့် မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၁၈ ခုနှစ် ဇွန် ၄ ရက်မှ ၈ ရက်အထိ၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာ ဇွန် ၁၈ ရက်မှ ၂၂ ရက်အထိ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကလေးသူငယ်ရပိုင်ခွင့်အခွင့်အရေးဖြစ်သည့် မွေးဖွားမှုမှတ်ပုံတင်ခြင်းလုပ်ငန်း အောင်မြင်အောင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ယူနီဆက်(ဘားအံ)မှ Mr. Pactirck Shing က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် မွေးဖွားမှုမှတ်ပုံတင် ရက်သတ္တပတ်လှုပ်ရှားမှု ဗွီဒီယိုမှတ်တမ်းကို ပြသသည်။ ထို့နောက် နေပြည်တော်ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်းက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ရန်ကုန်တိုင်းဒေသကြီးတွင် ဌာနဆိုင်ရာအချင်းချင်း ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်နေ

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာများအားလုံး အချင်းချင်း ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။ ဇွန် ၁၈ ရက်က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်၏ မေးခွန်းကို ဖြေကြားရာတွင် ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်က သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လက်ရှိဌာနချင်း ချိတ်ဆက်ဆောင်ရွက်ရန်စီမံထားမှုကို သိရှိလိုကြောင်း၊ ဌာနချင်းချိတ်ဆက်ဆောင်ရွက်ရာတွင် တရားဝင် အမိန့်ညွှန်ကြားချက်များ ရှိပါသလားဆိုသည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့၍ ဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်ပြီး မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ကြောင်း၊ ဆက်သွယ်ရေးတိုင်များ ဖိုင်ဘာကေဘယ်များနှင့်ပတ်သက်သော ကိစ္စရပ်များကို ထိန်းချုပ်ဆောင်ရွက်ရန် ဆက်သွယ်ရေးကွန်ရက် တိုးချဲ့တည်ဆောက်ရေး ပေါင်းစပ်ညှိနှိုင်းကော်မတီကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ အဆိုပါကော်မတီတွင် သက်ဆိုင်ရာဌာနပေါင်းစုံပါဝင်ကြောင်း၊ လမ်းခင်းခြင်း၊ မီးတိုင်စိုက်ခြင်း၊ ဆက်သွယ်ရေးတိုင်စိုက်ခြင်းများတွင်လည်း ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြောင်း၊ ယခင်က စည်ပင်က လမ်းခင်းမည်ဆိုပါက ဓာတ်တိုင်ရွှေ့ရမည်ဆိုလျှင် ဓာတ်တိုင်ရွှေ့ရန် ဘတ်ဂျက်မှာမပါ၍ နှောင့်နှေးကြန့်ကြာမှုများရှိကြောင်း၊ ယခုအခါ ဌာနဆိုင်ရာအချင်းချင်း မူလဘတ်ဂျက်စီစဉ်ကတည်းကပင် အကုန်လုံးကိုထည့်သွင်းစီစဉ်ပြီး ဘတ်ဂျက်ညီညွတ်အောင် ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ ထို့ပြင် ဆက်သွယ်ရေးကြိုးများ တပ်ဆင်ခြင်း၊ မြှုပ်ခြင်းတွင်လည်း သက်ဆိုင်ရာ Right of Way Owner များ၏ ခွင့်ပြုချက်ကို ရယူရကြောင်း၊ ထိုသို့ ခွင့်ပြုချက်ရယူခဲ့ခြင်းမရှိလျှင် ဥပမာအားဖြင့် YESC ၏ ခွင့်ပြုချက်မရှိဘဲ ဆက်သွယ်ရေး ဖိုင်ဘာကေဘယ်များချိတ်ခဲ့ပါက၊ YCDC ၏ မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ တိုင်များစိုက်ထူခဲ့ပါက ဖြုတ်သိမ်းခြင်း၊ တရားဥပဒေအရ ဆောင်ရွက်ခြင်းများရှိပါကြောင်း ပြောကြားသည်။

ထို့အပြင် စည်ပင်သာယာနယ်နိမိတ်အတွင်းနှင့် ပြင်ပတွင် လမ်းခင်းသည်ဖြစ်စေ၊ ဓာတ်တိုင်စိုက်ခြင်းဖြစ်စေ၊ ဆက်သွယ်ရေးတိုင်များစိုက်ခြင်း ဖြစ်စေ ဆောင်ရွက်နေသည့်ပုံစံကို တင်ပြရကြောင်း၊ သက်ဆိုင်ရာ Right of Way Owner များ၊ သက်ဆိုင်ရာဌာနများ၊ YCDC ၊ YESC ၊ လမ်းဦးစီး၊ တိုင်းစည်ပင်၊ ထွေအုပ်၊ သစ်တောအစရှိသော ဌာနဆိုင်ရာများ၏ သဘောထားမှတ်ချက်များကို ရယူပြီး ဆောင်ရွက်ရကြောင်း၊ သစ်ပင်ခုတ်လှဲခြင်းမှအစ အပင်အမျိုးအစား၊ အရေ အတွက်၊ အပင်၏အချင်းမည်မျှရှိကြောင်း၊ သစ်တောကို သစ်ပင်တန်ဖိုးပေးလျော် ခြင်းမှအစ အားလုံးညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ စည်ပင်သာယာ လမ်းတံတားနှင့် YESC တို့ ညှိနှိုင်းပြီး စည်ပင်သာယာမှ လမ်းခင်းမည်ဆိုလျှင် ဓာတ်တိုင်များကို YESC မှ ရွှေ့နိုင်မည့်အချိန်အထိ ဝိုင်းခဲ့ပေးပြီးမှ လမ်းခင်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပတွင် လမ်းနယ်နိမိတ် အဆုံး၌ ဓာတ်တိုင်၊ ဆက်သွယ်ရေးတိုင်များ စိုက်ထူဖို့ ညွှန်ကြားထားကြောင်း၊ အဆိုပါ ကိစ္စများကို စောင့်ထိန်းကြည့်ရှုရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကို ညွှန်ကြားထားပြီးလည်းဖြစ်ကြောင်း၊ YCDCမှ ရေနှင့်ပတ်သက်၍ ရေပိုက်လိုင်းများမြှုပ်ခြင်း၊ ရေမြောင်းများတူးခြင်း၊ မြောင်းများဖော်ခြင်းနှင့် လမ်းများပြုပြင်ခြင်းတို့အတွက်လည်း ပြည်သူများသို့ သတင်းအချက်အလက်များပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်းနှင့် အခြားသော ဌာနများနှင့်ချိတ်ဆက်ပြီး သတင်းအချက်အလက်ပေးခြင်းဖြစ်ကြောင်း၊ MPTမှ ဆက်သွယ်ရေးကြိုးများမြှုပ်ရန်အတွက် Right of Way Owner ဖြစ်သော YCDC ၏ ခွင့်ပြုချက်ကို ရယူပြီးမှ ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ဌာနဆိုင်ရာများအားလုံး အချင်းချင်း ညှိနှိုင်းဆောင်ရွက်နေကြောင်းလည်း ဝန်ကြီးက ဖြေကြားခဲ့သည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဆဒုံးဒေသရှိ ယာယီနေရပ်စွန့်ခွာစခန်းသို့ ဆန်၊ အဝတ်အထည်နှင့် ဖိနပ်များထောက်ပံ့

**ဆဒုံး ဇွန် ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆဒုံးဒေသရှိ လီဆူးတိုင်းရင်းသား နေရပ်စွန့်ခွာစခန်းသို့ ရောက်ရှိနေကြသည့် ဒေသခံပြည်သူများထံသို့ စေတနာရှင်များက ဆန်၊ အာဟာရမုန့်၊ အဝတ်အထည်နှင့် ဖိနပ်များ ဇွန် ၁၇ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ဆဒုံးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဟောင်း၌ ကျင်းပသည့် ထောက်ပံ့လှူဒါန်းပွဲတွင် အထက်မြန်မာပြည် လီဆူးခရစ်ယာန်အသင်းတော်နာယက သိက္ခာတော်ရဆရာတော် ဦးဒေးဗစ်ဖစ်ရှ်က အလှူရှင်များနှင့် လီဆူးတိုင်းရင်းသား နေရပ်စွန့်ခွာပြည်သူများကို မိတ်ဆက်ပေးကာ လီဆူးတိုင်းရင်းသား နေရပ်စွန့်ခွာကလေးငယ်များက လီဆူးတိုင်းရင်းသားတေးသီချင်းဖြင့် ကြိုဆိုခဲ့သည်။ ထို့နောက် လီဆူးတိုင်းရင်းသား နေရပ်စွန့်ခွာစခန်းသို့ ပြောင်းရွှေ့ရောက်ရှိလာကြသည့် ကျေးရွာ ၂၅ ရွာမှ အိမ်ထောင်စု ၈၇ စုရှိ လူဦးရေ ၄၆၂ ဦးအား အလှူရှင်များ ပေးအပ်လှူဒါန်းထားသည့် အဝတ်အထည်များနှင့် ဖိနပ်များကို သိက္ခာတော်ရဆရာတော်က ထောက်ပံ့ပေးအပ်ပြီး မြန်မာ့မိသားစုဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ အတွင်းရေးမှူး ဒေါ်နီဆက်ထူးနှင့် မိတ်ဖက် ဟောင်ကောင်နိုင်ငံမှ ဧည့်သည်အလှူရှင် Mr.Hon Lun ဦးဆောင်သည့် အဖွဲ့တို့က ဆန် ၃၅ အိတ်နှင့် အာဟာရမုန့်အိတ် ၂၀ ကို စခန်းတာဝန်ခံ ဦးဝွါးလေးနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့သည်။

ဆက်လက်၍ အလှူရှင်များသည် ဆဒုံးမြို့ လီဆူးတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဂေဟာသို့သွားရောက်ကာ ကျောင်းသားကျောင်းသူများအတွက် ဆန် ခြောက်အိတ်နှင့် အဝတ်အထည်များကိုလည်း ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်-ကချင်မြေ**

# ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဇွန် ၁၉**

၂၀၁၈ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၁၇ ရက် ညနေပိုင်းမှစ၍ တောင်ကြီးမြို့၌ ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ခဲ့ကာ ဖွင့်ပွဲသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထန်အိတ်နှင့် ပြိုင်ပွဲဝင် မြို့နယ်တာဝန်ခံများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



ပြည်နယ်ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ စတင်ကျင်းပစဉ်။

အဆိုပါပြိုင်ပွဲကို ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပြည်နယ်အတွင်းရှိ မြို့နယ် ၃၈ မြို့နယ်မှ အမျိုးသားအသင်း ၃၈ သင်းနှင့် အမျိုးသမီးအသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စုစုပေါင်း ပြိုင်ပွဲဝင်အားကစားသမား ၂၃၀ ပါဝင်ယှဉ်ပြိုင်နေကြောင်း သိရသည်။

**မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

# မိုးညှင်းတွင် ဆိုင်ကယ်လိုင်စင်များ နေ့ချင်းပြီးဆောင်ရွက်ပေး



**မိုးညှင်း ဇွန် ၁၉**

ကချင်ပြည်နယ် မိုးညှင်းမြို့မှ ဒေသခံပြည်သူများ၏ ဆိုင်ကယ်များအတွက် လိုင်စင်အသစ်များကို မိုးညှင်းခရိုင် ကညနမှ တာဝန်ရှိသူများက မိုးညှင်းမြို့ ရွှေသာလျောင်းကဇာတ်ရုံကြီးသို့ ဇွန် ၁၈ ရက်က ကွင်းဆင်း၍ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မော်တော်ဆိုင်ကယ်လိုင်စင်များကို မိုးညှင်းခရိုင်(ကညန)ဦးစီးမှူး ဒေါ်ခင်နင်းဝေဦးစီးသည့် ကညန ဝန်ထမ်းများနှင့် မိုးညှင်းမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ စုပေါင်း၍ လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ဆိုင်ကယ် ၅၈ စီးအတွက် လိုင်စင်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ ဆိုင်ကယ်လိုင်စင်များနေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းကို ဇွန် ၁၈ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ သုံးလတိုင်တိုင် နေ့စဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝ၆၇**

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်
# GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (၇) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဥ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေးစနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၄င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

## စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ

**DEVELOPER-**
GA MONE PWINT CO.,LTD.
အမှတ် (၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

## အမည်ပြောင်း

ဦးအေးလွင်၏သမီး အထက(၁) လှိုင်သာယာ တက္ကသိုလ်ဝင်တန်း(D) မှ မအိရွှေဇင်အား မအိရွှေစင်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိရွှေစင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/3969 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**လားရှိုးပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး(လားရှိုး)တွင် တက်ရောက်ကုသနေကြသည့်လူနာများအား ကုသပေးရန်အတွက် လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးပစ္စည်း (Consumable)များအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူမည်ဖြစ်၍ အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၁-၆-၂၀၁၈ ရက် (နံနက် ၉နာရီ)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၇-၂၀၁၈ ရက် ညနေ ၄နာရီ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ဆေးရုံအုပ်ကြီးရုံး၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့။
ဆက်သွယ်ရန်-ဖုန်း-၀၈၂-၂၂၀၂၉၄၇

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဗဟန်းရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ် ၁၆ နေ ဦးသန်းလှိုင် ၁၂/ဗဟန(နိုင်)၁၀၃၃၅၉၊ ဝါဝါဝင်းစားသောက်ဆိုင် ဇနီးဖြစ်သူ ဒေါ်နှင်းနေခြည်ဦး ၁၂/သဃက(နိုင်)၁၇၉၁၈၈ နှင့်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါ်ခင်သူဇာငြိမ်း ၁၂/မဂတ(နိုင်)၀၉၅၂၀၁ (Facebook Name-Khin Thu Zar Nyein)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်ခင်သူဇာငြိမ်းသည် ဦးသန်းလှိုင်နှင့် ဒေါ်နှင်းနေခြည်ဦးတို့ထံမှ ငွေကျပ်(၆၅၀၀၀၀ဝ/-) (ငွေကျပ်ခြောက်ဆယ့်ငါးသိန်းတိတိ)ကို ၁၇-၆-၂၀၁၆ရက်တွင် ရရန်ရှိရာတွင် ဦးသန်းလှိုင်နှင့် ဒေါ်နှင်းနေခြည်ဦးတို့ ဇနီးမောင်နှံမှ ၁၇-၆-၂၀၁၈ရက်တွင် ငွေကျပ်သိန်း(၃၀)ကိုသာပေးဆပ်ခဲ့ပြီး ကျန်ငွေများအနက်မှ ငွေကျပ်သိန်း(၃၀)ကို ၁၈-၆-၂၀၁၈ရက်တွင် ကျန်ငွေအား ထပ်မံပေးချေမည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုခဲ့သည့်အတွက် ဒေါ်ခင်သူဇာငြိမ်းမှ လူမှုရေးအရ လက်ခံပေးခဲ့ပါသည်။ သို့ပါသော်လည်း ဦးသန်းလှိုင်နှင့် ဒေါ်နှင်းနေခြည်ဦးတို့ ဇနီးမောင်နှံမှ ၁၈-၆-၂၀၁၈ ရက်တွင် ၎င်းတို့ကတိပြုထားသည့် ကျန်ငွေများကို ပေးချေခြင်းမရှိသည့်အတွက် ၎င်းတို့နေထိုင်ရာရပ်ကွက်သို့ သွားရောက်ရာတွင် ဦးသန်းလှိုင်၏မိခင်မှ တိုင်ချင်ရာတိုင် မပေးနိုင်ကြောင်း ပြောဆိုခဲ့သည့်အပြင် ဒေါ်နှင်းနေခြည်ဦးမှလည်း စာချုပ်တွင် ကတိပြုထားသည့် ပဋိညာဉ်ကို အတိအလင်းချိုးဖောက်သည့်စကားရပ်များကို ပြောဆိုခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည် ဒေါ်ခင်သူဇာငြိမ်းထံသို့ဖြစ်စေ လူကြီးမင်းတို့ဘက်မှ ပေးရန်ရှိသည့်ငွေများကို စာချုပ်ပါပဋိညာဉ်အတိုင်း အပြည့်အဝပေးချေရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အကယ်၍ လိုက်နာမှုမရှိဘဲ ပျက်ကွက်နေပါက တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကုန်ကျစရိတ်အဝဝကို လူကြီးမင်းတို့ဘက်မှ ကျခံရမည်ဖြစ်ပါကြောင်း ထပ်လောင်းသတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးနေစည်သူဇော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၃၄၆)**
**အမှတ်(၃၁၀-က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၅၀၂၅၂၁၉**

## အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီးကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏မှတ်ပုံတင်ခွင့်ပြုချက် အမှတ်-၇၀/၂၀၁၈-၂၀၁၉ (၅-၆-၂၀၁၈) (ခပန)ဖြင့် (CPC Public Company Limited)စီပီစီ အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်မှုထုတ်လုပ်မှုလုပ်ငန်းများ၊ ကျေးရွာနေပြည်သူများအတွက် လျှပ်စစ်မီးရရှိစေရေးနှင့် ပြည်နယ်အတွင်းရှိ အများပြည်သူများ၏ စားဝတ်နေရေးတို့ကို အခြေခံမှုစ၍ အမြန်ဆုံးဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပါသည်။

ကုမ္ပဏီ၏ရုံးခန်းလိပ်စာမှာ- အမှတ်-ပတသ/၁၇၂၊ ဗိုလ်ချုပ်လမ်း၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်ဖြစ်ပါသည်။

ဖုန်း-၀၉-၅၀၂၀၃၆၂

**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်း၊**
**အမှတ် ၁၆/ခ၊ (မြေကွက်အမှတ်၅၈၅/ခ)နှင့် စပ်လျဉ်း၍**

## အများသိစေရန် ကြေညာခြင်း

အထက်အမည်နေရပ်လိပ်စာပါ (၂၀×၆၀)ပေ ဂရန်မြေကွက်သည် ဦးစိုးပိုင် ၁၂/သဃက(နိုင်)၀၃၄၇၂၉ အမည်ပေါက်ပိုင်ဆိုင်ပြီး ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက် ရေ၊ မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းသူ ဦးစိုးပိုင်ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ခိုင်မာသည့်အထောက်အထား စာရွက်စာတမ်းဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း အရောင်းအဝယ်အပေါ် ကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေသည် ရောင်းသူ ဦးစိုးပိုင်သို့ ကျန်ငွေများပေးဆောင်ပြီး ဆက်လက်အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ကြီး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၈၉)**
**အမှတ် ၂၀၂၊ လေးလွှာ(ယာ)၊ လွတ်လပ်ရေးလမ်း၊ (ဝေဘူလမှတ်တိုင်)**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၉၅၉၇၆**

## အမည်မှန်နှင့်ဖခင်အမည်မှန်

မိုးကုတ်မြို့၊ ဘော်မဒန်း အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရတနာထွန်း၏အမည်မှန်မှာ မောင်ရမ်းဗဟာဒူး ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးပါဘူရမ်း ၁၃/နခတ(နိုင်)၀၇၂၄၂၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ နန်းတည်ကျေးရွာ အထက(ခွဲ) ဆဋ္ဌမတန်းမှ မောင်ဌွန်းကိုကို၏ဖခင်အမည်မှန်မှာ ဦးအောင်မြင့်နိုင် ၉/တသန(နိုင်)၀၁၁၃၉၆ ဖြစ်ပါကြောင်း။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိုးကုတ်မြို့၊ လယ်ဦး-မျောပျက်ရပ်နေ ဦးကျော်တင်ဝင်း-ဒေါ်ခင်လေးတို့၏သား မောင်တင်အောင်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သတ်၍ မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်တင်ဝင်း-ဒေါ်ခင်လေး**

## ဂုဏ်ယူဝမ်းသာပါကြောင်း

သူငယ်ချင်း ဗိုလ်မှူးကြီးထင်ဇော်ဝင်း(ငြိမ်း)-ဒေါ်ခင်ခင်အေးချို (အထပြ၊ ငြိမ်း)တို့ ၏ တစ်ဦးတည်းသောသမီး မအေးဘုန်းပြည့်ချိုသည် သုံးထပ်ကွမ်းလူရည်ချွန်ရရှိပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်လည်း ဘာသာစုံ (ခြောက်ဘာသာ)ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် မိသားစုနှင့်အတူ များစွာဂုဏ်ယူဝမ်းသာရပါသည်။ သမီးလေး ဘဝတစ်လျှောက် တိုးတက်အောင်မြင်ပါစေ။

**ဦးမောင်ဝင်း (ညွှန်ကြားရေးမှူး-စီမံ)-ဒေါ်ခင်နန်းဦး**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

## ဖခင် အမည်မှန်

စဉ့်ကူးမြို့နယ်၊ နွယ်ရုံအထက အဋ္ဌမတန်း(B)မှ မအေမီကျော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ဇောအောင်၉/စကန(နိုင်)၁၂၄၄၃၇ ဖြစ်ပါကြောင်း။ **ဦးကျော်ဇောအောင်**

## ဖခင်အမည်မှန်

မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာ (အထက) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ကျော်ဇင်လတ်၏ ဖခင်အမည်မှန်မှာ ဦးသန်းငွေ ၉/မတရ(နိုင်)၀၄၆၅၆၆ ဖြစ်ပါကြောင်း။ **ဦးသန်းငွေ**

## အမည်မှန်

ဘားအံမြို့နယ်၊ အထက ဇာသပြင် နဝမတန်း(B)မှ ဦးစောမြင့်စိန်ဦး၏သား မောင်ဟိန်းစော၏အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ မောင်သက်ထူးဦး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဆင်ဖြူကျွန်းမြို့၊ အထက အဋ္ဌမတန်း နှင်းဆီဆောင်မှ မအေးသူဇာနှင့် အလက(ခွဲ) ဒီးဒုတ်ပင်ရွာ ပဥ္စမတန်းမှ မအေးသီတာတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းခိုင် ၈/စလန(နိုင်)၁၄၃၂၇၉ ဖြစ်ပါသည်။ **ဦးကျော်ဝင်းခိုင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်း အထက တက္ကသိုလ်ဝင်တန်းမှ မဆောင်းနှင်းမွှေး ၈/စလန(နိုင်)၂၃၃၈၆၉ ၏ ဖခင်အမည်မှန်မှာ ဦးဝင်းရွှေ ၈/စလန(နိုင်)၁၆၄၂၄၅ ဖြစ်ပါသည်။

**ဦးဝင်းရွှေ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အမှတ် ၃၄၊ လေးလွှာ(ဘီ)ဟုခေါ်တွင်သော လူနေတိုက်ခန်းကို တရားဝင်လက်ရှိထားပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ခင်မျိုးကျော် ၁၂/စခန(နိုင်)၀၁၆၉၆၄ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နီလာအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၂၆/၁၀)**
**အမှတ် ၁၀၄၊ ပထမထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၇၀၁၂၈**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
## ကြော်ငြာစာအမှတ်(၂/၂၀၁၈)
## ၁၃၈၀ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၆ရက်
## ၂၀၁၈ခုနှစ်၊ ဇွန် ၁၈ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) သင်ကြားရေးဌာန၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီရှိ အောက်ဖော်ပြပါပညာဌာနများအတွက် နည်းပြရာထူး(လစာနှုန်း-၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ၄နေရာ လစ်လပ်လျက်ရှိပါသဖြင့် အောက်ပါပညာအရည်အချင်းသတ်မှတ် ချက်များနှင့်ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ဌာန | ရာထူး | ဦးရေ | သတ်မှတ်ပညာအရည်အချင်း |
|---|---|---|---|---|
| ၁ | စီမံခန့်ခွဲမှုပညာဌာန | နည်းပြ | ၁ | M.B.A/M.P.A/M.Com/M.Dev.S |
| ၂ | စီးပွားရေးပညာဌာန | နည်းပြ | ၁ | M.B.A/M.P.A/M.Econ(Stat)/ M.Econ(Eco)/M.P.P/M.Dev.S |
| ၃ | ဥပဒေပညာဌာန | နည်းပြ | ၁ | L.L.M |
| ၄ | အင်္ဂလိပ်ဘာသာပညာဌာန | နည်းပြ | ၁ | M.A(Eng) |

၂။ လျှောက်ထားသူသည်-
(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) သတ်မှတ်ပညာအရည်အချင်းအလိုက် အနည်းဆုံးမဟာဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) ကွန်ပျူတာအခြေခံတတ်မြောက်ကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) ၃၀-၆-၂၀၁၈ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိသူဖြစ်ပါက ၄၀နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်းထောက်ခံချက်မူရင်းပါရှိရမည်။
(စ) ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အနည်းဆုံး သုံးနှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ကတိဝန်ခံစာချုပ်ချုပ်ဆိုရပါမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်-
(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ(မူရင်းတင်ပြနိုင်ရမည်)
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း(သုံးလအတွင်း)
(စ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း (သုံးလအတွင်း)
(ဆ) စာမေးပွဲဝင်ကြေးငွေ ပေးသွင်းပြီးပြေစာမူရင်း

၄။ လျှောက်လွှာများကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ၂၅-၆-၂၀၁၈ရက်မှ စတင်၍ဝယ်ယူလျှောက်ထားနိုင်ပြီး ၂-၇-၂၀၁၈ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုကြောင်းနှင့် လျှောက်လွှာတစ်စောင်ကို ဤတက္ကသိုလ်သို့ သတ်မှတ်ရက်အတွင်း ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနအဖွဲ့အစည်းမှတစ်ဆင့် ဤတက္ကသိုလ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲအား ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၁၆-၇-၂၀၁၈ရက်တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတ၊ ၁၇-၇-၂၀၁၈ရက်တွင် အင်္ဂလိပ်စာတို့ကိုဖြေဆိုရမည်။ (ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။)

၆။ စာမေးပွဲဝင်ကြေး ၁၀၀၀ိ/-အား မြန်မာ့စီးပွားရေးဘဏ်(ပြင်ဦးလွင်မြို့နယ်)ရှိဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ငွေစာရင်းအမှတ် MD ၀၁၀၆၅၇ သို့ ၂-၇-၂၀၁၈ရက်နောက်ဆုံးထား၍ ပေးသွင်းရမည်။

၇။ ဖြေဆိုခွင့်ကတ်ပြားများအား ၁၂-၇-၂၀၁၈ရက်မှ ၁၃-၇-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း၌ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့လူကိုယ်တိုင် သို့မဟုတ် ဖုန်း-၀၂-၅၀၀၀၅၊ ၀၂-၅၀၂၃၆၊ ၀၂-၅၀၂၇၃၊ ၀၂-၅၀၂၇၄နှင့် ၀၂-၅၀၂၆၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

---

## ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ တိုက်အမှတ်(၂၅၃/၂၈၅)၊ အခန်းအမှတ်(D-007)နှင့်ပတ်သက်၍
## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်းနှင့် မာလာနွယ်လမ်း၊ အမှတ် ၇၄၆နေ ဒေါ်ထက်ထက်မြင့်လွင် ၁၂/စခန(နိုင်)၀၆၆၁၇၃၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားစာပေးပို့ပါသည်။

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း(အလယ်)၊ တိုက်အမှတ်(၂၅၃/၂၈၅)၊ ခုနစ်လွှာ၊ တိုက်ခန်းအမှတ်(ဒီ-၀၀၇) အခန်းသည် ဒေါ်ထက်ထက်မြင့်လွင်မှ မူလပိုင်ရှင်ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် တိုက်ခန်းဖြစ်ပြီး ဥပဒေနှင့်အညီပိုင်ဆိုင်လျက်ရှိနေပါသည်။ အဆိုပါ တိုက်ခန်းအား ဒေါ်ထက်ထက်မြင့်လွင် ခွင့်ပြုချက်မရဘဲ၊ မသိရှိဘဲ မည်သူတစ်ဦး တစ်ယောက်မှ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်းမပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်သည်ကို သိရှိပါက ကျွန်ုပ်အမှုသည်၏ နစ်နာဆုံး ရှုံးမှုအဝဝကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် လေးစားစွာ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးဟိန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၈၁)**
**အမှတ်(၁၄)၊ နွယ်နီလမ်း၊ (၆)ရပ်ကွက်**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၁၈၆၈၂**

---

## အမည်ပြောင်း

ဦးကျော်ဇေငြိမ်း ၈/ပမန(နိုင်)၀၈၁၅၆၅ နှင့် ဒေါ်ရီရီသန့် ၈/ပမန(နိုင်)၀၉၇၀၁၂ တို့၏သား မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့၊ အထက ဆဋ္ဌမတန်းမှ မောင်စိုးခန့်အား မောင်အုပ်စိုးခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အုပ်စိုးခန့်**

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ အထက Gread-10-Gအောင်မှ မဆွေဇင်ဝင်း ကျောင်းဝင်အမှတ် A-၁၅၀၇၏ ဖခင်အမည်မှန်မှာ ဦးပေါ်ဦး ၈/စလန(နိုင်)၀၄၂၆၃၇ ဖြစ်ပါကြောင်း။ **ဦးပေါ်ဦး**

---

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/9330 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ဦးဝင်းနိုင် ၁၂/သကတ(နိုင်)၁၈၀၁၇၁နှင့်
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် (၂၀၄) မြေညီထပ်ရှိ Silver Lotus Co.,Ltd ၏ အထွေထွေမန်နေဂျာ ဒေါ်ဝင်းအိဖြူ ၁၂/မရက (နိုင်)၁၀၉၄၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်။

Silver Lotus Co.,Ltd၏ အရောင်းကြီးကြပ်ရေးမှူးဖြစ်သူ ဦးဝင်းနိုင်သည် ကုမ္ပဏီ၏ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းများရယူလုပ်ကိုင်ခြင်း၊ လုပ်ငန်းသုံးပစ္စည်းများကို ထုတ်ယူသုံးစွဲခြင်း၊ ကုမ္ပဏီသို့ပြန်လည်ပေးသွင်းရမည့်ငွေများကို အလွဲသုံးစား ပြုလုပ်ခြင်း၊ ငွေလက်ခံစာအုပ်တွင် လက်မှတ်ရေးထိုး၍ ငွေများရယူထားခြင်း၊ ကုမ္ပဏီ၏ Letter Head ကို အတုပြုလုပ်ခြင်းတို့ကိုပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကုမ္ပဏီ၏ အစည်းအဝေးမှတ်တမ်းဖြင့် ဦးဝင်းနိုင် ၁၂/သကတ(နိုင်)၁၈၀၁၇၁ကို Silver Lotus Co.,Ltd အရောင်းကြီးကြပ်ရေးမှူးတာဝန်မှ ထုတ်ပယ် ရပ်ဆိုင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ပါ၍ ဦးဝင်းနိုင်အား Silver Lotus Co.,Ltd မှ ဥပဒေအရ အရေးယူဆောင်ရွက်မှု ပြုလုပ်နေကြောင်းလွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြအောင်(အောင်ကြီး) တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၁၃)**
**အမှတ် ၁၆၃၊လေးလွှာ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၁၂၄၆**

---

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ အစီအစဉ် ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

| စဉ် | သင်တန်းအမျိုးအစား | သင်တန်းကာလ |
|---|---|---|
| (က) | Certificate in Business Studies(CBS) | (၃လသင်တန်း) |
| (ခ) | Certificate in Advanced Business Studies(CABS) | (၃လသင်တန်း) |
| (ဂ) | Diploma in Secretarial Management (DSM) | (၆လသင်တန်း) |
| (ဃ) | Diploma in Business Studies (DBS) | (၉လသင်တန်း) |
| (င) | Diploma in Management Accounting (DMAc) | (၉လသင်တန်း) |
| (စ) | Diploma in Financial Accounting (DFAc) | (၉လသင်တန်း) |
| (ဆ) | Diploma in Development Studies (DipDS) | (၉လသင်တန်း) |

၂။(က) CBS,DSM သင်တန်းများအတွက် တက္ကသိုလ်ဝင်တန်း(၁၀တန်း) အောင်မြင်သူဖြစ်ရမည်။
(ခ) CABS သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုဘွဲ့ရသူ (သို့မဟုတ်) CBS သင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
(ဂ) Dip.DSသင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရသူဖြစ်ရမည်။
(ဃ) DBS,DMAc,DFAcသင်တန်းများအတွက် စီးပွားရေးပညာဘွဲ့/ဒီပလိုမာရရှိသူ (သို့မဟုတ်) CABS/CAA အောင်မြင်ပြီးသူ(သို့မဟုတ်)တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး ဘဏ္ဍာရေးနှင့်စာရင်းကိုင်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် တာဝန်ယူလုပ်ကိုင်နေသူဖြစ်ရမည်။

၃။ **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၁၅-၆-၂၀၁၈ရက်(သောကြာနေ့)
၄။ **လျှောက်လွှာပိတ်မည့်ရက်** - ၂-၇-၂၀၁၈ရက် (တနင်္လာနေ့)
၅။ သင်တန်းစတင်မည့်ရက်
**-CBS,CABS,DSM** - ၂-၇-၂၀၁၈ရက် (တနင်္လာနေ့)
**-DBS,DMAc,DFAc,DipDS** - ၉-၇-၂၀၁၈ရက် (တနင်္လာနေ့)
၆။ **သင်တန်းချိန်**
- CBS, CABS(နံနက် ၇း၃၀နာရီမှ ၉နာရီအထိ) (တနင်္လာနေ့မှသောကြာနေ့အထိ)
- DSM (နံနက် ၇း၃၀နာရီမှ ၉း၃၀နာရီအထိ) (တနင်္လာနေ့မှ သောကြာနေ့အထိ)
- DBS,DMAc,DFAc,DipDS (တနင်္လာနေ့မှ သောကြာနေ့အထိ ညနေ ၅း၃၀နာရီမှ ၇း၃၀ နာရီအထိ)

၇။ ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်(သို့) အောင်လက်မှတ်(မူရင်း/မိတ္တူ)၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မူရင်း/မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း/မိတ္တူ)၊ လုပ်ငန်းဆိုင်ရာထောက်ခံချက်(မူရင်း)တို့ကို ယူဆောင်လာရမည်။
၈။ ဆက်သွယ်ရန်လိပ်စာ - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)
၉။ အသေးစိတ်သိရှိလိုပါက - ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ) သင်တန်းရေးရာဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။
၁၀။ သင်တန်းသားဦးရေကန့်သတ်ထားသည်။

**အတွင်းရေးမှူး**
**သင်တန်းကြီးကြပ်ရေးကော်မတီ**

---

## မိခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း၊ ခရေအခန်းမှ မောင်ဘုန်းမင်းမြတ်၏ မိခင်အမည်မှန်မှာ ဒေါ်သိန်းသန်းဌွေး ၉/မခန(နိုင်)၀၃၁၉၂၆ ဖြစ်ပါကြောင်း။ **ဒေါ်သိန်းသန်းဌွေး**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပုဂံ(အထက)မှ မောင်မြင့်သူရိုင်(တက္ကသိုလ်ဝင်တန်း)နှင့် ပုဂံကိုးလုံး(မူလွန်ကျောင်း)မှ မောင်အာကာလင်း(ပဥ္စမတန်း)တို့၏ဖခင် ဦးဘချစ်(ခ) ဦးနိုင်လင်း ၉/ညဥန(နိုင်)၂၀၂၄၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဘချစ်(ခ)ဦးနိုင်လင်း**

---

## ရောင်းမည်

ဆေးရုံသုံးကုတင် များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်၊
၀၉-၄၅၂၁၀၂၂၂၅
၀၉-၅၀၇၁၇၇၉
Facebook:hospitalbed-ttazy

---

## ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ကော်တုံကျေးရွာ၊ အလကမှ မောင်နေဇော်ထူး(စတုတ္ထတန်း)၊ မသော်ဒီနွယ်(ပဥ္စမတန်း)နှင့် ကယားပြည်နယ်၊ ဘော်လခဲခရိုင်၊ မယ်စဲ့မြို့နယ်၊ ဟိုစဲ့ကျေးရွာ၊ အထကမှ မောင်ခန့်ဇော်ထူး (တက္ကသိုလ်ဝင်တန်း)တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်းဌွေး(ခ)ဦးတင်အောင် SPU-၀၈၄၂၇၄ ဖြစ်ပါကြောင်း။ **ဦးတင်အောင်**

---

## သင်းလုံးကျွတ်ညီလာခံ
## တက်ရောက်နိုင်ရန်ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အစာအိမ်အူလမ်းကြောင်းနှင့်အသည်းရောဂါ ပညာအဖွဲ့(Myanmar GI and Liver Society)၏ သင်းလုံးကျွတ်ညီလာခံကြီးကို အသင်းဝင်များ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ရက်စွဲ၊ အချိန်** - ၂၄-၆-၂၀၁၈ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ
**နေရာ** - Sule Shangri-la Hotel ကုန်းဘောင်ခန်းမ

---

## အမည်ပြောင်း

ဦးမောင်မောင်နိုင်၏သား စစ်တွေမြို့၊ အမက(၂၀)၊ စတုတ္ထတန်းမှ မောင်ခိုင်ဇော်လင်းအား မောင်ကောင်းစံဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **ကောင်းစံဟိန်း**

---

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(၇)၊ တက္ကသိုလ်ဝင်တန်း(A)မှ မခိုင်မီမီဇော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော် ၉/မလန(နိုင်)၀၉၈၃၉၉ ဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်နှင့်ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ရေလဲမှန်ပင်ကျေးရွာ၊ အလက၊ ကျောင်းဝင်အမှတ်(၃၁၉၆)၊ဆဋ္ဌမတန်းမှ မရွှေဘုံစံ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁-၂၀၀၇ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကျော်ညွှန့် ၅/မလန(နိုင်)၀၃၂၂၀၃ ဖြစ်ပါကြောင်း။

---

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စုရန်ပုံငွေ) ဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအတွက်(မြန်မာ) ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁။ | ချီဖွေမြို့နယ်၊ ပန်ဝါမြို့တွင် တိုက်ပွဲရှောင်အိမ်ထောင်စုများအတွက် တန်ဖိုးနည်းအိမ်ရာ (၅၀)လုံး ဆောက်လုပ်ခြင်း |

၂။ **တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၁-၆-၂၀၁၈ ရက်(ရုံးချိန်အတွင်း)
၃။ **တင်ဒါပိတ်မည့်ရက်** - ၉-၇-၂၀၁၈ရက် မွန်းတည့် ၁၂ နာရီအထိ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဘဏ္ဍာဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး
၅။ သတ်မှတ်ချက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၆။ အသေးစိတ်သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်းနံပါတ်-၀၇၄-၂၉၅၄၄၊ ၀၇၄-၂၅၂၄၂၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြစ်ကြီးနားမြို့**

---

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်နိုင် ၉/မမန(နိုင်)၀၁၀၂၃၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်နိုင်သည် ဒေါ်စုလှိုင်ဝင်း ၁၂/ဥကတ(နိုင်)၁၄၁၈၇၂ နှင့် ၁၅-၈-၂၀၁၇ ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။

ထိုသို့ ၁၅-၈-၂၀၁၇ ရက်မှစ၍ လင်မယားအဖြစ်ပေါင်းသင်းနေရာမှ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်ကြသောကြောင့် ၁-၆-၂၀၁၈ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ဦးစီးအရာရှိ ရှေ့မှောက်၌ မှတ်ပုံတင်အမှတ်-၁၃၇/၂၀၁၈ဖြင့် တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းစိုးထွန်း (LL.B, D.B.L, WIPO, DLP)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၇၀)**
**အမှတ် ၆၂၊ ပထမထပ်၊ အခန်း ၁၇၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၇၃၉၆၈၊ ၀၉-၃၀၂၃၃၃၂**

---

ရွှေမျက်ဝန်း Hair Beauty Nail Art & Spa မှ
အမျိုးသမီး ကျွမ်းကျင်ဝန်ထမ်းများစွာ အလိုရှိသည်။
၁။ ဆံပင်ညှပ်/ကောက်/ဖြောင့်
၂။ ခေါင်းလျှော်/မျက်နှာသေး
၃။ လက်သည်း/ခြေသည်း ဘာသာစုံ
၄။ Spa
- ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်ရမည်။
- အလုပ်ကြိုးစားလိုစိတ် ရှိရမည်။ နေရေး/စားရေး တာဝန်ယူသည်။
➤ အမျိုးသားသီးသန့်ဆိုင်အတွက် အမျိုးသားကျွမ်းကျင်ဝန်ထမ်းများစွာအလိုရှိသည်။
➤ လျှောက်ထားလိုသူများသည် အသက်(၃၀)နှစ်အောက် ဖြစ်ရမည်။
အမှတ်(၃၇)၊ မြေညီထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ Ph : 09 5146 754

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့်မွေးနေ့ နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၃)နှစ်ပြည့် မွေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လွှတ်တော်ဝင်း အတွင်းရှိ I-12 အဆောင်၌ ကျင်းပသည်။

**တက်ရောက်**

မွေးနေ့ပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး၊ နိုင်ငံတော် သမ္မတဟောင်း ဦးထင်ကျော်နှင့်ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့်ဇနီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မွေးနေ့ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား အခမ်းအနားသို့ တက်ရောက်လာကြသူများက မွေးနေ့သီချင်း သီဆိုဆုတောင်းပေးခဲ့ကြပြီး

*စာမျက်နှာ ၅ ကော်လံ ၁* ✻



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၃)နှစ်ပြည့် မွေးနေ့အခမ်းအနားတွင် မွေးနေ့ကိတ်ကို လှီးဖြတ်ပေးစဉ်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဦးအောင်စိုးနှင့် ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် အကျိုးဆောင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးခင်ဇော်ဦးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးကို ဇူလိုင် ဒုတိယအပတ်တွင် ကျင်းပရန်လျာထားပါကြောင်း၊ ကဏ္ဍအသီးသီးတွင် ဒုတိယအကြိမ် အစည်းအဝေးတွင် စုစည်းထားသည့် လက်ကျန်စုစည်းချက်များ ကျန်နေပါကြောင်း၊ နိုင်ငံရေးလုပ်ငန်းကော်မတီတွင် ဆွေးနွေးချက် ၁၉ ချက် ကျန်နေပါကြောင်း၊ စီးပွားရေး၊ လူမှုရေးနှင့် မြေယာကဏ္ဍတို့မှ အချက်များများ ရရှိပါကြောင်း။

လုပ်ငန်းကော်မတီအသီးသီးတွင် ဆွေးနွေးရန် လက်ကျန်များရှိပါကြောင်း၊ မွန်ပြည်သစ်ပါတီ၏ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ နှင့် CSO ဖိုရမ် တင်ပြချက်များ အသစ်တိုးလာနိုင်ဖွယ်ရှိပါကြောင်း၊ လက်ကျန်ဆွေးနွေးချက်များနှင့်

*စာမျက်နှာ ၁၀ ကော်လံ ၁* ■

MINGALAR CINEMAS
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | | |
| --- | --- | --- | --- | --- | --- | --- |
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၉ ၄၅၇၈၄၂၈၈၂ ၀၉ ၄၅၇၈၄၂၈၈၃ | ရွှေဆောင် ၀၉၄၅၇၈၄၂၈၈၀ ၀၉၄၅၇၈၄၂၈၈၁ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ပေါ်ဟာ-ပါရမီ) ၀၉၄၂၀၁၈၂၉၁ ၀၉၄၂၀၁၈၂၉၂ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၃၉၀၁၁၅၅ ၀၉၂၆၁၃၉၀၁၁၆၆ | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ မန္တလေး ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၁ ၀၉၄၀၂၇၆၅၆၄၂ | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၀၉၁၁၂၁၁ ၀၉၉၆၀၉၁၁၃၁၁ |
| မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂ | မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၇၉၉၁-၂ | မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၀၅၂၅၇၄၀ ၀၉ ၇၆၈၀၅၂၅၇၄၂ ၀၉ ၇၆၈၀၅၂၅၇၄၃ | မင်္ဂလာ ရွှေဟင်္သာ (ပဲခူး) ၀၉၄၂၈၈၃၆၆၉၄ ၀၉၄၂၈၈၃၆၆၉၅-၆ | မင်္ဂလာ ဘုရင့် (မော်လမြိုင်) ၀၉၄၄၁၁၂၂၈၈၀ ၀၉၄၄၁၁၂၂၈၈၂-၃ | မင်္ဂလာ မြစန္ဒာ(မုံရွာ) ၀၉၇၆၆၆၆၂၅၈၀၂၃ မင်္ဂလာ Ocean ၀၉၇၆၆၆၆၂၅၈၅ ၀၉၇၆၆၆၆၂၅၈၆-၇ |

စိန်ယောက်မ
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာစံပြ၊ Top Roy၊
မင်္ဂလာ(၂)ဒဂုံစင်တာ(၂)၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မင်္ဂလာဝဇီရာ
မန္တလေး - ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ တောင်ငူ - NEW 3D CINEMA
ပဲခူး - မင်္ဂလာ Icon၊ မင်္ဂလာ ရွှေဟင်္သာ
မော်လမြိုင် - မင်္ဂလာဘုရင့် မကွေး - မင်္ဂလာစံပြ
မုံရွာ - မင်္ဂလာမြစန္ဒာ၊ မင်္ဂလာ Ocean

ပင်လယ်ကြီးက ဘာပြောလဲ
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(၁)၊
မင်္ဂလာ(ဂမုန်းပွင့်) မကွေး - မင်္ဂလာစံပြ
မန္တလေး - မန်းနေပြည်တော်၊ မင်္ဂလာ ဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ Icon၊ မင်္ဂလာ ရွှေဟင်္သာ
တောင်ငူ - NEW 3D CINEMA မော်လမြိုင် - မင်္ဂလာဘုရင့်
မုံရွာ - မင်္ဂလာမြစန္ဒာ၊ မင်္ဂလာ Ocean

INCREDIBLES 2 (3D)
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ၊
၊မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း
မုံရွာ - မင်္ဂလာ Ocean

RACE 3
ရန်ကုန် - နေပြည်တော်

သားပိုက်ကောင်
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာ(ဂမုန်းပွင့်)

ငှါကိုနမ်းတဲ့ မုန်တိုင်း
ရန်ကုန် - ရွှေဆောင်

၂၂.၆.၂၀၁၈ နေ့မှ ပြမည့်ဇာတ်ကားသစ်များ




ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်
၂၀၁၈ ခုနှစ်၊ ဇွန် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့

# အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်မည့် ရန်ကုန်မြို့ရဲ့သက်တမ်းရင့် အိမ်ရာတွေ

..........
ဝေယံဦး
..........

**ရန်ကုန်**မြို့ပြရဲ့ ပုံရိပ်တွေကို မြှင့်တင်ဖို့ကြိုးစားနေတဲ့ အချိန်ဖြစ်တာမို့ ပါလီမန်ဒီမိုကရေစီခေတ်ကတည်ဆောက်ခဲ့တဲ့ ပြည်တော်သာစီမံကိန်းအိမ်ရာတွေကို ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်မယ်လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က UMFCCI မှာ ပြောကြားထားတာ ရှိပါတယ်။

တကယ်တော့ ပြည်တော်သာစီမံကိန်းအိမ်ရာတွေကို တည်ဆောက်ခဲ့တာဟာ နှစ်ပေါင်းကြာမြင့်ပြီဖြစ်တာမို့ ကြံ့ခိုင်မှု၊ ယနေ့ မြို့ပြအင်္ဂါရပ်နဲ့အညီ လိုက်လျောညီထွေမရှိတော့မှု၊ အရည်အသွေးစံချိန်စံညွှန်းတွေ လျော့ကျလာမှုတွေကြောင့် အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်ဖို့ လိုအပ်နေတာတော့ အမှန်ပါပဲ။ ရန်ကုန်မြို့ပြနဲ့ အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနကနေပြီး စီမံခန့်ခွဲနေတဲ့ အိမ်ရာစခန်းတွေမှာ အငှားအိမ်ရာပေါင်း ၁၆ ခုရှိနေတာမို့ အဲဒီအိမ်ရာတွေဟာ သက်တမ်းကြာမြင့်လာတာကြောင့် ၂၀၁၈ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်တွေမှာ ကြို့ကုန်းအိမ်ရာစခန်းနဲ့ ဝေဠုဝန်အိမ်ရာစခန်း၊ ပြည်တော်သစ်အိမ်ရာစခန်းတွေကို အဆင့်မြှင့်စီမံကိန်းတွေ ဆောင်ရွက်မယ်လို့

အချပ်ပို (ခ)သို့



ရန်ကုန်မြို့နှင့် ကားပါကင်



အချပ်ပို (ခ)

မျှော်လင့်ခြင်းရောင်ခြည် အစပျိုးနေသော ရန်ကုန်ပတ်ဝန်းကျင်က စက်မှုဇုန်များ



အချပ်ပို (ဂ)

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ရန်ကုန်မြို့နှင့် ကားပါကင်



ရပ်နားထားသည့် ကားများအကြားမှ နေရာလွတ်တစ်ခုကို ဖွေရှာနေသော သတင်းထောက် ဦးအောင်သန်း တစ်ယောက် ကံကောင်းထောက်မစွာ တွေ့လိုက်ရသော လမ်း ၄၀ နှင့် ဗိုလ်အောင်ကျော် လမ်းအကြားရှိ အနော်ရထာလမ်းမဘေးမှ ကားတစ်နေရာစာ အလွတ်တွင် မိမိကားလေးကို ရပ်ခဲ့ပြီး မြန်မာ့အလင်း သတင်းထောက်အိုကြီးများ စုစည်းရာ ၃၃ လမ်းသို့ လမ်းလျှောက်လာခဲ့သည်။

၃၃ လမ်းသို့သာ ရောက်ရှိလာခဲ့သည်။ လမ်းဘေးတွင် နောက်ထပ်ကားတစ်နေရာ ရပ်စရာ လုံးဝမတွေ့ခဲ့ရပေ။ စိတ်ထဲက တရားသဘောဖြင့် ဆင်ခြင်မိလိုက်သည်။ "ဩော် မရှိ ဒုက္ခ- ရှိ ဒုက္ခပါလား" ဟု---။

ယနေ့ ရန်ကုန်မြို့လမ်းများပေါ်တွင် မြို့နှင့်မဆံ့အောင် ကားများက ပေါများလွန်းလှသည်။ YBS ယာဉ်ကြီးများ၊ ကိုယ်ပိုင်ယာဉ်ကြီး ယာဉ်ငယ်များ၊ အငှားကားများက မီးပွိုင့်တစ်ကြိမ်မိလိုက်သည်နှင့် မျက်စိတစ်ဆုံးမက ရှည်လျားစွာ တွေ့မြင်ရသည်ဖြစ်သည်။ ယနေ့ ရန်ကုန်မြို့တွင် ယာဉ်အစီးရေ ငါးသိန်းကျော်ရှိသည်ဟု သိရသည်။ ထိုအထဲတွင် အငှားယာဉ်များက ခုနစ်သောင်း ကျော်ရှိသည်ဟု ဆိုသည်။ ထိုအငှားယာဉ်အရေအတွက်တွင် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်အက္ခရာများ မပါသေးပေ။

ရန်ကုန်မြို့၏ ငါးသိန်းကျော်သော ကားအရေအတွက်မှာ ငါးထောင်ဝန်းကျင်ရှိသော YBS ယာဉ်များကို ဖယ်ထား၍ ကျန်သောကားအစီးအရေအတွက် ခေတ္တရပ်နားရန်နေရာသည် များစွာခက်ခဲလှပေသည်။

ထို့အပြင် အချို့အချို့သော လမ်းမကြီးများတွင် လိုအပ်ချက်အရ "ယာဉ်လုံးဝမရပ်ရလမ်း"ဟု သတ်မှတ်ထားသော လမ်းများစွာကလည်း ရှိနေသည်။ သက်ဆိုင်ရာက လမ်းဘေးဝဲယာများကို ချဲ့၍ ဆောင်ရွက်ခဲ့သည်။ အချို့သောနေရာများတွင် စျေးသည်များက "မောင်ပိုင်စီး"ထားသည်ကို တွေ့ရသည်။

ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမရှိ ပန်းတဉ်းတန်း အရုဏ်တော်ဝတ်အသင်း ဓမ္မာရုံရှေ့တွင်လည်း ယာဉ်အချို့က လမ်းမပေါ်တွင် ရပ်တန့်၍ ခရီးသည်ကို မျှော်ကြည့်သည်ထက် ယာဉ်ထိန်းရဲကို ပို၍သတိထားနေရသော ဘဝများဖြစ်သည်။

စမ်းချောင်းမြို့နယ် ဗားကရာလမ်းကြီးပေါ်ရှိ စတိုးဆိုင်ကြီးတစ်ဆိုင်ရှေ့တွင်လည်း ကားခေတ္တရပ်၍ ပစ္စည်းဝယ်ပြီးပြန်အထွက်တွင် မိမိကားကိုမတွေ့ရ၍ ယာဉ်ထိန်းရဲအဖွဲ့ထံ လိုက်သွားရသည့် ယာဉ်ပိုင်ရှင်များကိုလည်း မကြာခဏ တွေ့မြင်နေရသည်။

မော်တော်ယာဉ်များ တင်သွင်းရာတွင် သတ်မှတ်စည်းမျဉ်းများ ရှိသည်။ အဓိက မိမိကားကို သိမ်းဆည်းနိုင်မည့်ဂိုဒေါင်ရှိရမည်ဖြစ်သည်။ ယင်းကဲ့သို့ ဂိုဒေါင်ရှိကြောင်းကိုလည်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာန၏ ထောက်ခံချက်တို့ ပါရှိရမည်ဖြစ်သည်။ တကယ်ရှိ မရှိကိုလည်း ကွင်းဆင်းစစ်ဆေးပြီးမှသာ ထောက်ခံချက်ပေးရမည်ဖြစ်သည်။

ထိုစည်းကမ်းသတ်မှတ်ချက်သည် မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်နိုင်ခဲ့သည်ကိုတော့ မသိရပေ။ ရန်ကုန်မြို့၏ လမ်းများပေါ်တွင် ညအိပ်ရပ်နားထားသည့် ကားများက မြို့နယ်တိုင်းတွင် အပြည့်မြင်တွေ့နေရသည်။

ရပ်ထားကြသည်ကလည်း လမ်း၏ ဘေးဘယ်ညာဖြစ်သည်။ ကျဉ်းမြောင်းသော လမ်းသွယ်ဖြစ်ပါက ရှေ့နောက် ခါးလွတ်ခုတ်ရပ်ထားသဖြင့် နောက်ထပ်ကားလေးတစ်စီး လမ်းအတွင်းဝင်လာပါက လွတ်ရုံမျှသာဖြစ်သည်။ အရေးပေါ် မီးရေးကြုံလာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ကြမည်တော့ မဟုတ်ပေ။

စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များဆိုပါက ကြည့်မြင်တိုင်မြို့နယ် တော်ဝင်လမ်းအတွင်း၌ ပေ ၅၀ မျှ ကျယ်ဝန်းသော လမ်းအတွင်း၌ ညအိပ်ရပ်နားထားသော ကားများက ဘေးတိုက်တစ်ဖုံ၊ ကန့်လန့်တစ်သွယ်ဖြင့် ပြည့်နေပြီး နောက်ထပ်ကားတစ်စီး ဝင်လာပါက နံနက်ခင်းစျေးသွား စျေးလာများအတွက် အန္တရာယ်က နီးကပ်လွန်းသည်ကို တွေ့မြင်နေရသည်။

မြို့တွင်းတွင်သာမက မြို့ပြင်ရပ်ကွက်များပါ မိမိကားရပ်နားနိုင်ရန်အတွက် ခုံများချ၍သော်လည်းကောင်း ဝါးလုံးတန်းချ၍သော်လည်းကောင်း၊ တာယာကွင်းများ၊ တုတ်တိုင်များ၊ ပန်းအိုးများ ချထား၍သော်လည်းကောင်း နေရာယူထားမှုများရှိခဲ့ကြသည်။

အချို့သော မြို့နယ်များတွင် ယင်းကိစ္စနှင့်ပတ်သက်၍ တုတ်တစ်ပြက် ဓားတစ်ပြက်အထိ ဖြစ်ခဲ့ကြသည်ကိုလည်း ယမန်နှစ်ပိုင်းများက အတော်များများ ကြားခဲ့ရသည်။ နောက်ပိုင်း မြို့နယ်အလိုက် စည်ပင်သာယာရေးအဖွဲ့များက လမ်းများပေါ်တွင် ကားနေရာအတွက် ချထားသောပစ္စည်းများကို မကြာခဏ လိုက်လံသိမ်းဆည်းခဲ့ကြသည်။ ရှေ့ကသိမ်း နောက်ကချတုန်းတော့ ရှိသေးသည်။ အချို့လည်း မိမိအိမ်ရှေ့တွင် ပစ္စည်းများချထားခြင်း မပြုတော့ဘဲ မိမိ၏အိမ်ရှေ့ မြင်သာသောနေရာတွင် "မိတ်ဆွေ လူမရှိဘဲ ကားရပ်လျှင် ဖုန်းနံပါတ်ထားခဲ့ပါ" "ယာဉ်ခေတ္တရပ်နားနိုင်ပါသည် ဖုန်းနံပါတ်လေးတော့ ထားပေးပါ" ဟူသော ယဉ်ကျေးမှုတစ်ရပ်ကို မြင်တွေ့လာရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မြို့တော်စည်ပင်လမ်းတံတားဌာနမှ အငြိမ်းစားအရာရှိကြီးတစ်ဦးက "မိမိအိမ်ရှေ့မှာ ကိုယ့်ကားရပ်ဖို့အတွက် ခုံတွေချထားတာ၊ အခြားပစ္စည်းတွေချထားတာဟာ အများပြည်သူပိုင်တဲ့ လမ်းဖြစ်တဲ့အတွက် တရားမဝင်ဘူး၊ ဒီလိုချထားမှုတွေကြောင့် တိုင်တန်းမှုတွေရှိပါတယ်၊ နောက် အချို့ကလည်း အဲဒီချထားတဲ့နေရာမှကို ကပ်ပြီးရပ်သွားတဲ့အတွက် တစ်ဦးနဲ့တစ်ဦး ပြဿနာတွေဖြစ်ကြပါတယ်၊ အဲဒီလို ချထားတာတွေကိုလည်း မြို့နယ်စည်ပင်အဖွဲ့က လိုက်လံသိမ်းဆည်းခြင်းတော့ ရှိပါတယ်" ဟု ရှင်းပြခဲ့ဖူးသည်။

သို့သော် အတ္တကြီးမားသူ၊ စည်းကမ်းလိုက်နာမှုအားနည်းသူများက ပစ္စည်းများချထားဆဲဖြစ်သကဲ့သို့ မိမိအိမ်တွင် ကားမရှိသော်လည်း အခြားကားများရပ်သည်ကို လုံးဝလက်မခံ၊ ထွက်ပြောသူများ ရှိသည်။

ထိုဖြစ်ရပ်များနှင့်ပတ်သက်၍ မြို့ပြစီမံကိန်းပညာရှင်တစ်ဦးဖြစ်သည့် ဦးဇော်နိုင်လတ်က "အချို့နေရာတွေမှာ ကားပါကင်ထိုးဖို့ရှိတယ်၊ ဒါပေမယ့် အိမ်ရှင်တွေက စျေးဆိုင်အပြည့်ဖွင့်ထားကြတယ်၊ ဒါမှမဟုတ် မိမိကားအဝင်အထွက်ရှိတယ်ဆိုပြီး ဆိုင်းဘုတ်ထောင်ထားကြတယ်၊ တစ်ခုခုချထားကြတယ်၊ ဒါကြောင့် ကားပါကင် ရှားပါးတာလည်း ပါပါတယ်"ဟု သူ့အမြင်ကို ပြောသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ဆိုထားသည်။ တိုင်းဒေသကြီးအတွင်း ယာဉ်ရပ်နားရန်နေရာများ ပြန်လည်သတ်မှတ်ပေးမည်ဟု သိရသည်။ သို့သော် ယနေ့အထိ အကောင်အထည်မဖော်နိုင်သေးသည်ကို တွေ့နေရဆဲဖြစ်သည်။ ယင်းအစီအစဉ်သာ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ပါက ယနေ့ မြို့ပြရန်ကုန်တွင် အခက်အခဲတစ်ခုအဖြစ် နေ့စဉ်ကြုံတွေ့နေရသော ကားခေတ္တရပ်နားရန်နေရာ သို့မဟုတ် ကားပါကင်ပြဿနာမှာ အနည်းနှင့်အများဆိုသကဲ့သို့ ဖြေလျော့သွားနိုင်မည်ဟု မျှော်မှန်းမိပါသည်။ ။





မိမိအိမ်ရှေ့ကားရပ်နားမှုမရှိစေရန် အတားအဆီးများချ နေရာယူထားသည်ကိုတွေ့ရစဉ်။ ဓာတ်ပုံ-ဘော်ဂါသွေး

### အဆင့်မြှင့်တင်ပြန်လည်တည်ဆောက်မည့် ရန်ကုန်မြို့ရဲ့ အိမ်ရာတွေ ... မှ

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်ကလည်း မကြာမီက ကျင်းပပြီးစီးခဲ့တဲ့ Master Plan 2040 မှာ အဆိုပြုတင်ပြထားတာရှိပါတယ်။အဲဒီအိမ်ရာတွေဟာ လက်ရှိ လူမှုစီးပွားရေးပုံစံမကျတော့တာနဲ့ မြို့မြေအသုံးပြုမှုပြောင်းလဲရန် လိုအပ်လာတာတွေကြောင့် ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်အစီအစဉ်မှာ အကောင်အထည်ဖော်ဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်၊ ဒီနေ့အချိန်ကာလမှာ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေနဲ့အတူ ရန်ကုန်မြို့မှာ အဆင့်မြင့်အိမ်ရာတွေ၊ တန်ဖိုးမျှတအိမ်ရာတွေနဲ့ တန်ဖိုးနည်းအိမ်ရာတွေအပြင် အထပ်မြင့် မိုးပျံအဆောက်အအုံတွေ ထွက်ပေါ်နေတာကြောင့် သက်တမ်းရင့်နေပြီဖြစ်တဲ့ ပြည်တော်သာအိမ်ရာတွေဟာ မဖြစ်မနေ ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်ရတော့မှာ ဖြစ်ပါတယ်။

ဒီလိုအိမ်ရာတွေကို ပြန်လည်အဆင့်မြှင့်တင် တည်ဆောက်တဲ့ နေရာမှာ ပြီးခဲ့တဲ့ အစိုးရလက်ထက်က ရန်ကုန်မြို့၅၁ လမ်းနဲ့ ရွှေဂုံအိမ်ရာတွေကို ပြန်လည်တည်ဆောက်ခဲ့သလို အခုအစိုးရလက်ထက်မှာလည်း လမ်းသစ်အိမ်ရာကို ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အစိုးရသက်တမ်းရင့် အိမ်ရာတွေကို အဆင့်မြှင့်တင်တဲ့အခါ ငွေကြေးရင်းနှီးမြှုပ်နှံမှုလည်း လိုအပ်တာမို့ ဒါတွေကို ချိန်ဆတဲ့နေရာမှာ နိုင်ငံတော်ဘဏ္ဍာငွေကို သုံးစွဲရမှုနဲ့ အကျိုးကျေးဇူးခံစားရမယ့် ပြည်သူတွေ၊ မိသားစုတွေရဲ့အရေအတွက်ကို ကြည့်တဲ့အခါ ကုန်ကျမှုနဲ့ အကျိုးရလဒ် မကိုက်ညီတာမို့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ်နဲ့ ဖော်ဆောင်ဖို့ မူဝါဒချထားကြောင်း သိရပါတယ်။

ဒါကြောင့်မို့ အခု ၂၀၁၈ နှစ်ကုန်ပိုင်းမှာ ကြို့ကုန်းအိမ်ရာနဲ့ ၂၀၁၉ ခုနှစ်မှာ ဝေဠုဝန်အိမ်ရာတွေကို ပြည်တွင်းရင်းနှီး မြှုပ်နှံမှုနဲ့ ဆောင်ရွက်ဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်၊ ဒါမှလည်း ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေ လုပ်ငန်းလုပ်ကိုင်ခွင့်ရမှာဖြစ်သလို ဆောက်လုပ်ရေးလုပ်ငန်းမှာ ပါဝင်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေမှာ ဖြစ်ပါတယ်။

ပြည်သူ့အိမ်ရာတွေကို အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်တဲ့အခါ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက်မှာ ရှိတဲ့ ကြို့ကုန်းအိမ်ရာကို အဆင့်မြှင့်တင်တဲ့အခါ ကုန်ကျငွေကျပ် ၁၇၈ ဘီလီယံကျော်မယ်လို့ ခန့်မှန်းထားပါတယ်၊ ဒါ့အပြင် ပုဇွန်တောင်မြို့နယ် အမှတ်(၃) ရပ်ကွက် အောက်ပုဇွန်တောင် လမ်းမကြီးဘေးမှာရှိတဲ့ ပြည်တော်သစ်အိမ်ရာ အဆင့်မြှင့်တင်မှုဟာ ကုန်ကျငွေ ကျပ် ၅၁ ဘီလီယံကျော် လိမ့်မယ်လို့လည်း ခန့်မှန်းထားပါတယ်။

နောက်ပြီး စမ်းချောင်းမြို့နယ် ဝေဠုဝန်ရပ်ကွက် ဝေဠုဝန်အိမ်ရာအဆင့်မြှင့်တင်မှုမှာလည်း ကုန်ကျငွေကျပ် ၆၁ ဘီလီယံခန့် ကုန်ကျမယ်လို့ မျှော်မှန်းထားတာမို့ အဲဒီ ကုန်ကျငွေတွေကို ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေနဲ့ပဲ အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ စီစဉ်နေတာဖြစ်ပါတယ်၊ ဒါကြောင့် အဲဒီသက်တမ်းရင့်အိမ်ရာတွေကို နှစ်အလိုက် ပြန်လည်အဆင့်မြှင့်တင်သွားမှာဖြစ်တာကြောင့် မကြာခင်နှစ်တွေမှာ အသွင်အသစ်၊ ဒီဇိုင်းသစ်တွေနဲ့အတူ အဆင့်မြှင့်အိမ်ရာတွေအဖြစ် ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အလှပုံရိပ်ကို ပိုမိုပေါ်လွင်စေမှာ ဖြစ်ပါတယ်။

အဲဒီလို ရန်ကုန်မြို့ရဲ့သက်တမ်းရင့်အိမ်ရာတွေကို ပြန်လည်အဆင့်မြှင့်တင် အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေသလို ရန်ကုန်မြို့ဒဂုံဆိပ်ကမ်းမြို့နယ်မှာ ရောဝဏ်နဲ့ ရတနာတန်ဖိုးမျှတအိမ်ရာစီမံကိန်း၊ လှိုင်သာယာ ရွှေလင်ဗန်းစက်မှုဇုန်မှာ စက်မှုဇုန်လုပ်သားတွေ နေထိုင်နိုင်တဲ့ စက်မှုလုပ်သားအိမ်ရာ၊ ဒဂုံမြို့သစ်မြောက်ပိုင်း ရွှေပြည်သာမြို့နယ်နဲ့ တွံတေးမြို့နယ်တွေမှာလည်း အိမ်ရာစီမံကိန်းတွေ ဖော်ထုတ်ပြီး ဖော်ထုတ်ဆဲ ဖော်ထုတ်ဖို့ စီစဉ်ဆောင်ရွက်နေတာမို့ ရန်ကုန်မြို့မှာ အိမ်ရာစီမံကိန်းတွေကတော့ စည်ဝေနေတာတော့ အမှန်ပါပဲ။

မြန်မာနိုင်ငံတစ်ဝန်းမှာ ၂၀၃၀ ဖွံ့ဖြိုးရေး စီမံကိန်းအရ နိုင်ငံတစ်ဝန်း အိမ်ခန်းပေါင်းတစ်သန်းအထိ တည်ဆောက်သွားမယ်လို့ ပြည်ထောင်စုအစိုးရက စီမံကိန်းထားရှိထားပါတယ်၊ ဒါကြောင့် နိုင်ငံတစ်ဝန်း နေရာအနှံ့မှာ အိမ်ရာစီမံကိန်းတွေ အများအပြား ပေါ်ထွက်လာဖို့ ရှိနေပါတယ်၊ အဓိက အိမ်ရာလိုအပ်မှုပြဿနာရဲ့ အခြေခံအချက်ကတော့ ကျောင်း၊ စျေး၊ စီးပွားရေး၊ အလုပ်အကိုင်နေရာ၊ ဆွေမျိုးသားချင်းများနဲ့ နီးစပ်မှုစတဲ့အချက်တွေပေါ်မှာလည်း ထည့်သွင်းတွက်ချက်ပြီး တည်ဆောက်ရတာ ဖြစ်ပါတယ်။

အခုဆိုရင် ရန်ကုန်မြို့ရဲ့သက်တမ်းရင့်ပြည်သူ့အိမ်ရာတွေက အဲဒီအချက်တွေနဲ့ ကိုက်ညီတာမို့ ခေတ်မီပြီး အဆင့်မြင့်တဲ့ အိမ်ရာတွေပေါ်ထွက်လာတော့မှာမို့ အသွင်သစ်နဲ့ ထွက်ပေါ်လာမယ့်အိမ်ရာတွေကို စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။

# မျှော်လင့်ခြင်းရောင်ခြည် အစပျိုးနေသော ရန်ကုန်ပတ်ဝန်းကျင်က စက်မှုဇုန်များ

**ထင်ပေါ်ဝင်း**

**လူဦးရေ ဝင်ရောက်အခြေချနေထိုင်မှုများ များပြားလာတဲ့ ရန်ကုန်မြို့ကြီးအတွက် အလုပ်အကိုင်အခွင့်အလမ်း လိုအပ်ချက်ကလည်း တစ်နေ့ထက်တစ်နေ့ တိုးပွားလာလျက်ရှိပါနေတယ်။ အလုပ်အကိုင်အခွင့်အလမ်းသစ်ရှာဖွေမှုနဲ့အတူ စီးဝင်လာတဲ့ လူဦးရေဟာ မြို့တော်ရန်ကုန်ရဲ့လက်ခံနိုင်မှုအနေအထားထက် ပိုမိုနေတာကို လူတိုင်းတွေ့မြင်နေရပါတယ်။**

ဒီလိုကြုံတွေ့နေရတဲ့ အခက်အခဲ အကျပ်အတည်းကို ဖြေလျှော့ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တစ်ဖက်တစ်လမ်းမှ ထွက်ပေါက်ရှာတဲ့အဖြေတစ်ခုကို ရှာဖွေခဲ့ပါတယ်၊ အဲဒါကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက ဖွံ့ဖြိုးမှုနည်းနေတဲ့ မြို့နယ်တွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်တဲ့ စက်မှုဇုန်များ ဖော်ထုတ်ဖို့ပဲ ဖြစ်ပါတယ်။

နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တွေ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရဲ့အဓိကရည်ရွယ်ချက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ကွပ်ကဲမှုအောက်မှာရှိတဲ့ မြို့နယ် ၁၁ မြို့နယ်မှာ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များ ထူထောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများအလုပ်အကိုင်ရရှိရေးကို ဖော်ဆောင်ပေးနိုင်မှာဖြစ်ပြီး ရန်ကုန်မြို့ရဲ့ လူဦးရေသိပ်သည်းကျပ်တည်းမှု၊ ယာဉ်ကြောပိတ်ဆို့မှုများလည်း အထိုက်အလျောက် လျော့နည်းသွားစေမှာ ဖြစ်တဲ့အပြင် မြို့နယ်တစ်ခုချင်းစီမှာ စက်မှုဇုန်များတည်ထောင်ခြင်းဖြင့် ရရှိလာမယ့်ဝင်ငွေကို အဲဒီ မြို့နယ်ရဲ့ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်သုံးစွဲဖို့အတွက်ဖြစ်ပါတယ်လို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောပါတယ်။



လက်ခုပ်ကုန်းကျေးရွာကို တွေ့ရစဉ်။




ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာအဝင်လမ်းကို တွေ့ရစဉ်။ ဓာတ်ပုံ - ထိန်လင်း

စက်မှုဇုန်အကောင်အထည်ဖော်မယ့် နည်းလမ်းအနေနဲ့က ရွေးချယ်ထားတဲ့ စက်မှုဇုန်မြေနေရာတွေကို ပထမအဆင့် မြို့ပြစီမံကိန်းအဖြစ် သတ်မှတ်ပြီး မြေပိုင်ရှင်တောင်သူများက ၂၀ ရာခိုင်နှုန်း၊ နိုင်ငံတော်မှ ၈၀ ရာခိုင်နှုန်း အချိုးဖြင့်ခွဲဝေပြီး နိုင်ငံတကာအဆင့်မီ စက်မှုဇုန်ထူထောင်မယ်လို့ သိရပါတယ်။ စီမံကိန်းလျာထားဧရိယာများကိုလည်း လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ ရနိုင်ဖွယ်ရှိ၊ မရှိကို စစ်ဆေးပြီး တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူဆောင်ရွက်မှာဖြစ်ပြီး လွှတ်တော်က အတည်ပြုပြီးရင် ပြည်ထောင်စုအစိုးရအဖွဲ့ထံ ဆက်လက်တင်ပြပြီး အတည်ပြုချက်ရယူမည်ဖြစ်တယ်လို့ သိရပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ရရှိပြီးတဲ့နောက်မှာ အိတ်ဖွင့်တင်ဒါများ ခေါ်ယူမှာဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က ဖွဲ့စည်းပေးတားတဲ့ တင်ဒါစိစစ်ရေးအဖွဲ့တွေက တင်ဒါကော်မတီများကို ရွေးချယ်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

တိုင်းဒေသကြီးအစိုးရက တင်သွင်းတဲ့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာအဖွဲ့ကွပ်ကဲမှုအောက်မှာရှိတဲ့ မြို့နယ် ၁၁ မြို့နယ်မှာ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်မယ့် အစီရင်ခံစာနဲ့ စပ်လျဉ်းပြီး လက်ရှိကျင်းပဆဲ တိုင်းဒေသကြီးလွှတ်တော်မှာ ကိုယ်စားလှယ်ဦးရေ အယောက် ၂၀ အထိ ဆွေးနွေးခဲ့ကြပါတယ်။

အဲဒီလိုဆွေးနွေးမှုတွေအနက်က လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးကျော်ကျော်ထွန်းက “ရှိပြီးသား စက်မှုဇုန် ၂၉ ဇုန်ရဲ့အခြေအနေတွေကို အပြန်ပြန်အလှန်လှန် သုံးသပ်ပြီးတော့ နောင်လုပ်မယ့် စက်မှု ဇုန် ၁၁ ခုကိုလည်း သေချာဆောင်ရွက်စေချင်ပါတယ်၊ နောက်ပြီး မြို့နယ် ၁၁ ခုစလုံးမှာ ဆောင်ရွက်တာထက်စာရင် နီးစပ်ရာမြို့နယ်တွေမှာ ဆောင်ရွက်တာသည် သဘာဝကျမယ်လို့ ထင်ပါတယ်၊ ဥပမာအားဖြင့် ခရမ်းသုံးခွလိုနေရာမျိုးမှာ တစ်ခု၊ သန်လျင်နဲ့ ကျောက်တန်းမှာဆိုရင် သီလဝါ စက်မှုဇုန်ကြီးရှိပြီးသားဖြစ်တဲ့အတွက် စက်မှုဇုန်တစ်ခု ထပ်မံလုပ်ဖို့ လိုအပ်ပါသလား စဉ်းစားစေချင်ပါတယ်၊ တိုက်ကြီး မှော်ဘီမှာ မြို့နယ်ချင်း နီးပါတယ်၊ ဒီမြို့နယ်နှစ်ခုမှာ ဒီလိုပဲ ဆောင်ရွက်စေချင်ပါတယ်၊ ဒါပေမယ့် အဲဒီမှာ မြောင်းတကာစက်မှုဇုန်ကြီး ရှိပြီး မြောင်းတကာစက်မှုဇုန်ကြီးကိုလည်း ဖွံ့ဖြိုးဖို့ ဆက်လက်လုပ်ဆောင်စေသင့်ပါတယ်၊ တောင်ဘက်မှာဆိုရင်လည်း တွံတေးနဲ့ ကော့မှူးမှာ တစ်ခုလောက်ပဲ လုပ်စေချင်ပါတယ်၊ လုပ်ငန်းတွေအောင်မြင်လာမှပဲ နောက်လုပ်ငန်းတွေကို ရေရှည်လုပ်ကိုင်လာနိုင်မှာပါ၊ နောက်တစ်ခုက မြေဧက ၁၂၀၀ ကျော် ဆုံးရှုံးမှာကိုလည်း ထည့်တွက်ရမှာပါ၊ ဒါဟာလည်း ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်နေတဲ့အတွက် ဒီလယ်ယာမြေတွေ ဆုံးရှုံးမှာကိုလည်း အလေးအနက် ထည့်သွင်းဆောင်ရွက်စေချင်ပါတယ်”လို့ ဆွေးနွေးခဲ့တာ တွေ့ရပါတယ်။

ထို့အတူ သာကေတမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်ထားနွယ်ဝင်းက လက်ရှိလစ်လပ်လျက်ရှိတဲ့ စက်မှုဇုန်မြေကွက်လပ်လွတ်များနဲ့ ပတ်သက်ပြီး “စက်မှုဇုန်များနဲ့ ပတ်သက်ပြီး ၁၉၉၀ နောက်ပိုင်းမှာ လှိုင်သာယာ၊ ထောက်ကြန့်၊ မြောက်ဥက္ကလာပနဲ့ ရွှေပေါက်ကံစတဲ့နေရာတွေမှာ ဖော်ထုတ်ပေးခဲ့ပါတယ်၊ ရန်ကုန်တိုင်းဒေသကြီးမှာ မြေဈေးမြင့်မားတယ်ဆိုပေမယ့် ရန်ကုန်မြို့တွင်းမှာ ၂၀၁၂ ခုနှစ်မှာ စက်မှုမြေကွက်ပေါင်း ၁၀၄၁၂ ကွက် ဖော်ထုတ်ခဲ့ပြီး အဲဒီကမှ မြေကွက်ပေါင်း ၄၀၄၇ ကွက်၊ ၄၀ ရာခိုင်နှုန်းဟာ သုံးစွဲခြင်းမရှိတဲ့ မြေကွက်တွေဖြစ်တာကို တွေ့ရပါတယ်၊ ရန်ကုန်မြို့ စက်မှုကဏ္ဍဖွံ့ဖြိုးမှုအတွက် အရင်ဆုံးလုပ်ဆောင်သင့်တာကတော့ အသုံးချမှုမရှိဘဲ လစ်လပ်လျက်ရှိတဲ့ မြေကွက်ပေါင်း ၄၀၀၀ ကျော်မှာ လိုအပ်လျက်ရှိတဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ရုံနဲ့ စက်မှုမြေကွက်တွေ ထိရောက်စွာအသုံးချနိုင်ရင် စက်မှုကဏ္ဍလုပ်သားအင်အား သိန်းနဲ့ချီပြီး အလုပ်အကိုင်တွေ တိုးမြှင့်ရရှိလာမှာ ဖြစ်တယ်လို့ မှတ်တမ်းတွေမှာ တွေ့ရှိရပါတယ်၊ ထိုလစ်လပ်လျက်ရှိတဲ့ စက်မှု ဇုန်မြေကွက် ၄၀၀၀ ဟာ ဘယ်လိုအသုံးချမှာလဲ၊ မြို့တိုးချဲ့ခြင်း စီမံကိန်းနဲ့ တွဲဖက်ဖို့ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တွေ တည်ဆောက်သွားမယ်ဆိုပေမယ့် ရေရှည်အတွက် မျှော်တွေးကာ ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်တဲ့စက်ရုံနဲ့ အကြီးစား

**အချပ်ပို (ဃ) သို့**

# ရန်ကုန်မြစ်ကြောင်းအတွင်း အခွန်ရှောင်သောသဲစုပ်စက်လှေများကို အရေးယူဆောင်ရွက်ရာတွင် . . .

**သော်တာနမ့်စန်**

**ရန်ကုန်မြို့**၏ အထင်ကရမြစ်တစ်စင်းဖြစ်သော လှိုင်မြစ် (သို့) ရန်ကုန်မြစ်သည် ပြည်ပမှ ဝင်ရောက်သော သင်္ဘောများ ကုန်သွယ်ရေကြောင်းသွားလာရေးအတွက် အရေးပါသော မြစ်တစ်စင်းဖြစ်သည့်အပြင် မြန်မာပြည်အထက်ပိုင်း ဧရာဝတီမြစ်အတိုင်း စုန်ဆင်းလာသော ပြည်တွင်းသင်္ဘောများအား ပြုသွားလာရာ မြစ်လည်းဖြစ်သည်။ ထိုမြစ်ကြီး သန့်ရှင်းသာယာလှပရန် အထူးလိုအပ်ပြီး သောင်ထွန်းခြင်း၊ ကမ်းပြိုကမ်းလျောခြင်းနှင့် မြစ်ကြောင်းပိတ်ဆို့ခြင်းမရှိစေရန် မြို့ပြအလှနှင့် လိုက်ဖက်ညီစွာ နှစ်ရှည်စီမံကိန်းများချမှတ် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေကို ဤမြစ်ကြီးပုံဖော်မှုမှ ရရှိစေမည်ဖြစ်သည်။ ထို့အပြင် မြစ်ကိုအမှီပြု၍ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြသည့် သဲစုပ်လှေများမှလည်း အခွန်ငွေများ နှစ်စဉ်ရရှိစေမည် ဖြစ်သည်။

ရန်ကုန်မြစ်အတွင်း သဲစုပ်သော စက်လှေပေါင်း သုံးရာခန့်ရှိသော်လည်း ပုဂ္ဂလိကမှ လိုင်စင်ဆောင်သော သဲစုပ်စက်လှေ ၆၀ ကျော်နှင့် သဲလှေလုပ်ငန်းရှင်များအသင်းမှ အခွန်ဆောင်သော စက်လှေ ၈၀ ကျော်သာ ရှိသောကြောင့် အခွန်ရှောင်သော စက်လှေက ရန်ကုန်မြစ်အတွင်း များနေဟန်ရှိသည်။

ယခုရက်ပိုင်းအတွင်း ရွှေလင်ဗန်းစက်မှုဇုန် ဉာဏ်ချောင်ဘုန်းကြီးကျောင်းအနီး လှိုင်မြစ်အတွင်းမှ သဲစုပ်စက်လှေ သုံးစင်းကို ဖမ်းဆီးခဲ့ပြီး စက်လှေလိုင်စင်ရှိသော်လည်း သဲစုပ်လိုင်စင် မပြုလုပ်ထားသောကြောင့် ဖမ်းဆီးခဲ့ခြင်းဖြစ်မည်။ ဝါးတစ်ရာသောင်တွင် သဲစုပ်သောစက်လှေ ၂၅ စင်းခန့်မှာ သဲစုပ်လိုင်စင်ရှိသူများဖြစ်ပြီး ရွာမသောင်တွင် သဲစုပ်သော စက်လှေများ၌ သဲစုပ်လိုင်စင်မရှိသော စက်လှေက အများစုဖြစ်သည်။ ကစင်ရွာတွင်လည်း သဲစုပ်စက်လှေများရှိသော်လည်း သဲစုပ်လိုင်စင်ရှိသော စက်လှေမှာ အနည်းငယ်သာရှိ၍ မိမိနိုင်ငံနှင့် တိုင်းဒေသကြီး ဖွံ့ဖြိုးရေးအတွက် စီးပွားရေးလုပ်ကိုင်နေကြသူများအနေဖြင့် အခွန်ထမ်းပြည်သူတစ်ယောက်ပီသရန် လိုအပ်နေဆဲဖြစ်သည်။

ရွာမသောင်တွင် ကမာရွတ်၊ ရွှေပြည်သာ၊ ကစင်ရွာတို့မှ အများဆုံး သဲစုပ်ယူလျက်ရှိပြီး သဲစုပ်လိုင်စင်ဖြင့် သဲစုပ်သော စက်လှေမှာ လေးစီးသာပါဝင်ကြောင်း၊ လှိုင်မြစ်တွင် ဝါးတစ်ရာသောင်သည် စက်လှေဒုတိယအများဆုံး သဲစုပ်သောနေရာဖြစ်၍ အများဆုံး သဲစုပ်သောနေရာမှာ ပုဇွန်တောင်သောင်ဖြစ်သည်။ ထိုသောင်တွင် သဲစုပ်စက်လှေ ၄၆ စင်းရှိ၍ သဲစုပ်လိုင်စင်ရှိသော စက်လှေများဖြစ်သည်။ အချို့သော သဲစုပ်လိုင်စင်မရှိသော စက်လှေပိုင်ရှင်များမှာ လိုင်စင်ပြုလုပ်ရမည်မှန်း သိသော်လည်း ယခင်ကကဲ့သို့ လိုင်စင်မဆောင်ဘဲ ကြုံရာသင့်ရာနည်းဖြင့် ဖြေရှင်းနေကြသည့်နည်းတူ မြစ်ကြောင်းအတွင်း ဖမ်းဆီးသူများ ရောက်ရှိလာပါက သဲစုပ်နေစဉ် ကျောက်ဆူးနုတ်၍ စက်မောင်းပြေးလေ့ရှိသည်။ အမှန်တကယ် သဲစုပ်လိုင်စင်လုပ်ဆောင်မည်ဆိုပါက သဲကွင်း၊ ကျောက်ကွင်းရှိသူများဖြစ်၍ စိတ်အေးချမ်းစွာဖြင့် မိမိလုပ်ငန်းကို တည်ငြိမ်စွာလုပ်ကိုင်နိုင်မည်ဖြစ်သည်။ သဲစုပ်လိုင်စင်ပြုလုပ်ရာတွင်လည်း မြန်ဆန်စွာရရှိရန် ဆောင်ရွက်ပေးခြင်းဖြင့် လိုင်စင်ပြုလုပ်လိုသူများကို ပို၍ ဆွဲဆောင်စေမည်ဖြစ်သည်။ မြစ်ကြောင်းမှ အခွန်ငွေရရှိစေသည့်အပြင် မြစ်ကြောင်းကောမှုမရှိစေရန် သောင်တူးစရာမလိုဘဲ လုပ်ငန်းတွင်ကျယ်စေမည်ဖြစ်သည်။ သို့ရာတွင် မြစ်ကြောင်းအတွင်း သွားလာသောရေယာဉ်များ ပိတ်ဆို့မှုမဖြစ်စေရန်၊ မြစ်ကူးတံတားများအနီးနှင့် မြစ်ဝ၊ ချောင်းဝတို့တွင် သဲစုပ်ခြင်းမပြုရန် အရေးကြီးသည်။ မြစ်ကမ်းပါးအနီးတွင်လည်း သဲစုပ်ပါက ကမ်းပြို၊ ကမ်းလျောခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ လက်ရှိ ရန်ကုန် မြစ်ကမ်းများရှိ သဲ၊ ကျောက်ကွင်းများနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြသော လုပ်ငန်းနေရာတို့တွင် မြစ်ကမ်းပါးအင်္ဂါနှင့်အညီ လုပ်ကိုင်မှုနည်းပါးသည်ကို ရန်ကုန်မြစ်နှင့် လှိုင်မြစ်ကမ်းတို့တွင် တွေ့မြင်ရမည်ဖြစ်သည်။

**အချပ်ပို (ဃ) သို့**

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

# မိုးနဲ့အတူ အေးနေတဲ့ ရန်ကုန်ကားဈေးကွက်

| မင်းသော် |

ဇွန်လတတိယပတ်အတွင်း ရန်ကုန်ကားဈေးကွက်မှာ အရောင်းအဝယ်မရှိသလောက် ပြန်လည်ငြိမ်သက်သွားခဲ့ကြောင်း ကားလောကမှသိရှိရသည်။ မော်တော်ကား အရောင်းအဝယ်ရာသီမှာ ပွင့်လင်းရာသီဖြစ်ပြီး ယခုကဲ့သို့ မိုးရာသီတွင် အရောင်းအဝယ် နှစ်တိုင်းနည်းပါးသွားတတ်သည်။ သို့သော် ယခုနှစ်တွင်မူ နှစ်စမှစတင်ကာ မော်တော်ကားအရောင်းအဝယ် ဈေးကွက်သည် ငြိမ်သက်နေခဲ့ပြီး သင်္ကြန်အပြီးကာလ နှစ်ပတ်ကျော်သာ အရောင်းအဝယ်အားကောင်းခဲ့ပြီး တစ်နှစ်တာ၏ ထက်ဝက်ကာလ ရောက်သည်အထိ အရောင်းအဝယ် ငြိမ်သက်နေခြင်းဖြစ်သည်။

"ဒီရက်ကတော့ မုန်တိုင်းမိုးရော၊ တစ်ပြည်လုံးမှာ ရေကြီးနေတာတွေရော၊ စက်သုံးဆီဈေးမြင့်တာတွေရောအားလုံးစုံနေတဲ့အတွက် အရောင်းအဝယ်က မရှိသလောက် နည်းတယ်၊ ကြိုက်ရောင်းကြိုက်ဝယ် အနည်းငယ်ပဲရှိတယ်၊ ဈေးကတော့ အမြင့်ဈေးပါပဲ၊ ဈေးကျတာလည်း မရှိသလို ဈေးမြင့်နေတဲ့ကားတွေလည်း ဒီအတိုင်းတန့်နေတယ်"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

မိုးရာသီတွင် အများစုမှာ အကြမ်းခံသည့် ဖိုးဝိုးကားများ အရောင်းသွက်လေ့ရှိသော်လည်း ယခုနှစ်တွင်တော့ လက်ရှိအချိန်အထိ သိသိသာသာ မေးမြန်းဝယ်ယူခြင်း မကြုံရသေးကြောင်း ကားပွဲစားတစ်ဦးက ပြောသည်။ "အများစုက ရန်ကုန်ဝယ်လက်တွေမဟုတ်ဘူး၊ နယ်ကများတယ်၊ ပဲခူးကဆင်းလာသလို၊ မန္တလေးနဲ့ စစ်ကိုင်း၊ မတ္တရာနဲ့ မေမြို့ဘက်နေ ဆင်းဝယ်တာမျိုးလည်း ရှိတယ်၊ အခုနောက်ပိုင်းမှာ လိုင်စင်မဲ့ကားတွေ ဖမ်းမယ်ဆီးမယ်ကြားတော့ နယ်သမားတွေက လိုင်စင်ကားတွေ ပြန်လာ ဝယ်တယ်လို့ ထင်တယ်၊ အများကြီးတော့ မရှိသေးပါဘူး၊ ဒါပေမယ့် နယ်ဝယ်လက်တွေ အကြမ်းခံကားတွေ ဝယ်ကြမယ်လို့တော့ ကျွန်တော်ထင်တယ်"ဟု ကားဝယ်ရောင်း ကိုသိန်းဇော်က ပြောသည်။

ယခုလအတွင်း ချထားပေးမည်ဟု အသံများထွက်ပေါ်ခဲ့သည့် ရန်ကုန်လိုင်စင် YVQC စနစ်ကားများ ချထားပေးရန်မှာလည်း အသံသာထွက်ပေါ်ခဲ့ပြီး ယခုအချိန်အထိ ထူးခြားမှုမရှိသေးသည်ကို မြင်တွေ့ရသည်။ "အများစုကတော့ စောင့်ကြည့်နေကြတယ်၊ ဒီလအတွင်း ထွက်မယ်ပြောပေမယ့် အခုထိတော့ ဘာသံမှ ထပ်မကြားရသေးဘူး၊ ဒါက ကားဈေးကွက်ကို တိုက်ရိုက်ကြီး ထိခိုက်တာမျိုးတော့ မရှိပါဘူး"ဟု ကိုသိန်းဇော်က ဆက်လက်ပြောသည်။

မိုးရာသီမို့ အကြမ်းခံသည့် မော်တော်ကားများအပြင် အင်ဂျင်ပါဝါနိမ့် ဆီစားသက်သာသည့် မော်တော်ကားများ၊ အဲကွန်း ကောင်းမွန်သည့်



မော်တော်ကားများ ဈေးကွက်တွင် အရောင်းအဝယ် ပိုမိုမျက်နှာပန်းလှနေကြောင်း သိရှိရသည်။ "အများစုကတော့ အဲကွန်းကောင်းလားဆိုတာမေးကြတယ်၊ မိုးရာသီမှာ အဲကွန်းကောင်းတာကလည်း တော်တော်လေးလိုအပ်တယ်၊ အထူးသဖြင့် နယ်ကားတွေမှာ ပိုပြီးမေးလာကြတယ်၊ ဒီနှစ်က မိုးများမယ့်နှစ်လို့ ခန့်မှန်းကြပြီး မိုးရွာရင် အဲကွန်းက မဖြစ်မနေသုံးလာကြတဲ့အတွက်ဖြစ်တယ်"ဟု ကိုသိန်းဇော်က ပြောသည်။

ယာဉ်အို ယာဉ်ဟောင်း လဲလှယ်သည့် သက်တမ်း အနှစ် ၂၀ အမည်ပေါက်စလစ်မှာလည်း ငွေကျပ် ၁၂၅ သိန်းဝန်းကျင်တွင် တန့်နေသည်မှာ လနှင့်ချီ၍ ကြာမြင့်လာခဲ့ပြီ ဖြစ်သည်။ သို့ရာတွင် အရောင်းအဝယ်ဖြစ်နေပြီး ပုံမှန်သာရှိနေကြောင်း သိရသည်။ ကားအရောင်းစင်တာများကိုလည်း အချို့မှာ သတ်မှတ်စည်းကမ်းချက်များနှင့် မကိုက်ညီဟု သိရှိရပြီး မကြာမီအရေးယူသွားရန် စီစဉ်နေကြောင်းလည်း ကားလောကအတွင်းမှ သိရှိရသည်။ လက်ရှိတွင် ကားအရောင်းစင်တာ ၂၀၀ နီးပါးရှိနေပြီး ယင်းအနက် အချို့မှာ မြေပြင်စစ်ဆေးမှုများပြုလုပ်အပြီး စည်းကမ်းမလိုက်နာသည့်အတွက် အရေးယူရန် စီစဉ်နေခြင်းဖြစ်သည်။

မိုးရာသီမို့ ကားဝယ်ရောင်းအများစုမှာလည်း အရောင်းအဝယ်အားနည်းသဖြင့် ကားများများ လက်ဝယ်မထားရှိကြခြင်းကြောင့် ကားဈေးကွက်မှာ ပုံမှန်ထက်ပို၍ တည်ငြိမ်လျက်ရှိကြောင်းသိရှိရပြီး "ဒီကာလမှာတော့ ပုံမှန်အရောင်းအဝယ်ဖြစ်တဲ့ကားက နည်းတယ်၊ အများစုက ပြိုင်ကားလို၊ တောင်တက်ကားလို ဘက်တွေကို လှည့်ကြတယ်၊ မိုးတွင်းမှာ ကားတွေကို ပြင်ဆင်ခြယ်သကြတယ်၊ ဒါမှလည်း ပစ္စည်းကြိုက်ရင် ဈေးက ခေါ်သလောက် ရနိုင်တာဖြစ်ပါတယ်၊ လက်ရှိကားဈေးကွက်မှာ ပုံမှန်ရှိနေတာကတော့ အင်ဂျင်ပါဝါနိမ့်ကားလေးတွေပေါ့၊ တစ်နေ့ကို သုံးစီးကနေ ငါးစီးလောက်အထိတော့ အရောင်းအဝယ် ဖြစ်နေပါတယ်၊ ဒါပေမယ့် ဈေးကတော့ ပုံမှန်အတိုင်း တန့်နေတယ်"ဟု ကိုကျော်ဇေယျာဝင်းကလည်း ပြောသည်။ ။

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Land Cruiser | 2013 | ယာယီ | 4600cc | အပြင်ဈေး | ၂၂၆၀ |
| CRV | 2012 | ရန်ကုန် | 2000cc | အပြင်ဈေး | ၅၅၀ |
| Kluger | 2006 | ရန်ကုန် | 2400cc | အပြင်ဈေး | ၃၈၀ |
| Honda Fit | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၈၀ |
| Insight | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၅၀ |
| Wish | 2012 | ရန်ကုန်/ စတီ | 1800cc | အပြင်ဈေး | ၄၉၀ |
| Vanguard | 2011 | နယ် | 2400 cc | အပြင်ဈေး | ၆၃၅ |
| Probox | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၁၅ |
| Alphard | 2005 | ရန်ကုန် | 3000 cc | အပြင်ဈေး | ၄၃၈ |
| Yaris | 2014 | နယ်/ စတီ | 1500cc | အပြင်ဈေး | ၃၃၅ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

> **ဒီကာလမှာတော့ ပုံမှန်အရောင်းအဝယ်ဖြစ်တဲ့ကားက နည်းတယ်၊ အများစုက ပြိုင်ကားလို၊ တောင်တက်ကားလို ဘက်တွေကို လှည့်ကြတယ်၊ မိုးတွင်းမှာ ကားတွေကို ပြင်ဆင်ခြယ်သကြတယ်၊ ဒါမှလည်း ပစ္စည်းကြိုက်ရင် ဈေးက ခေါ်သလောက် ရနိုင်တာဖြစ်ပါတယ်၊ လက်ရှိကားဈေးကွက်မှာ ပုံမှန်ရှိနေတာကတော့ အင်ဂျင်ပါဝါနိမ့်ကားလေးတွေပေါ့၊**
>
> **ကိုကျော်ဇေယျာဝင်း**

---

**အချပ်ပို (ဂ) မှ**

စက်မှုလုပ်ငန်း စက်ရုံတို့အတွက်လည်း ထည့်သွင်းစဉ်းစားပြီး သီးခြားနေရာများလျာထားသင့်ပါတယ်"လို့ ဆွေးနွေးတင်ပြသွားပါတယ်။

စက်မှုဇုန်နေရာများအဖြစ် လျာထားတာကတော့ ကွမ်းခြံကုန်းမြို့နယ်မှာရှိတဲ့ ဧရိယာ ၁၀၉၁ ဒသမ ၉၆ ဧက၊ ကော့မှူးမြို့နယ်မှာ ဧရိယာ ဧက ၁၀၀၀၊ တွံတေးမြို့နယ်မှာ ဧရိယာ ဧက ၈၅၀ ၊ သန်လျင်မြို့နယ်မှာ ဧရိယာ ၁၀၈၈ ဧက၊ ကျောက်တန်းမြို့နယ်မှာ ဧရိယာ ၁၀၅၁ ဒသမ ၃၆ ဧက၊ ခရမ်းမြို့နယ်မှာ ဧရိယာ ဧက ၁၀၀၀၊ သုံးခွမြို့နယ်မှာ ဧရိယာ ဧက ၁၈၇၁ နှင့် တိုက်ကြီးမြို့နယ်မှာ ဧရိယာ ဧက ၁၀၀၀၊ မှော်ဘီမြို့နယ်မှာ ဧရိယာ ဧက ၇၅၀၊ လှည်းကူးမြို့နယ်မှာဧရိယာ ဧက ၁၀၀၀ နှင့် ထန်းတပင်မြို့နယ်မှာ ဧရိယာ ဧက ၁၆၀၀ တို့ ဖြစ်တယ်လို့ သိရပါတယ်။

တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အစီရင်ခံစာ၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အပြုသဘောဆောင် ဝေဖန်၊ ဆွေးနွေး၊ ထောက်ပြပြောဆိုမှုတွေဟာ အနာဂတ်မှာ ပေါ်ပေါက်လာမယ့် ရန်ကုန်မြို့တော်ကြီးကို ပုံဖော်နေခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် မျှော်လင့်ခြင်းရောင်ခြည် အစပျိုးနေသော ရန်ကုန်ပတ်ဝန်းကျင်က စက်မှုဇုန်ဖော်ဆောင်ရာမှာ အစိုးရ၊ လွှတ်တော် အပါအဝင် မြို့တော်သူ မြို့တော်သား အပေါင်းတို့ဟာ တက်ညီလက်ညီနဲ့ တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာတဲ့ မြို့သစ်ကြီး တစ်မြို့အဖြစ် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း . . .။ ။

**အချက်ပို (ဂ)မှ**

ရန်ကုန်မြစ်အတွင်း သဲစုပ်စက်လှေအများစုမှာ သဲစုပ်လိုင်စင်မရှိသော စက်လှေက ပို၍များသောကြောင့် အားလုံး သဲစုပ်လိုင်စင်ကိုယ်စီဖြင့် လုပ်ကိုင်နိုင်ရန် သဲလှေလုပ်ငန်းရှင်များအသင်းက လိုလားနေခြင်းဖြစ်သည်။ သဲလှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လင်းက "သဲစုပ်တဲ့အခါမှာ ခွင့်ပြုတဲ့နေရာမှာ သဲစုပ်တာဟာ မြစ်ကြောင်းနဲ့ မြစ်ကူးတံတားတွေအတွက် အန္တရာယ်အကင်းဆုံးပဲ၊ ရွာမသောင်ဆိုရင် အောင်ဇေယျကြိုးတံတားနဲ့ ရွှေပြည်သာတံတား ကြားထဲမှာရှိတယ်၊ အောင်ဇေယျကြိုးတံတားနဲ့ ပိုနီးတာပေါ့၊ သဲစုပ်လိုင်စင်မရှိတဲ့သူက သဲရရင်ပြီးရောဆိုပြီး တံတားနားကပ်စုပ်နေရင် မြစ်ကူးတံတားအတွက် အန္တရာယ်ရှိနိုင်တယ်၊ သဲလှေလုပ်ငန်းရှင်များအသင်းနဲ့ တစ်ဦးချင်း ပုဂ္ဂလိကသဲစုပ်လိုင်စင်ဆောင်တာ ၁၅၀ ကျော်ပဲရှိမယ်၊ သဲစုပ်လိုင်စင်မရှိဘဲ စုပ်နေတာက အစီး ၁၅၀ နီးပါးရှိတယ်၊ မြစ်ကြောင်းမပျက်စီးအောင်နဲ့ ရေရှည်တည်တံ့အောင်၊ အခွန်ငွေရအောင်ဆိုရင် သဲစုပ်တာကို ကြပ်မတ်ဖို့လိုမယ်၊ သဲလှေလုပ်ငန်းရှင်များအသင်းနဲ့ တာဝန်ရှိသူတွေ ပူးပေါင်းဆောင်ရွက်ပြီး ရန်ကုန်မြစ်ကြီးကို ဝိုင်းဝန်းထိန်းသိမ်းဖို့လိုမယ်၊ လိုင်စင်မဲ့တွေကို စာရင်းကောက်ယူပြီး သဲစုပ်လိုင်စင်တွေ လုပ်ပေးမယ်ဆိုရင် အခွန်လည်းရ စိတ်လည်းအေးရတာပေါ့"ဟု ဆိုသည်။



လှိုင်မြစ်အတွင်းမှ သဲစုပ်စက်လှေတစ်စင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-သစ္စာ

ရန်ကုန်မြစ်အတွင်း သဲစုပ်လိုင်စင်မရှိသော စက်လှေများ သဲစုပ်မှုကြောင့် ဖမ်းဆီးခဲ့ရာ အဖမ်းခံရသည့် စက်လှေပါသွားသော ပိုင်ရှင်တစ်ဦးက "အရင်ကတော့ အစင်း ၅၀ ကျော်ရှိတာ အခုလုပ်ငန်းမကောင်းတော့ အစင်း ၃၀ နီးပါးပဲ ဝါးတစ်ရာသောင်မှာ သဲစုပ်ကြတယ်၊ ဒီအတိုင်းပဲ သဲစုပ်တာကြာပြီ၊ သဲစုပ်လိုင်စင်တော့မရှိဘူး၊ ကျွန်တော်တို့ မပေးနိုင်လို့ မဟုတ်ဘူး၊ လုပ်ငန်းရှင်တွေပဲ၊ ဒီနေရာဒီလောက်သဲစုပ်၊ ဘယ်လောက်ပေးဆိုရင် ပေးမှာပဲ၊ အဓိက လုပ်ငန်းအဆင်ပြေဖို့ပဲ လိုချင်တာ"ဟု ပြောကြားသည်။

လှိုင်မြစ်အတွင်း သဲစုပ်လိုင်စင်မရှိသော စက်လှေလုပ်ငန်းရှင်အချို့မှာ သဲစုပ်လိုင်စင်လုပ်ကိုင်လိုကြပြီး စက်လှေများ ဖမ်းဆီးမိပါက လုပ်ငန်း၏ ဝင်ငွေကို ထိခိုက်သောကြောင့် စိတ်အေးချမ်းသာစွာဖြင့် အလုပ်လုပ်ကိုင်လိုကြခြင်းဖြစ်သည်။ အချို့သော သဲစုပ်စက်လှေတို့မှာ သဲစုပ်လိုင်စင်မလုပ်လိုကြဘဲ စစ်ဆေးမှုနှင့် ကြုံတွေ့ပါက ညှိနှိုင်းဆောင်ရွက်မှုဖြင့် ပြီးဆုံးလိုကြသည်။ သို့ဖြစ်၍ ရန်ကုန်မြစ်နှင့် လှိုင်မြစ်အတွင်း အခွန်ရှောင်သော သဲစုပ်စက်လှေများကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးလိုင်စင်ယူ လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိမိတိုင်းဒေသကြီး ဖွံ့ဖြိုးရန် ပံ့ပိုးကူညီပေးရာရောက်သလို စီးပွားရေးလုပ်ငန်းများလည်း စိတ်အေးချမ်းစွာ လုပ်ကိုင်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။